# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၈)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (22-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၈၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြား

## အသိပညာ၊ အတတ်ပညာပြည့်စုံပြီး အတွေးအခေါ်မှန်ကန်ကောင်းမွန်သည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်မှသာလျှင် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်သည့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်မည်

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် **စာမျက်နှာ ၁၈ ကော်လံ ၁**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

# မြစ်ကြီးနား-မိုးညှင်း ရထားလမ်းပိုင်းတွင် အမှတ်(၄၉) အဆန်၊ အမှတ်(၅၀) အစုန် ရထားခရီးစဉ် စတင်ပြေးဆွဲ




မြစ်ကြီးနား-မိုးညှင်း ရထားလမ်းပိုင်းတွင် အမှတ်(၄၉) အဆန်၊ အမှတ်(၅၀) အစုန် ရထားခရီးစဉ် စတင်ပြေးဆွဲစဉ်။

**မြစ်ကြီးနား ဇူလိုင် ၂၁**

မြစ်ကြီးနား-မိုးညှင်း ရထားလမ်းပိုင်းတွင် အမှတ်(၄၉)အဆန် မိုးညှင်း-မြစ်ကြီးနားနှင့် အမှတ်(၅၀)အစုန် မြစ်ကြီးနား-မိုးညှင်းရထားခရီးစဉ်များကို ယနေ့ စတင်ပြေးဆွဲကြောင်း အဆိုပါရထားခရီးစဉ် တိုးချဲ့ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားမှ သိရသည်။

အဆိုပါရထားခရီးစဉ် တိုးချဲ့ပြေးဆွဲခြင်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားဘူတာ စင်္ကြံအမှတ်(၁)၌ ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ **စာမျက်နှာ ၂၃ ကော်လံ ၁**

# တွန်းဇံမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိ

**တွန်းဇံ ဇူလိုင် ၂၁**

ချင်းပြည်နယ် တွန်းဇံမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးရုံလျှပ်စစ်မီးရရှိရန် ရပ်မိရပ်ဖများနှင့် ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ တာဝန်ရှိသူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် ဆိုလာစနစ်(3.5 Kw)ကို တပ်ဆင်အသုံးပြုခြင်းဖြစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းက ဆိုလာစနစ် စနစ်တကျတပ်ဆင်အသုံးပြုမှု၊ ပြည်သူများ အေးချမ်းစွာဆေးရုံတက်ရောက်ကုသမှုအခြေအနေကို သွားရောက်ကြည့်ရှုအားပေးကာ ဆေးကုသမှုခံယူနေသော ပြည်သူများကို ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြို့နယ်(ပြန်/ဆက်)

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၁**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၂၉ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ **စာမျက်နှာ ၂၃ ကော်လံ ၄**

ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၂၂ ရက်
အယ်ဒီတာ့အာဘော်

## ပြည်တွင်းထုတ်စက်သုံးဆီ တိုးတက်ထုတ်လုပ်နိုင်ရေး ဝမ်းမြောက်အားပေး

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စွမ်းအင်ကဏ္ဍသည် အခြေခံအုတ်မြစ်တစ်ရပ် ဖြစ်ပေသည်။ စက်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်ရန် စက်သုံးဆီလုံလောက်စွာရရှိရေးသည် အရေးကြီးသည်။ ထို့ကြောင့် ပြည်တွင်းစက်သုံးဆီ ထုတ်လုပ်နိုင်စွမ်းကိုမြှင့်တင်ပြီး ပြည်ပတင်သွင်းမှုအပေါ် မှီခိုအားထားရမှုကို လျှော့ချနိုင်ရေးသည် နိုင်ငံ၏စွမ်းအင်လုံခြုံရေးအတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်လာသည်။

မြန်မာနိုင်ငံသည် ရေနံစိမ်းများ သဘာဝအတိုင်း အထိုက်အလျောက်ထွက်ရှိပြီး ရေနံချက်စက်ရုံများလည်းရှိသည်။ ရေနံစိမ်းကိုဝယ်ယူ၍ ကိုယ်တိုင်ချက်လုပ်နိုင်မည်ဆိုပါက ပြည်သူများအနေဖြင့် စက်သုံးဆီကို ပိုမိုချိုသာသောဈေးနှုန်းဖြင့် ဝယ်ယူခွင့်ရမည်ဖြစ်ပြီး ပြည်တွင်းစက်သုံးဆီဖူလုံနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်တွင်းစက်သုံးဆီ ဖူလုံမှုရှိစေရေးအတွက် ပြည်ပတင်သွင်းမှုကို လျှော့ချရန် စွမ်းအင်ဝန်ကြီးဌာန၏ စီမံချက်များဖြင့် ရေနံချက်စက်ရုံများ အဆင့်မြှင့်တင်ခြင်းစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

စွမ်းအင်ကဏ္ဍသည် နိုင်ငံတော်အတွက် အရေးကြီးပြီးအကျိုးရှိသည့် လုပ်ငန်းရပ်တစ်ခုဖြစ်သဖြင့် ရပ်နားထားခဲ့သည့် အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်)ကို နိုင်ငံတော်အစိုးရက တစ်နှစ်လျှင် တန်ချိန် ငါးသိန်းချက်လုပ်နိုင်သော Modular Type Refinery အဖြစ် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေး ရည်မှန်းချက်ဖြင့် ပြန်လည်အသက်သွင်းခဲ့သည်။ တစ်နှစ်လျှင် တန်ချိန် ငါးသိန်း ချက်လုပ်နိုင်သည့် ရေနံချက်စက်ရုံ Phase I ကို ယခုနှစ် စက်တင်ဘာလတွင် လည်ပတ်ထုတ်လုပ်နိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပြီး Phase II ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ Phase II ပြီးစီးပါက စက်ရုံ၏ ထုတ်လုပ်နိုင်စွမ်း ပိုမိုမြင့်မားလာကာ နိုင်ငံ၏ဓာတ်ဆီလိုအပ်ချက် ၆၀ ရာခိုင်နှုန်းနှင့် ဒီဇယ်ဆီလိုအပ်ချက် ၅၀ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ရည်မှန်းထားသည်။

ပြည်တွင်း၌ စက်သုံးဆီများကို လုံလောက်စွာထုတ်လုပ်နိုင်ပါက ပြည်သူများအတွက် စက်သုံးဆီရရှိမှု ပိုမိုတည်ငြိမ်လာမည်ဖြစ်သကဲ့သို့ ပြည်ပမှ စက်သုံးဆီတင်သွင်းရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေ သုံးစွဲမှု လျော့နည်းလာစေမည်ဖြစ်သည်။ ထို့ပြင် စက်ရုံလည်ပတ်လာသည်နှင့်အမျှ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာမည်ဖြစ်ကာ ဒေသစီးပွားရေးကိုလည်း အားဖြည့်ပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ပြည်တွင်း စက်သုံးဆီဖူလုံမှုသည် စွမ်းအင်လုံခြုံရေးကိုသာမက နိုင်ငံ့စီးပွားရေးတည်ငြိမ်မှု၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အတွက် နိုင်ငံတော်အစိုးရက ပြည်တွင်းစက်သုံးဆီ ဖူလုံရေးရည်မှန်းချက်ဖြင့် အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်) အောင်မြင်စွာလည်ပတ်နိုင်ရေး၊ ပြည်တွင်းထုတ် စက်သုံးဆီများ၏ အရည်အသွေးနှင့် ထုတ်လုပ်နိုင်စွမ်းတိုးတက်ရေး၊ ကုန်ကြမ်းရရှိမှုခိုင်မာရေးတို့ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်ကို ဝမ်းမြောက်စွာအားပေးပါကြောင်း ရေးသားအပ်ပါသည်။

## ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧက ၃၂၈၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧက ၃၂၈၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၆၇၇၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ဇူလိုင်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၃၂၈၀ ထိ ရိတ်သိမ်းပြီးစီးဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၁၃ တင်း ထွက်ရှိကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲတီစိမ်း ၆၇၇၅ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေကို ဇူလိုင်လကစပြီး ရိတ်သိမ်းနေပါတယ်။ လက်ရှိမှာ ဧက ၃၂၈၀ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်း အထွက်နှုန်းအနေနဲ့ တစ်ဧကကို ၁၉ ဒသမ ၁၃ တင်း ထွက်ရှိပါတယ်။ ပဲတီစိမ်းရိတ်သိမ်းတာနဲ့ ပတ်သက်ပြီး အထွက်နှုန်း လျော့နည်းမှုမဖြစ်အောင် အချိန်မီ စနစ်တကျ ရိတ်သိမ်းနိုင်ကြဖို့ တောင်သူတွေကို သီးနှံရိတ်သိမ်းနည်း အဆင့်ဆင့်ကို အသိပညာပေးတာတွေ ဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ပဲတီစိမ်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သီးနှံ အထွက်နှုန်း ကောင်းမွန်စေရန်၊ တိုးချဲ့စိုက်ပျိုးနိုင်ရန်၊ ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန် စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းသည် ဈေးကွက်ဝင် သီးနှံဖြစ်၍ အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံစေရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်၍ ဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပဲတီစိမ်းကို နှစ်စဉ် တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## မဟာအောင်မြေမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးခံရသူများကာကွယ်စောင့်ရှောက်ရေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြောပွဲနှင့် လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အမှတ် (၂၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်းက အမှာစကားပြောကြားပြီး လူကုန်ကူးခံရသူများ ယာယီလက်ခံ စောင့်ရှောက်ရေးဂေဟာ (မန္တလေး)မှ ဒုတိယဦးစီးမှူး ဒေါ်နှင်းဖြူအေးက လူကုန်ကူးခံရသူများကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကြောင်းအရာများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)မှ အကြီးတန်းစာရေး ဒေါ်လွဲ့လွဲ့ဝင်းက မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး အကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများအား ဟောပြောခဲ့ပြီးနောက် မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မူးယစ်ဆေးဝါးကို မသုံးစွဲသင့်ကြောင်း၊ သုံးစွဲမိလျှင် အသက်ဆုံးရှုံးသည်ထိ အန္တရာယ်ရှိကြောင်းတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ မဟာအောင်မြေမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်း၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုး၊ အမှတ် (၂၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမျိုးဆန်းလင်းနှင့်ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ဦးရေ ၁၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရွှေတိုး

## ဓနုဖြူမြို့နယ်မှ ဒေသထွက်ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဓနုဖြူ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ဒေသထွက် ကွမ်းရွက်များအရောင်းအဝယ် ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ ယခုနှစ် ဇူလိုင်လ ပထမပတ်မှ ယနေ့ထိ ဝယ်ယူအားကောင်းမွန်လာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက် ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ ကွမ်းရွက် တစ်ပိဿာကို ငွေကျပ် ၁၇၅၀၀ ထိဈေးပေါက်နေပါတယ်။ ဒေသထွက် ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေက ဝယ်ယူအားကောင်းနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က ကွမ်းရွက်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူတွေက ဒေသထွက် ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ဆောင်ပေးပါတယ်။ ဒေသထွက် ကွမ်းရွက်တွေကို အရောင်းအဝယ် လုပ်ရတာ အခက်အခဲမရှိ အဆင်ပြေပါတယ်"ဟု ဓနုဖြူမြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကွမ်းရွက်များကို အခြားဒေသများသို့ စနစ်တကျထုပ်ပိုးတင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါကွမ်းရွက်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် ကွမ်းရွက်စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူများ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင် အဆင်ပြေလာကြောင်း ဓနုဖြူမြို့နယ် ကွမ်းရွက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# မိတ္ထီလာမြို့နယ်၌ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဆေးမျိုးစုံအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ဆေးမျိုးစုံအရောင်းဆိုင်များကို ဇူလိုင် ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်စိမ်းစိမ်းထွေး ဦးဆောင်သော ဈေးကွက်စောင့်ကြည့်စစ်ဆေးရေးအဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ မြို့ပေါ်ရှိဆေးဆိုင်များကို ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့သည်။

အဆိုပါ ဈေးကွက်အတွင်း ရောင်းချနေသော ကုန်စည်များပေါ်တွင် မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ် မပါရှိသောဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများနှင့် တရားမဝင်ဆေးဝါးများ ရောင်းချမှုမရှိစေရေး၊ ဆရာဝန်ညွှန်ကြားချက်မလိုသော အိမ်သုံးဆေးဝါးများ ဈေးနှုန်းမြင့်တင်ရောင်းချမှု ရှိ၊ မရှိစသည်တို့ကို စစ်ဆေးခဲ့ပြီး စပ်ဆေးအသုံးပြုမှုလျှော့ပါးစေရေး၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်မရှိသော အရည်အသွေးနှင့် စံချိန်စံညွှန်းစစ်ဆေးမှုခံယူထားခြင်းမရှိသည့် အာမခံချက်မရှိသော တရားမဝင်ဆေးဝါးများ ရောင်းချခြင်းမပြုရန် အသိပညာပေး ဆွေးနွေးခဲ့ပြီး စားသုံးသူကာကွယ်ရေး ဥပဒေပါ စီးပွားရေး လုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များနှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်း စသည်တို့ကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၂၆ ဘီလမ်း၊ လမ်း ၈၀ x ၈၁ လမ်းကြားနေ ဦးကောင်း-ဒေါ်အောင်ကြည်သန်းတစ်ရာဆီစက်မိသားစုက ပဥ္စမအကြိမ်မြောက် ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၅၀ လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် ဘဏ္ဍာရေးဆပ်ကော်မတီအတွင်းဥက္ကဋ္ဌ ဦးစိုးလွင်တို့က လက်ခံရယူစဉ်။

# မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၅၈၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မြောင်းမြ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ရာသီ၌ စပါး ၃၄၅၈၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၂၁၉၆၄ ကေစိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၄၅၈၂၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စပါး ၃၄၅၈၂၄ ကေတွင် ဝါးခယ်မမြို့နယ်၌ ၁၇၆၈၀၈ ဧက၊ အိမ်မဲမြို့နယ်၌ ၈၇၈၁၇ ဧက၊ မြောင်းမြမြို့နယ်၌ ၈၁၁၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်းမြခရိုင် သုံးမြို့နယ်ဖြစ်တဲ့ မြောင်းမြမြို့နယ်၊ ဝါးခယ်မမြို့နယ်နဲ့ အိမ်မဲမြို့နယ်မှာ စပါး ၅၂၁၉၆၄ ဧက လျာထားစိုက်ပျိုးနေပါတယ်။ လက်ရှိ ခရိုင်တစ်ခုလုံးအနေနဲ့ စပါး ၃၄၅၈၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စပါးတွေ စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေး နည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်းမြခရိုင်တွင် စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများကိုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ဦးမြို့နယ် ဆယ်လံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆယ်လံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သဥ္ဇာအောင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆယ်လံကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၅၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း ညောင်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၀၀၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရွှေဘို ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၉၀၀၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၀၃၇၀ စိုက်ပျိုးရန်လျာထားပြီး မေလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၀၀၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မြေပဲဧက ၁၀၃၇၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၉၀၀၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုကို လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံမြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြေပဲစိုက်ပျိုးရာ၌ တစ်ကေလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ်ငွေကျပ်နှစ်သိန်းကျော်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)



# ပုဂံခေတ် ပိဋကတ်အလှူ

မောင်သာ(ရှေးဟောင်းသုတေသန)

ပုဂံကျောက်စာများအပါအဝင် ရှေးဟောင်းမြန်မာကျောက်စာအများစုသည် လှူဒါန်းမှုမှတ်တမ်းများဖြစ်ကြသည်။ ထိုကျောက်စာများကို ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်ထိ ဘုရင်နှင့်တော်ဝင်မိသားစုဝင်များ၊ သာမန်ပြည်သူများက မိမိတို့ပြုလုပ်သည့် ကောင်းမှုကုသိုလ် အလှူဒါနမှတ်တမ်းများအဖြစ် ရေးထိုးစိုက်ထူခဲ့ကြရာ နှောင်းခေတ်သုတေသီများက ထိုကျောက်စာများကိုလေ့လာကာ သမိုင်းပုံရိပ်များကို မှန်းဆနိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံတွင် နေထိုင်ကြသူများသည် ဗုဒ္ဓဘာသာကို ရှေးကာလများစွာကပင် ကိုးကွယ်ခဲ့ကြရာ ဗုဒ္ဓဘာသာဆိုင်ရာအထောက်အထားများကို ပျူခေတ်ကတည်းက တွေ့ရှိကြရသည်။ မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာသည်ပုဂံခေတ်မှစ၍ထွန်းကားကျယ်ပြန့်ခဲ့ရာ ယုံကြည်ကိုးကွယ်သူများ အလွန်များပြားသကဲ့သို့ ဗုဒ္ဓဘာသာဆိုင်ရာ လှူဒါန်းမှုများကို ကျောက်စာများတွင် အများအပြားတွေ့ရှိရသည်။

ပုဂံခေတ်ထိုးကျောက်စာများတွင် အများဆုံးတွေ့ရှိရသည့် လှူဒါန်းမှုများသည် ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်း၊ လယ်၊ မြေ၊ ဥယျာဉ်၊ ကျွန်နှင့် တိရစ္ဆာန် စသည်တို့ဖြစ်သည်။ လှူဒါန်းမှုတချို့တွင် ဗုဒ္ဓစာပေကျမ်းစာများဖြစ်သည့် ပိဋကတ်တော်များလည်း ပါဝင်ခဲ့သည်။

**ပုဂံခေတ် ဗုဒ္ဓဘာသာဆိုင်ရာအလှူ**

ပုဂံခေတ်ထိုး မြန်မာကျောက်စာများတွင် ဗုဒ္ဓဆင်းတုတော်အလှူကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်တစ်ခုဖြစ်သည့် ရာဇကုမာရ်ကျောက်စာတွင် ပထမဆုံး တွေ့ရှိရသည်။ ရာဇကုမာရ်ကျောက်စာကို သက္ကရာဇ် ၄၇၄ ခုနှစ်တွင် ရာဇကုမာရ်မင်းသားက ရေးထိုးခဲ့ရာ ကျောက်စာတွင် ကျန်စစ်သားမင်းကြီး သေအံ့မူးမူးအချိန်၌ ရွှေဆင်းတုတစ်ဆူကို ဘုရားသို့ မင်းကြီးကိုယ်တိုင် လှူဒါန်းစေခဲ့ကြောင်း ရေးထိုးထားသည်။

ထိုအကြောင်းခြင်းရာကို ရာဇကုမာရ်ကျောက်စာတွင် မြန်မာဘာသာဖြင့် ရေးထိုးထားသည့်မျက်နှာ၌ "ထိုမင်း အနှစ် နှစ်ဆယ်ရှစ်နှစ် မင်းမူပြီး၍ သေခမူနာသရောဝ်တည်း။ ထိုရာဇကုမာရ်မည်သော ပယ်မယားသား မိမိကိုမွေးသော မင်းကြီးကျေးဇူးကို အောက်မေ့ရကား ရွှေအတိသော ဘုရားသခင်အဆင်းပြု၍ နုပ်လေသရောတည်း ဤသို့ မိန့်၏။ ဤရွှေဘုရားကား ငါ့သခင်အဖို့ အတို့ကျွန်ပြုသောတည်း" ဟု ဖတ်ရှုရပေသည်။ (ပုဂံခေတ်သုံးစကားလုံး နုပ်သည် အပ်နှံသည်၊ ပေးအပ်သည်ဟု အဓိပ္ပာယ်ရသည်။) ထိုသို့ ရွှေဆင်းတုလှူဒါန်းမှုများကို ရာဇကုမာရ်ကျောက်စာနောက်ပိုင်းတွင် ရေးထိုးသည့် ကျောက်စာများတွင်လည်း တွေ့ရှိရသည်။

ပုဂံခေတ်တွင် ပိဋကသုံးပုံ လှူဒါန်းမှုမှတ်တမ်းကို နဘဲတောဘုရားကျောက်စာတွင် ပထမဆုံးတွေ့ရှိရသည်။ ထိုကျောက်စာကို ပုဂံ ထီးလိုမင်းလိုဘုရား အရှေ့တောင်ဘက်ရှိ နဘဲတောဘုရားစုအနီးတွင် တွေ့ရှိခဲ့ပြီး ယခုအခါတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ထိန်းသိမ်းထားသည်။

ထိုကျောက်စာတွင် အလှူရှင်တစ်ဦးက ရတနာသုံးပါးကိုရည်စူး၍ ပိဋကသုံးပုံနှင့် ဂူ၊ သံဃာ့အရံ၊ ပုထိုး၊ ကျွန်များလှူဒါန်းကြောင်း ရေးထိုးထားသည်။ နဘဲတောဘုရားကျောက်စာကို သက္ကရာဇ် ၄၇၄ ခုနှစ်၌ပင် ရေးထိုးခဲ့ရာ ရာဇကုမာရ်ကျောက်စာနှင့်တစ်နှစ်တည်းရေးထိုးသော ကျောက်စာဖြစ်သည်။ သို့သော် ကျောက်စာ နှစ်ချပ်စလုံးတွင် ရေးထိုးသည့် သက္ကရာဇ် သာပါရှိပြီး လအမည်ရေးထိုးမထားသဖြင့် မည်သည့်ကျောက်စာက စောကြောင်း မသိရှိရပေ။

ထိုကျောက်စာနှစ်ချပ်ကို ရေးထိုးချိန်သည် ကျန်စစ်သားမင်း နတ်ရွာစံချိန်နှင့် အလောင်းစည်သူမင်း နန်းတက်ချိန်ကာလဖြစ်သည်။ ထို့ကြောင့် ထိုအချိန်တွင် ပုဂံ၌ ဗုဒ္ဓကျမ်းစာ ပိဋကတ်စာပေ ထွန်းကားနေပြီဖြစ်ကြောင်း မှန်းဆနိုင်ပေသည်။

နဘဲတောကျောက်စာကိုရေးထိုးပြီး ၇၈ နှစ်အကြာ သက္ကရာဇ် ၅၅၂ ခုနှစ်တွင် ရေးထိုးသည့် အမတ်ကြီး သိင်္ဃသူကျောက်စာတွင် ပိဋကတ်လှူဒါန်းမှုကို ထပ်မံတွေ့ရှိရသည်။ ပုဂံခေတ်ကျောက်စာများတွင် ပိဋကတ်လှူသည့် မှတ်တမ်းများသည် အလွန်မများသော်လည်း နဘဲတောကျောက်စာအပါအဝင် ကျောက်စာ ၂၃ ချပ်တွင် ပိဋကတ်တော်လှူဒါန်းမှုကို တွေ့ရှိရသည်။

ပုဂံကျောက်စာများတွင် ပိဋကတ်လှူဒါန်းမှုကို နောက်ဆုံးတွေ့ရှိရသည့် ကျောက်စာသည် သက္ကရာဇ် ၆၄၂ ခုနှစ်တွင် ရေးထိုးသည့် တာမလိန်ကျောင်းကျောက်စာဖြစ်သည်။ ထိုကျောက်စာကို ပုဂံသီရိပစ္စယာနှင့် ဓမ္မရာဇိကဘုရားကြားရှိ တာမလိန်ကျောင်းရာများအနီးမှ ရရှိခဲ့သဖြင့် တာမလိန်ကျောင်းကျောက်စာဟု အမည်ပေးထားဟန်ရှိသည်။ လေးမျက်နှာရေးထိုးထားသည့် တာမလိန်ကျောင်းကျောက်စာကို ယခုအခါတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ထိန်းသိမ်းထားသည်။

တာမလိန်ကျောင်းကျောက်စာတွင် သက္ကရာဇ် ၆၃၉ ခုနှစ်၌ မြင်းခုန်တိုင်အရပ်၌ အလှူရှင် မြတ်ကြီးစွာက စေတီနှင့်ကျောင်းကို လှူဒါန်းကြောင်း ရေးထိုးထားသည်။ သက္ကရာဇ် ၆၄၀ ပြည့်နှစ်တွင် မြတ်ကြီးစွာက သခင်တာမလိန်အား ကုလားကျောင်းနှင့် ပိဋကတ်ကို လှူဒါန်းကြောင်းလည်း မှတ်တမ်းတင်ထားသည်။ တာမလိန်ကျောင်းကျောက်စာ ရေးထိုးချိန်သည် ပုဂံ၌ နရသီဟပတေ့မင်း (၁၂၅၆-၁၂၈၇) နန်းစံချိန်ဖြစ်သည်။

ပုဂံခေတ်တွင် သက္ကရာဇ် ၄၇၄ ခုနှစ်မှ သက္ကရာဇ် ၆၄၀ ပြည့်နှစ်ထိ ပိဋကတ်လှူဒါန်းမှုများရှိခဲ့ကြောင်း တွေ့ရှိရသည်။ ထိုသို့ လှူဒါန်းရာတွင် ပိဋကသုံးပုံစလုံးကို လှူဒါန်းသကဲ့သို့ သုတ်သီလက္ခန်ကျမ်း၊ ဝိသုဒ္ဓိမဂ်ကျမ်း၊ အဘိဓမ္မာကျမ်းစသည်ဖြင့် ပိဋကသုံးပုံတွင်ပါဝင်သည့် ကျမ်းများကို ထုတ်နုတ်လှူဒါန်းမှုကိုလည်းတွေ့ရှိရသည်။

> ❖ ပုဂံခေတ် ကျောက်စာများတွင် ပိဋကတ်လှူသည့် မှတ်တမ်းများသည် အလွန်မများသော်လည်း နဘဲတောကျောက်စာအပါအဝင် ကျောက်စာ ၂၃ ချပ်တွင် ပိဋကတ်တော်လှူဒါန်းမှုကို တွေ့ရှိရသည်။ ပုဂံကျောက်စာများတွင် ပိဋကတ်လှူဒါန်းမှုကို နောက်ဆုံးတွေ့ရှိရသည့်ကျောက်စာသည် သက္ကရာဇ် ၆၄၂ ခုနှစ်တွင် ရေးထိုးသည့် တာမလိန်ကျောင်းကျောက်စာဖြစ်သည်။ ထိုကျောက်စာကို ပုဂံသီရိပစ္စယာနှင့် ဓမ္မရာဇိကဘုရားကြားရှိ တာမလိန်ကျောင်းရာများအနီးမှ ရရှိခဲ့သဖြင့် တာမလိန်ကျောင်းကျောက်စာဟု အမည်ပေးထားဟန်ရှိသည်။ ❖

**ပိဋကသုံးပုံ**

ပါဠိဝေါဟာရ ပိဋကတ္တယ(ပိဋက)သည် တောင်းသို့မဟုတ် ခြင်းတောင်းဟု အဓိပ္ပာယ်ရသည်။ ပိဋကတော်များဟူသည်ကား ဗုဒ္ဓဘာသာကျမ်းစာများကို ရည်ညွှန်း၍ သုံးနှုန်းခြင်းဖြစ်ကြောင်း ပါဠိစာပေသမိုင်းစာအုပ်တွင် ရှင်းလင်းဖော်ပြထားသည်။ မြန်မာအဘိဓာန် အကျဉ်းချုပ် အတွဲ(၃)တွင် ပိဋကကို ဗုဒ္ဓ၏အဆုံးအမ ဒေသနာဟု အနက်ဖွင့်ဆိုသည်။

ပိဋကတ်ဟူသည့် စကားလုံးမှာမူ ပါဠိသက်မြန်မာဝေါဟာရဖြစ်၍ ပါဠိသက်ဝေါဟာရအဘိဓာန်တွင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသော ဘုရားဟော ပါဠိတော်သုံးစု၊ ပိဋကသုံးပုံဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

ဂေါတမဗုဒ္ဓသည် ခရစ်တော်မပေါ်မီ ၅၈၉ ခုနှစ် (589 BC) တွင် ဘုရားအဖြစ်ပွင့်ထွန်းခဲ့ပြီး ခရစ်တော်မပေါ်မီ ၅၄၄ ခုနှစ် (544 BC)တွင် ပရိနိဗ္ဗာန်စံခဲ့သည်။ ဘုရားရှင်သည် ၄၅ နှစ်တာကာလအတွင်း တရားဒေသနာများကို ဟောကြားတော်မူခဲ့သည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး သုံးလအကြာတွင် ကျင်းပပြုလုပ်သည့် ပထမသင်္ဂါယနာတင်ပွဲတွင် အရှင်ဥပါလိက ဝိနည်းတရားတော်များကို လည်းကောင်း၊ အရှင်အာနန္ဒာက သုတ္တန်နှင့် အဘိဓမ္မာတရားတော်ကို လည်းကောင်း တင်သွင်းခဲ့သည်။

၄၅ ဝါတိုင် ဘုရားရှင်ဟောကြားခဲ့သည့် တရားတော်များသည် အလွန်များပြားသဖြင့် အစုများဖွဲ့လျှင် ဝိနည်းပိဋကတ်တွင် ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ သုတ္တန်ပိဋကတ်တွင် ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ အဘိဓမ္မာပိဋကတ်တွင် ဓမ္မက္ခန္ဓာ ၄၂၀၀၀ ဖြစ်၍ စုစုပေါင်း ဓမ္မခန္ဓာ ၈၄၀၀၀ ဖြစ်သည်။ ၎င်းတရားတော်များကို နှုတ်ဖြင့်ရွတ်ဆိုပြီး ပထမသင်္ဂါယနာတင်ကာ သဘောတူရာအလိုက် အစုသုံးစုဖွဲ့ရာမှ သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟူသည့် ပိဋကသုံးပုံ ပေါ်ပေါက်လာခဲ့သည်။

ပိဋကသုံးပုံကို ဒုတိယသင်္ဂါယနာနှင့် တတိယသင်္ဂါယနာတွင်လည်း နှုတ်ဖြင့်ပင် ရွတ်ဆိုအတည်ပြု၍ သံဃာတော်များက နှုတ်ငုံဆောင်ကာ အဆင့်ဆင့် လက်ဆင့်ကမ်းခဲ့ကြသည်။ စတုတ္ထသင်္ဂါယနာတင်ပြီးချိန်တွင် ပိဋကတ်တော်များကို ပေထက်အက္ခရာတင်၍ ပဉ္စမသင်္ဂါယနာတွင် ကျောက်ထက်အက္ခရာတင်ခဲ့သဖြင့် ခိုင်မာသောမှတ်တမ်းများဖြစ်လာခဲ့သည်။ ဆဋ္ဌသင်္ဂါယနာတွင် ပိဋကတ်တော်များကို ပုံနှိပ်စာအုပ်များအဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

ခရစ်တော် မပေါ်မီ ၃၀၈ ခုနှစ်တွင် တတိယသင်္ဂါယနာတင်ခဲ့ပြီးနောက် ၁၃၅၂ နှစ်အကြာ ၁၀၄၄ ခုနှစ်တွင် ပုဂံ၌ အနော်ရထာမင်းနန်းတက်ခဲ့ကာ ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံတွင် ကျယ်ပြန့်စွာထွန်းကားခဲ့သည်။ ထိုအချိန်၌ ပုဂံတွင် စာအရေးအသားဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သဖြင့် ဗုဒ္ဓကျမ်းစာများကို လက်ရေးဖြင့် ရေးကူးခဲ့ကြမည်ဟု မှန်းဆရသည်။ ထို့ကြောင့် ဗုဒ္ဓပိဋကတ်လှူဒါန်းမှုများကို ကျောက်စာများတွင် တွေ့ရှိရခြင်းဖြစ်သည်။

**ကျောက်စာပေါ်က ပိဋကတ်စာပေများ**

ပုဂံကျောက်စာသုံးချပ်တွင် သုတ်သီလက္ခန်၊ ဝိသုဒ္ဓိမဂ်နှင့်အဘိဓမ္မာကျမ်းတို့ကို လှူဒါန်းကြောင်း ရေးထိုးထားသည်။ ကျောက်စာတစ်ချပ်တွင် ဒသဇာတ်ကို လှူဒါန်းကြောင်းတွေ့ရသည်။ သို့သော် ဒသဇာတ်သည် ဗုဒ္ဓပိဋကတ်စာပေနှင့် သက်ဆိုင်မှုမရှိချေ။

သက္ကရာဇ် ၅၉၄ ခုနှစ်တွင် ရေးထိုးသည့် သင်ကြီးငါဖုန်သင်ကျောက်စာတွင် ရေးထိုးထားသည့် အလှူပစ္စည်းစာရင်းတွင် သုတ်သီလက္ခန်စာဝါကျမ်းတစ်ခုဟု ပါရှိသည်။ ထိုကျောက်စာသည် စလေမြို့ဆားလယ်ရွာအနီးရှိ အိုးဖိုရွာ ကုမ္ဘန်ကုန်းပေါ်၌ရှိကြောင်း ရှေးဟောင်းမြန်မာကျောက်စာများ စာအုပ်တွင် ဖော်ပြထားသည်။

ထို့အတူ သက္ကရာဇ် ၅၉၈ ခုနှစ်တွင် ရေးထိုးသည့် သီရိမဟာဓမ္မရာဇာပဏ္ဍိတ်ကျောက်စာတွင် ဝိသုဒ္ဓိမဂ်တစ်ကျမ်း၊ သုတ်သီလက္ခန် တစ်ကျမ်းတို့ကို လှူဒါန်းကြောင်းရေးထိုးထားသည်။ သီရိမဟာဓမ္မရာဇာပဏ္ဍိတ် လှူဒါန်းသည့် ပိဋကတ်အလှူတွင် ထိုကျမ်းနှစ်ကျမ်းအပြင် မဇ္ဈိမပဏ္ဏာသကျမ်း၊ သုတ္တနိပါတ်ကျမ်း၊ မဟာဝင်၊ စတုတ္ထနိပါတ်၊ ဇာတက အဋ္ဌကထာနှင့် နိဗ္ဗာနသုတ်တို့လည်း ပါဝင်ကြောင်း တွေ့ရှိရသည်။ ထိုကျောက်စာကို ပုဂံ မြစည်းခုံကျောင်း၏ သိမ်အနောက်ဘက်မှရရှိခဲ့ပြီး ယခုအခါတွင် ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ထိန်းသိမ်းထားသည်။

သက္ကရာဇ် ၆၃၅ ခုနှစ်တွင် ရေးထိုးသည့် နက္ကပို့သားငါလတ်ကျောက်စာတွင် ဒသဇာတ် တစ်ကျမ်းနှင့် အဘိဓမ္မာ ၁၇ ကျမ်း လှူဒါန်းကြောင်း ရေးထိုးထားသည်။ ထိုကျောက်စာသည် ပြည်မြို့ စည်ကြီးဆွဲရပ် တောရမင်းကျောင်းဘုရား ကျောက်စာဂူ၌ ထိန်းသိမ်းထားသည်။

သုတ်သီလက္ခန်ကျမ်း (သီလက္ခန္ဓဝဂ်)သည် သုတ္တန္တပိဋကတ်တော်၊ ဒီဃနိကာယ်တွင်ပါရှိကာ သုတ် ၁၂ သုတ်ပါဝင်သည်။ ဝိသုဒ္ဓိမဂ်သည် သီဟိုဠ်ရဟန်းတော် ရှင်မဟာဗုဒ္ဓဃောသ ပြုစုသည့် အဋ္ဌကထာကျမ်းဖြစ်သည်။ အဘိဓမ္မာကျမ်းသည် ပိဋကသုံးပုံတွင် တစ်ပုံဖြစ်သည့် ကျမ်းဖြစ်၍ ကျမ်းခုနစ်ကျမ်း ပါဝင်သည်။

ပုဂံခေတ် ပိဋကတ်အလှူများသည် ပုဂံသားများ၏ ဗုဒ္ဓစာပေအပေါ် ယုံကြည်သက်ဝင်မှုကို ပေါ်လွင်စေခဲ့သည်။ ကျောက်စာများတွင်တွေ့ရှိရသည့် ပုဂံသားများ၏ ပိဋကတ်အလှူနှင့် ကျမ်းစာများသည် ဗုဒ္ဓဘာသာအပေါ် နက်နက်ရှိုင်းရှိုင်းယုံကြည်လျက် သာသနာကို အထူးသက်ဝင်ဆည်းကပ်ခဲ့ကြသည်ဟု ထင်ရှားခဲ့ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- ရှေးဟောင်းမြန်မာကျောက်စာများ ပထမတွဲနှင့် တတိယတွဲ(ဦးငြိမ်းမောင်)
- ပါဠိစာပေသမိုင်း(ဒေါ်အုန်း၊ မဟာဝိဇ္ဇာ)
- အနယ်နယ်အရပ်ရပ်မှ မြန်မာကျောက်စာ စာစုစာရင်း

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၆၀၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျွန်းလှ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၆၀၁၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၅၀၁၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၀၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ အစေ့ထုတ်ပြောင်း ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက် ပေးနေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းကိုအထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် အစေ့ထုတ်ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ လူငယ်စကားဝိုင်းကျင်းပ

**ညောင်ဦး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတ ... ဗလငါးတန်နှင့် ပြည့်စုံစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက ကျောင်းသား၊ ကျောင်းသူများ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍လူငယ်စကားဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာစိုး၊ ဒုတိယဦးစီးမှူး ဒေါ်ဇင်ယုခိုင်တို့က လူငယ်စကားဝိုင်းကို ဦးဆောင်ဆွေးနွေးပြီး မသီရိချိုဇင် (Grade –10) က လူငယ်နှင့်ပညာရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မပိုးအိလင်း (Grade – 9) က လူငယ်နှင့် Social Media ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ဉာဏ်ဘုန်းပြည့် (Grade –6 ) က လူငယ်နှင့်ပြင်ပစာပေခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြည့်စွက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဒီပါလင်း**

# လူထဲက လူ

\- လူထဲက လူ၊
ကိုယ့်နိုင်ငံ ချစ်မြတ်နိုး
ကြိုးစားသောသူ၊
ကိုယ့်တာဝန် ကိုယ်သာယူ
နိုင်ငံမှု လိုက်နာတတ်၊
ကိုယ့်နိုင်ငံ ပြည်အကျိုး
ထမ်းပိုးပေးဆပ်။

\- လူထဲက လူ၊
ကိုယ့်စာပေ စာစကား
တန်ဖိုးထားသူ၊
ခေတ်စနစ် နည်းနာမှု
တီထွင်ယူ အကွာရာများ၊
ကမ္ဘာကို ရင်ပေါင်တန်း
ကြိုးပမ်းစွန့်စား။

\- လူထဲက လူ၊
ဘုရားရှင် အရိပ်အောက်
လာရောက်ခိုသူ၊
စိတ်ထားလှ နှလုံးဖြူ
ဖေးမကူ ပရစိတ်မွေး၊
ပတ်ဝန်းကျင် ကောင်းကျိုး
သယ်ပိုးကာပေး။

\- ရောက်ရှိလာ လူ့ဘဝ
အနှစ်ရှာကြ တို့တစ်တွေ၊
ကိုယ့်နိုင်ငံ ချစ်မြတ်နိုး
သယ်ပိုးအတူလေ၊
ကိုယ့်စကား ကိုယ့်စာပေ
ထိန်းသိမ်းစေ မျိုးနွယ်များ၊
ကိုယ်ကကွယ် အစပြု
ထုဆစ်လှုပ်ရှား။ ။

ချစ်သက်(မြန်မာစာ)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# အီရန်စစ်ရေးပစ်မှတ်များကို ၁၀ ရက်မြောက်နေ့အဖြစ် အမေရိကန်တပ်မတော် ဆက်လက်တိုက်ခိုက်



ဝါရှင်တန် ဇူလိုင် ၂၂

အမေရိကန် တပ်မတော်သည် ဇူလိုင် ၂၀ ရက် ညပိုင်းတွင် အီရန် စစ်ရေးပစ်မှတ်များကို ၁၀ ရက် မြောက်နေ့အဖြစ် ဆက်လက် တိုက်ခိုက်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ငါးနာရီခန့် ကြာမြင့်ခဲ့သော အဆိုပါ စစ်ဆင်ရေးအတွင်း အီရန် စစ်ဌာနချုပ်များ၊ ဒုံးကျည်နှင့် မောင်းသူမဲ့ဒရုန်းယာဉ် ပစ်လွှတ်ရေးစခန်းများ၊ လေကြောင်းရန် ကာကွယ်ရေး စနစ်တို့ကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန် တပ်မတော် အလယ်ပိုင်းစစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းများအတွင်း သွားလာနေသည့်သင်္ဘောများကို အီရန်၏ ခြိမ်းခြောက်နိုင်စွမ်းလျှော့ချရေးအတွက် ဆက်လက်ကြိုးပမ်းမည်ဖြစ်ကြောင်း အမေရိကန် တပ်မတော် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အီရန်အစိုးရအနေဖြင့် ဆွေးနွေးမှုများ ပြန်လည်စတင်မှုမရှိခဲ့ပါက စစ်ရေးပစ်မှတ်များ စာရင်းတွင် အီရန်၏ လျှပ်စစ်ဓာတ်အားပေး စက်ရုံများနှင့် တံတားများကို ထပ်မံထည့်သွင်းမည် ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း သတိပေး ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ကနေဒါထုတ်ကုန်အများအပြားကို ၃၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ရန် သမ္မတဒေါ်နယ်ထရမ့် လက်မှတ်ရေးထိုး



ဝါရှင်တန် ဇူလိုင် ၂၂

ကနေဒါထုတ်ကုန်အများအပြား အပေါ် ၃၀ ရာခိုင်နှုန်းထိ အခွန်စည်းကြပ်ထားသော ညွှန်ကြားချက်တစ်ရပ်ကို အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ဇူလိုင် ၂၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏ အယ်လ်ကိုဟောလ်ထုတ်ကုန်များ၊ မော်တော်ယာဉ်ထုတ်ကုန်များ၊ နို့ထွက်ပစ္စည်း ထုတ်ကုန်များအပေါ် ကနေဒါ အစိုးရက ပိတ်ပင်နေကြောင်း ပြောကြားခဲ့ပြီးနောက် သမ္မတ ဒေါ်နယ်ထရမ့်က ကနေဒါထုတ်ကုန်အများအပြားကို ထပ်မံ၍ အခွန်စည်းကြပ်ခဲ့ခြင်းဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ ကနေဒါ ထုတ်ကုန်များအပေါ် အခွန်စည်းကြပ်မှု ညွှန်ကြားချက်သည် ရက် ၃၀ အတွင်း စတင် အာဏာသက်ဝင်မည်ဖြစ်သည်။

အဆိုပါ ကုန်သွယ်ခွန်စည်းကြပ်ရေးညွှန်ကြားချက်တွင် ကနေဒါ ထုတ်ဝိုင်အရက်များ၊ ဟော်ကီရိုက်တံများ၊ ဘီလပ်မြေထုတ်ကုန်များ အပါအဝင် ထုတ်ကုန်အများအပြား အကျုံးဝင်မည် ဖြစ်ကြောင်း အိမ်ဖြူတော် တာဝန်ရှိသူများက ပြောကြားထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကုန်သွယ်ခွန်စည်းကြပ်ရေး ခြိမ်းခြောက်မှုများကို ကန့်ကွက်သည့်အနေဖြင့် ကနေဒါ ပြည်နယ်အများစုသည် အမေရိကန် အယ်လ်ကိုဟောလ်ထုတ်ကုန်များဝယ်ယူမှုကို ရပ်တန့်ထားကြကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# အိန္ဒိယရေအားလျှပ်စစ်စီမံကိန်း ဥမင်တစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွား အလုပ်သမား ကိုးဦးသေဆုံးပြီး ၁၅ ဦး ပိတ်မိနေ

ဒေလီ ဇူလိုင် ၂၂

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ဆစ်ကင်းပြည်နယ် ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေသော ဥမင်တစ်ခု၌ ဓာတ်ငွေ့ ယိုစိမ့်မှုကြောင့် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဓာတ်ငွေ့ ယိုစိမ့်မှုကြောင့် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် အလုပ်သမား ၁၅ ဦး ပိတ်မိနေကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါဖြစ်စဉ်သည် နိုင်ငံပိုင် အင်န်အိတ်ချ်ပီစီ ကုမ္ပဏီက တီစတာမြစ်ပေါ်၌ တည်ရှိနေသော ရေအားလျှပ်စစ်စီမံကိန်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရေအားလျှပ်စစ်စီမံကိန်း ဥမင် ပေါက်ကွဲမှုသည် ဓာတ်ငွေ့ ပေါက်ကွဲမှုဖြစ်နိုင်ပြီး လက်ရှိတွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း အိန္ဒိယ တာဝန်ရှိသူများက ပြောကြားထားသည်။

ဓာတ်ငွေ့ယိုစိမ့်ပြီး ဥမင် ပေါက်ကွဲမှုကြောင့် အလုပ်သမား ကိုးဦးသေဆုံးခဲ့ပြီး ၁၅ ဦး ပိတ်မိနေကြောင်း အိန္ဒိယ တာဝန်ရှိသူများက ပြောကြားထားသည်။

ပိတ်မိနေသူများကို ကယ်ဆယ်နိုင်ရေးအတွက် ရှာဖွေရေးသမားများက ကြိုးပမ်းနေသော်လည်း ဥမင်လမ်းအတွင်း ဓာတ်ငွေ့များ ပြည့်နေမှုကြောင့် အခက်အခဲများ ရှိနေကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဆော်ဒီအာရေဗျနိုင်ငံကို ရေကြောင်းပိတ်ဆို့မှု ပြုလုပ်မည်ဟု ဟူသီသူပုန်အုပ်စု ကြေညာ

ရီယာ့ဒ် ဇူလိုင် ၂၂

ဆော်ဒီအာရေဗျ နိုင်ငံကို ရေကြောင်းပိတ်ဆို့မှု ပြုလုပ်မည် ဖြစ်ကြောင်း ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုက ဇူလိုင်၂၀ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေးပဋိပက္ခများ ပြင်းထန်လာချိန်တွင် ဆော်ဒီအာရေဗျနိုင်ငံကို ရေကြောင်းပိတ်ဆို့မှု ပြုလုပ်မည်ဖြစ်ကြောင်း ဟူသီသူပုန်အုပ်စုက ကြေညာခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ဟူသီသူပုန်အုပ်စု အနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံကို ရေကြောင်းပိတ်ဆို့မှုပြုလုပ်ခဲ့ပါက စစ်အင်အားဖြင့် ပြန်လည်တုံ့ပြန်မည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျ ဦးဆောင်သည့် ပင်လယ်ကွေ့ မဟာမိတ်အုပ်စုက သတိပေး ပြောကြားထားသည်။

ထို့ပြင် ဘက်အယ်လ်မင်ဒက် ရေလက်ကြားကို ဖြတ်သန်းနေသော သင်္ဘောများကို အကာအကွယ်ပေးရေးလုပ်ငန်း အစီအမံများလည်း စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း ပင်လယ်ကွေ့ မဟာမိတ်များက ပြောကြားထားသည်။

ပင်လယ်နီနှင့် အေဒင်ပင်လယ်ကွေ့တို့ကို ချိတ်ဆက်ပေးထားသော ဘက်အယ်လ်မင်ဒက် ရေလက်ကြားသည် ဟော်မုဇ် ရေလက်ကြားကို အီရန်က ပိတ်ဆို့ထားပြီးနောက် ဆော်ဒီအာရေဗျ ရေနံများ ပြည်ပတင်ပို့ရာ အဓိက ပို့ကုန်လမ်းကြောင်း ဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# တရုတ်ရေတပ်၏ ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှု သံတမန်နည်းလမ်းဖြင့် ကန့်ကွက်ထားကြောင်း ဂျပန်ပြောကြား

တိုကျို ဇူလိုင် ၂၂

ဂျပန်နိုင်ငံ၏ အထူးစီးပွားရေး ရေပြင်ဇုန်အတွင်း ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့မှုနှင့်ပတ်သက်၍ ဂျပန်အစိုးရက တရုတ်နိုင်ငံသို့ ကန့်ကွက်စာပေးပို့ထားကြောင်း ဂျပန်အစိုးရတာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

တရုတ်ရေတပ်မှ စစ်သင်္ဘောများသည် အဆိုပါ ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများကို ဂျပန်နိုင်ငံ အိုကီနိုတိုရီကျွန်း အနောက်တောင်ဘက် မိုင် ၁၁၀ ခန့် အကွာတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန်တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည့် အဆိုပါ ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုတွင် ရုရှား စစ်သင်္ဘောများလည်း ပါဝင်ခဲ့ကြောင်း ဂျပန်တပ်မတော်၏ အဆိုအရ သိရသည်။

အိုကီနိုတိုရီကျွန်းအနီး ဂျပန် အထူးစီးပွားရေးဇုန်အတွင်း တရုတ် စစ်သင်္ဘောများက ကျည်စစ်သုံး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်မှုနှင့်ပတ်သက်၍ ဂျပန်အစိုးရက တရုတ်နိုင်ငံကို သံတမန်ရေးအရ ကန့်ကွက်ထားကြောင်း ဂျပန် အစိုးရ ပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ပြောကြားထားသည်။



ဂျပန်အစိုးရ၏ အဆိုပါ ပြောကြားချက်နှင့် ပတ်သက်၍ တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

အိုကီနိုတိုရီကျွန်းသည် စင်စစ်အားဖြင့် ကျွန်းတစ်ကျွန်းမဟုတ်ဘဲ ကျောက်ဆောင်တစ်ခုသာဖြစ်ရာ ထိုကျောက်ဆောင်ပတ်လည် ရေပြင်ကို အထူးစီးပွားရေးဇုန်အဖြစ် ဂျပန်နိုင်ငံအနေဖြင့် အရေးဆိုခွင့် မရှိဟု တရုတ်နိုင်ငံက ငြင်းချက်ထုတ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက Starship ပုံစံ-၃ ဒုံးပျံ လွှတ်တင်မည့်ရက်ကို ထပ်မံရွှေ့ဆိုင်း



**ဝါရှင်တန် ဇူလိုင် ၂၁**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် Starship ပုံစံ-၃ ဒုံးပျံလွှတ်တင်မည့်အချိန်ကို ဇူလိုင် ၂၃ ရက်ထိ ထပ်မံရွှေ့ဆိုင်းလိုက်ကြောင်း ဇူလိုင် ၂၀ ရက် သတင်းများအရ သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် Starship ပုံစံ-၃ ဒုံးပျံလွှတ်တင်မည့်အချိန်ကို တတိယအကြိမ်မြောက် ထပ်မံရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် မူလ ဇူလိုင် ၁၆ ရက်တွင် Starship ပုံစံ-၃ ဒုံးပျံကို လွှတ်တင်ရန် ကြိုးစားခဲ့သော်လည်း ဒုံးအင်ဂျင်ပြဿနာတစ်ရပ်ကြောင့် ပစ်လွှတ်မည့်အချိန်ကို ဇူလိုင် ၂၁ ရက်သို့ ရွှေ့ဆိုင်းခဲ့ရသည်။

သို့ရာတွင် မလွှတ်တင်မီ ကြိုတင်စစ်ဆေးမှုများပြုလုပ်ရေးအတွက် Starship ပုံစံ-၃ ဒုံးပျံယာဉ် လွှတ်တင်မည့်ကာလကို ဇူလိုင် ၂၃ ရက်သို့ ထပ်မံရွှေ့ဆိုင်းလိုက်ကြောင်း စပေ့စ်အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ Starship မစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီ၏ ၁၃ ကြိမ်မြောက် Starship မစ်ရှင်ဖြစ်ပြီး တောင်တက္ကဆက်ဒေသ စတားဘေ့စ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ၂၀၂၃ ခုနှစ် ဧပြီလမှစ၍ Starship မစ်ရှင်များ ၁၂ ကြိမ်ထိ လွှတ်တင်ထားရာ နောက်ဆုံးမစ်ရှင်နှစ်ခုသာ အောင်မြင်မှု ရရှိထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## သက်နုကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်နေသော အလင်းအားလွန်စွာဖျော့သည့် ဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ


**ဘာလင် ဇူလိုင် ၂၁**

သက်နုကြယ်တစ်စင်းကိုဗဟိုပြုလှည့်ပတ်နေသော အလင်းအားလွန်စွာဖျော့တော့သည့် ဂြိုဟ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇူလိုင် ၂၀ ရက် သတင်းများအရ သိရသည်။

အဆိုပါဂြိုဟ်ကို စကော့တလန်သိပ္ပံပညာရှင်များနှင့် ဂျာမနီသိပ္ပံပညာရှင်များက တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရက်အနည်းငယ်ခြား၍ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၆၃ နှစ်အကွာတွင်တည်ရှိသည့် ဘီတာပစ်တိုရီးရစ်အမည်ရှိကြယ်ကို ဗဟိုပြုလှည့်ပတ်နေခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်သည် သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၂၀ မျှသာ



ရှိသေးသည့် ဘီတာပစ်တိုရီးရစ်ကြယ်ကို ၉၁ နှစ်လျှင် တစ်ကြိမ်ကျလှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဂြိုဟ်သည် ကမ္ဘာဂြိုဟ်မှတစ်ဆင့် တိုက်ရိုက်ဓာတ်ပုံရိုက်ကူးနိုင်ခဲ့သော ဂြိုဟ်များအနက် အလင်းအားအဖျော့တော့ဆုံးဂြိုဟ်ဖြစ်ကြောင်း ဂျာမနီသိပ္ပံပညာရှင်များက ပြောကြားသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များအနေဖြင့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်ပေါင်း ၆၀၀၀ ကျော်ကို ရှာဖွေအတည်ပြုနိုင်ခဲ့သော်လည်း စင်းရေ ၁၀၀ မျှကိုသာ ကမ္ဘာမြေမှတစ်ဆင့် တိုက်ရိုက်ဓာတ်ပုံ ရိုက်ကူးထားနိုင်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ တီယန်ဝန်-၁ အာကာသယာဉ် 31/ATLAS ကြယ်တံခွန်ကို ဓာတ်ပုံရိုက်ကူးလေ့လာနိုင်ခဲ့

**ပေကျင်း ဇူလိုင် ၂၁**

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ တီယန်ဝန်-၁ အာကာသယာဉ်သည် 31/ATLAS ကြယ်တံခွန်ကို ဓာတ်ပုံရိုက်ကူး လေ့လာနိုင်ခဲ့ကြောင်း ဇူလိုင် ၂၀ ရက် သတင်းများအရ သိရသည်။

တီယန်ဝန်-၁ အာကာသယာဉ်သည် အင်္ဂါဂြိုဟ်ကို 31/ATLAS ကြယ်တံခွန်ဖြတ်ကျော်ပျံသန်းနေချိန်တွင် ဓာတ်ပုံရိုက်ကူးလေ့လာနိုင်ခဲ့ခြင်းဖြစ်သည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏အဆိုအရ တီယန်ဝန်-၁ အာကာသယာဉ်သည် ပုံရိပ်အရည်အသွေးမြင့် ကင်မရာစနစ်ဖြင့် 31/ATLAS ကြယ်တံခွန်ကို မိုင်ပေါင်း ၁၈ ဒသမ ၆ သန်းအကွာမှတစ်ဆင့် ဓာတ်ပုံများ ရိုက်ကူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

တီယန်ဝန်-၁ အာကာသယာဉ်ရိုက်ကူးခဲ့သည့် ဓာတ်ပုံများထဲတွင် 31/ATLAS ကြယ်တံခွန်၏ အမြီးတန်းနှင့် ကြယ်တံခွန်မှ ထုတ်လွှတ်နေသော ဓာတ်ငွေ့လွှာကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

31/ATLAS ကြယ်တံခွန်အင်္ဂါဂြိုဟ်ကို အနီးကပ်ဖြတ်ကျော်ပျံသန်းစဉ် ဥရောပအာကာသအေဂျင်စီ၏ မားစ်အိတ်စပရက်အာကာသယာဉ်ကလည်း ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သော 31/ATLAS ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းသို့ ဝင်ရောက်လာသည့် တတိယမြောက် ကြယ်တာရာဟင်းလင်းပြင်ဖြတ်အာကာသဒြပ်ထည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## Focal Therapy ခေါ် ဆီးကျိတ်ကင်ဆာကုထုံးက ပုံမှန်ကုထုံးများထက် ဘေးထွက်ဆိုးကျိုးပိုနည်း

**လန်ဒန် ဇူလိုင် ၂၁**

ခါတ်ရောင်ခြည်ကုထုံးနှင့် ခွဲစိတ်ကုသမှုများကဲ့သို့ ထိရောက်မှုရှိသော်လည်း ဘေးထွက်ဆိုးကျိုးနည်းပါးသည့် ဆီးကျိတ်ကင်ဆာကုထုံးတစ်မျိုးကို သုတေသနပညာရှင်များက စမ်းသပ်နေကြောင်း ဇူလိုင် ၂၀ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Focal Therapy အမည်ရှိ အဆိုပါကုထုံးသည် ကင်ဆာရှိနေသော ဆီးကျိတ်နေရာများကို အဓိကထားကုသပေးပြီး ဆီးကျိတ်ဝန်းကျင်ရှိ ကျန်းမာသည့်တစ်ရှူးများကို ထိခိုက်နိုင်ခြင်းမရှိကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

Focal Therapy ကုထုံးသည် ဆီးကျိတ် ကင်ဆာဆဲလ်များကို အားကောင်းသည့် အာထရာဆောင်းအပူလှိုင်းများပေးခြင်းဖြင့်လည်းကောင်း၊ အအေးဓာတ်ပေးခြင်းဖြင့်လည်းကောင်း ဖျက်ဆီးပေးသည့် ကုထုံးတစ်မျိုးဖြစ်ကြောင်း သိရသည်။

လက်တွေ့စမ်းသပ်ကုသမှုများမှ ပေါ်ထွက်လာသည့်ရလဒ်များအရ Focal Therapy ကုထုံးသည် ဆီးကျိတ်ကင်ဆာကို ကုသရာတွင် ဓာတ်ရောင်ခြည်ကုထုံးနှင့် ခွဲစိတ်ကုသမှုများကဲ့သို့ပင် ထိရောက်မှုရှိသော်လည်း ဘေးထွက်ဆိုးကျိုးပိုနည်းပါးကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဆီးကျိတ်ကင်ဆာရောဂါကို ကုသရာတွင် အသုံးပြုသည့် ပုံမှန်ကုထုံးများကြောင့် ဆီးမထိန်းနိုင်မှုပြဿနာ၊ ပန်းသေပန်းညှိုးပြဿနာကဲ့သို့ ရေရှည်ဘေးထွက်ဆိုးကျိုးများ ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

သို့ရာတွင် Focal Therapy ကုထုံးသည် ပုံမှန်ဆီးကျိတ်ကင်ဆာကုထုံးများနှင့်နှိုင်းယှဉ်ပါက ဘေးထွက်ဆိုးကျိုးများပေါ်လာနိုင်ခြေ ငါးဆပိုနည်းပါးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အဝလွန်သူများ တစ်ရက်လျှင် ထောပတ်သီးတစ်လုံး ပုံမှန်စားခြင်းဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေလျှော့ချနိုင်

**နယူးယောက် ဇူလိုင် ၂၁**

အဝလွန်သူများ တစ်ရက်လျှင် ထောပတ်သီးတစ်လုံး ပုံမှန်စားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇူလိုင် ၂၀ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ထောပတ်သီးပုံမှန်စားသုံးမှုသည် သွေးအတွင်း သိပ်သည်းဆနည်း လစ်ပိုပရိုတင်း (LDL)များ စုစည်းမှုအဆင့်ကို လျှော့ချပေးနိုင်ပြီး အဝလွန်သူများတွင် နှလုံးရောဂါဖြစ်နိုင်ခြေကို လေးရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း သိရသည်။

သွေးကြောများအတွင်း အဆီဓာတ်စုစည်းမှုကြောင့် နှလုံးမှာ ပုံမှန်ထက် အလုပ်ပိုလုပ်ရတတ်ပြီး သွေးဖိအားမြင့်တက်လာတတ်ရာ နှလုံးကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်ကြောင်း သိရသည်။

သုတေသနပညာရှင်များ လေ့လာတွေ့ရှိချက်အရ (LDL) ပရိုတင်းအမှုန့်များသည် သွေးကြောနံရံများကို ဖောက်ထွက်နိုင်ပြီး သွေးကြောများအတွင်း အဆီဓာတ်စုစည်းမှုကို အားပေးလှုံ့ဆော်တတ်သည်။

ယခင်ပြုလုပ်ခဲ့သော လေ့လာချက်များတွင်လည်း ထောပတ်သီးပုံမှန်စားသုံးမှုသည် အိပ်စက်နိုင်စွမ်းနှင့် အစာချေဖျက်နိုင်စွမ်းကို မြှင့်တင်နိုင်ကြောင်း ဖော်ထုတ်တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျပန်နိုင်ငံက ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများတီထွင်ရန် ဂျာမနီ Quantum Systems ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့



ဂျပန်နိုင်ငံသည် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများ တီထွင်ရန်နှင့် အကဲဖြတ်စမ်းသပ်ရန်အတွက် ဂျာမနီနိုင်ငံ ကာကွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သော Quantum Systems နှင့် စာချုပ်ချုပ်ဆိုလိုက်ကြောင်း The Drone Front သတင်းဌာနက ဇူလိုင် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လုပ်ငန်းစဉ်သည် ဂျပန်စစ်ဘက်ဆိုင်ရာ ဝယ်ယူရေး၊ နည်းပညာနှင့် ထောက်ပံ့ပို့ဆောင်ရေးအေဂျင်စီ (ATLA)၏ ဒရုန်းကာကွယ်ရေးတစ်စိတ်တစ်ပိုင်းဖြစ်ပြီး ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့များအတွက် အဆင့်မြင့်ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများ တီထွင်ရန်နှင့် အခြားဒရုန်းရန် ကာကွယ်ရေးနည်းပညာများကို စမ်းသပ်မှု၊ လက်တွေ့တပ်ဆင်အသုံးပြုမှု အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

Quantum Systems ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ ၎င်းတို့ကိုရွေးချယ်ခံရခြင်းသည် ခေတ်မီဒရုန်းတန်ပြန်တိုက်ခိုက်ရေးလက်နက်စနစ်များအပေါ် ကမ္ဘာ့တစ်ဝန်းတောင်းဆိုမှု မြင့်တက်လာမှုကို ပေါ်လွင်စေသည့်အပြင် အင်ဒို-ပစိဖိတ်ဒေသတစ်ခွင် ကုမ္ပဏီ၏ ကာကွယ်ရေးမိတ်ဖက်ဆက်ဆံရေးများကိုလည်း ပိုမိုကျယ်ပြန့်လာစေကြောင်း သိရသည်။

ဂျာမနီ Quantum Systems ကုမ္ပဏီ၏ အဓိကငွေကြေးဆိုင်ရာ အရာရှိဖြစ်သူ မာတင်ကားကူးရ်က "ATLA အေဂျင်စီက ကျွန်တော်တို့ကို ရွေးချယ်တာဟာ အပြန်အလှန်ချိတ်ဆက်အသုံးပြုနိုင်တဲ့ ဒရုန်းရန်ကာကွယ်ရေး စွမ်းဆောင်ရည်တွေအပေါ် နိုင်ငံတကာရဲ့တောင်းဆိုချက်မြင့်တက်လာတာကို ထင်ဟပ်ဖော်ပြနေပါတယ်"ဟု ပြောကြားခဲ့သည်။

"အခုအစီအစဉ်မှာ ပါဝင်ခွင့်ရတာဟာ ကျွန်တော်တို့ရဲ့လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကျွမ်းကျင်မှုတွေကို ပါဝင်စမ်းသပ်သရုပ်ပြသနိုင်မဲ့အပြင် စက်မှုလုပ်ငန်းနဲ့ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း ရေရှည်တည်တံ့စွာ လုပ်ဆောင်နိုင်အောင် ပိုမိုနက်ရှိုင်းစေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

Quantum Systems ကုမ္ပဏီ၏ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်များထဲတွင် Shahed ကာမီကာဇီတိုက်ခိုက်ရေးဒရုန်းများအပါအဝင် မြန်နှုန်းမြင့်ပြီး လျင်မြန်စွာ ကွေ့ကောက်ပျံသန်းနိုင်သည့် ဒရုန်းများကို တန်ပြန်ချေမှုန်းရန် ဒီဇိုင်းဆွဲထားသည့် အလျင်နှုန်းမြင့်မားသော ကြားဖြတ်တိုက်ခိုက်ရေးဒရုန်း STRILA လည်း ပါဝင်သည်။ ထို့ပြင် ၎င်းတို့သည် ဒရုန်းရန်ကာကွယ်ရေးနှင့် နယ်စပ်လုံခြုံရေးမစ်ရှင်များအတွက် ရည်ရွယ်တည်ဆောက်ထားပြီး အော်ပရေတာဖြင့် မောင်းနှင်နိုင်သကဲ့သို့ အလိုအလျောက်လည်း မောင်းနှင်နိုင်သည့် PULSE P19 ဒရုန်းစနစ်ကိုလည်း မကြာသေးမီက မိတ်ဆက်ပေးခဲ့သည်။ Quantum Systems ကုမ္ပဏီသည် တစ်ဦးချင်း အလွယ်တကူ သယ်ဆောင်တိုက်ပွဲဝင်နိုင်သည့် ဒရုန်းများ ထုတ်လုပ်ပေးနေသည့်အပြင် စစ်ဘက်သုံးရဟတ်ယာဉ်များတွင် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းများကို ချိတ်ဆက်တပ်ဆင်နိုင်ရန် Airbus Helicopters ကုမ္ပဏီနှင့်လည်းကောင်း၊ အလိုအလျောက် ဒရုန်းကာကွယ်ရေးအတွက် အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် အချက်ပြ ထောက်လှမ်းရေးစွမ်းရည်များကို တိုးချဲ့ရန် Rohde & Schwarz ကုမ္ပဏီနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Japan Taps Quantum Systems to Develop Drone Killers** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန် Anduril ကုမ္ပဏီက Thunder မောင်းသူမဲ့တိုက်ခိုက်ရေးရဟတ်ယာဉ်ကို တီထွင်ထုတ်လုပ်


အမေရိကန်ကာကွယ်ရေးနည်းပညာကုမ္ပဏီ Anduril သည် Apache ကဲ့သို့သော တိုက်ခိုက်ရေးရဟတ်ယာဉ်များနှင့် အတူ တွဲဖက်ပျံသန်းနိုင်ရန် ဒီဇိုင်းဆွဲထားသည့် Thunder အမည်ရှိ မောင်းသူမဲ့တိုက်ခိုက်ရေးရဟတ်ယာဉ်ကို တီထွင်ထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း Defence Blog သတင်းဌာနက ဇူလိုင် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုကဲ့သို့တီထွင်ထုတ်လုပ်ခြင်းသည် ဈေးသက်သာသော ဒရုန်းများ၊ ကာမီကာဇီဒရုန်းများဖြင့် အဆက်မပြတ် ထောက်လှမ်းရေးစနစ်များကြောင့် ရှေ့တန်းစစ်မျက်နှာအနီးတွင် တာဝန်ထမ်းဆောင်နေရသည့် တိုက်ခိုက်ရေးရဟတ်ယာဉ်များအတွက် အန္တရာယ်ကြီးမားလာမှုကို အစားထိုး ဖြည့်ဆည်းပေးသွားနိုင်လိမ့်မည်ဖြစ်သည်။

တိုက်ခိုက်ရေးရဟတ်ယာဉ်များသည် တင့်ကားများထက်ပစ်အားဖြင့် စစ်ကူပစ်ကူပေးရာတွင် လျင်မြန်စွာ လုပ်ဆောင်နိုင်သည်။ ခြေလျင်စစ်သည်များအနေဖြင့် လက်လှမ်းမမီနိုင်သော ပစ်မှတ်များကို တိုက်ခိုက်နိုင်သဖြင့် မြေပြင်စစ်ဆင်ရေး၏ ပင်မပစ်ကူပေးအင်အားစုအဖြစ် ယခင်ကတည်းက အရေးပါခဲ့ပြီးဖြစ်သည်။ သို့သော် ရုရှား-ယူကရိန်းအရေးအခင်းတွင် ပခုံးထမ်းဒုံးကျည်များ၊ ကာမီကာဇီဒရုန်းများနှင့် ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိသော လေယာဉ်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် လိုက်လံပစ်ချနိုင်သည့် FPV ဒရုန်းများ ပေါင်းစပ်တိုက်ခိုက်မှုကြောင့် နှစ်ဖက်စလုံးက ရဟတ်ယာဉ်ဒါဇင်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည်။

ရဟတ်ယာဉ်များ ပျံသန်းလေ့ရှိသည့် မြေပြင်နှင့် အနီးစပ်ဆုံး လေကြောင်းပိုင်နက်သည် ယခုအခါစက်ရုပ်များ တစ်နည်းအားဖြင့် ဒရုန်းများ၊ မောင်းသူမဲ့လေယာဉ်များ အစုလိုက်အပြုံလိုက် တိုက်ပွဲဝင်ရာနေရာဖြစ်လာနေပြီဖြစ်ကြောင်း၊ ထိုနေရာတွင် အမြန်နှုန်းနှင့် ပစ်အားသက်သက်ဖြင့်သာ လေယာဉ်မောင်းသူများ၏ အသက်ရှင်ရပ်တည်နိုင်စွမ်းကို အာမခံချက်မပေးနိုင်တော့ပေ။

Thunder မောင်းသူမဲ့တိုက်ခိုက်ရေးရဟတ်ယာဉ်ကို ပင်တဂွန်စစ်ဌာနချုပ်၏ သတ်မှတ်ချက် အရ အလေးချိန် ပေါင် ၁၃၂၀ ကျော်ရှိသည့် Group 5 အုပ်စုဝင် မောင်းသူမဲ့လေယာဉ်စနစ်အဖြစ် သတ်မှတ်ထားရာ ယူကရိန်းပဋိပက္ခမှ သေးငယ်သော ကာဗက်စကုပ်ဒရုန်းများထက် စစ်ဘက်သုံးအကြီးစား ထောက်လှမ်းရေးနှင့် တိုက်ခိုက်ရေးဒရုန်းများနှင့် အလေးချိန်ချင်းတူညီနေသည်။ လူပါတိုက်ခိုက်ရေးရဟတ်ယာဉ်များ၏ နေရာကို တိုက်ရိုက်အစားထိုးခြင်းထက် ၎င်းတို့နှင့် အတူ လက်တွဲလုပ်ဆောင်ရန် Anduril ကုမ္ပဏီက ဒီဇိုင်းဆွဲထားခြင်းဖြစ်ပြီး ယုံကြည်စိတ်ချရသော အစောင့်လိုက်လေယာဉ်ဟု တင်စားခေါ်ဆိုထားသည်။



ဤမောင်းသူမဲ့တိုက်ခိုက်ရေးရဟတ်ယာဉ်သည် တိုက်ခိုက်ရေးတာဝန်များ ခွဲဝေထမ်းဆောင်နိုင်ခြင်း၊ အန္တရာယ်အရှိဆုံးမစ်ရှင်များကို တာဝန်ယူပေးခြင်းဖြင့် လေယာဉ်မှူးများ အသက်အန္တရာယ်ကင်းဝေးစေမည်ဖြစ်သည်။

Thunder မောင်းသူမဲ့တိုက်ခိုက်ရေးရဟတ်ယာဉ်ကို ဆင်းသက်ချိန်နှင့်ပျံတက်ချိန်များတွင် ရဟတ်ယာဉ်များကဲ့သို့ ဒေါင်လိုက်အနေအထားဖြင့် ပျံတက်နိုင်မည်ဖြစ်ပြီး သာမန်ပျံသန်းချိန်များတွင် ပုံမှန်လေယာဉ်ကဲ့သို့ ပျံသန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဤပေါင်းစပ်ဒီဇိုင်းကြောင့် Thunder မောင်းသူမဲ့ တိုက်ခိုက်ရေးရဟတ်ယာဉ်သည် လေယာဉ်ကွင်းမလိုအပ်ဘဲ မည်သည့်နေရာမှမဆို ဒေါင်လိုက်တက်ဆင်းနိုင်စွမ်းရှိကာ သမားရိုးကျရဟတ်ယာဉ်များထက် ခရီးဝေးထိ ပျံသန်းစစ်ဆင်နိုင်မည်ဖြစ်သည်။

စစ်မြေပြင်တွင် ရေရှည်အသုံးချနိုင်ရန် Series Hybrid-Electric စွမ်းအင်စနစ်ဖြင့် မောင်းနှင်မည်ဖြစ်ပြီး Anduril ၏ Optimum-Speed Tiltrotor နည်းပညာက ပျံသန်းမှုအဆင့် အမျိုးမျိုးအလိုက် ပန်ကာအမြန်နှုန်းကို အလိုအလျောက် ချိန်ညှိပေးနိုင်သည်။ ဤသို့ချိန်ညှိပေးခြင်းဖြင့် ခရီးနှင်ပျံသန်းစဉ် ဆီစားသက်သာစေရုံသာမက ရဟတ်ယာဉ်များ အလွယ်တကူ ထောက်လှမ်းခံရစေသည့် အနိမ့်မှချဉ်းကပ်ပျံသန်းချိန်များတွင် လေယာဉ်၏ ဆူညံသံထွက်ရှိမှုကို သိသိသာသာ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Anduril develops unmanned attack helicopter** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ကနေဒါနိုင်ငံ အွန်တာရီယိုပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုများပြင်းထန်နေပြီး တောမီးကြောင့် သစ်တောဧရိယာပျက်စီးဆုံးရှုံးမှု မြင့်တက်လာ



**အော့တဝါ ဇူလိုင် ၂၁**

ကနေဒါနိုင်ငံ အွန်တာရီယိုပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုများ ဆက်လက်ပြင်းထန်နေပြီး တောမီးကြောင့် သီတင်းပတ်ကုန်က သစ်တောဧရိယာ ဟက်တာ ၆၅၀၀၀၀ လောင်ကျွမ်းပျက်စီးခဲ့ရာမှ ယခုအခါ ဟက်တာ ၇၃၅၀၀၀ ထိ ပျက်စီးဆုံးရှုံးမှုမြင့်တက်လာခဲ့ကြောင်း အွန်တာရီယိုပြည်နယ် ဝန်ကြီးချုပ် ဒေါ့ဂ်ဖို့ဒ်က ယနေ့တွင် ပြောကြားသည်။

ဝန်ကြီးချုပ်ဖို့ဒ်၏ ပြောကြားချက်အရ ပြည်နယ်အတွင်း လက်ရှိတောမီးသည် နေရာပေါင်း ၁၉၀ တွင် လောင်ကျွမ်းနေပြီး အွန်တာရီယို အနောက်မြောက်ပိုင်းရှိ အန္တရာယ်ရှိဒေသများမှ ဒေသခံဦးရေ ၁၈၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။

အဆိုပါ တောမီးလောင်ကျွမ်းမှုများမှ ထွက်ရှိသည့် မီးခိုးများကြောင့် ပြီးခဲ့သည့် သီတင်းပတ်အတွင်း တိုရွန်တိုမြို့၏ လေထုအရည်အသွေးမှာ ကမ္ဘာ့အဆိုးရွားဆုံး လေထုညစ်ညမ်းသည့်မြို့များထဲမှ တစ်မြို့အဖြစ် သတ်မှတ်ခံခဲ့ရပြီး မီးခိုးများသည် အမေရိကန်နိုင်ငံ နယူးယောက်နှင့် ဝါရှင်တန်မြို့တို့ထိ ပျံ့နှံ့ရောက်ရှိခဲ့သည်။

တောမီးမှာ ဝင်ရောက်ငြိမ်းသတ်ရန်ခက်ခဲသည့် တောတောင်ဒေသများတွင် အဓိကဖြစ်ပွားနေသဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# ရိုမေးနီးယားနိုင်ငံ ဘူစတန်နီမြို့တွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေ

**ဘူခါရက် ဇူလိုင် ၂၁**

ရိုမေးနီးယားနိုင်ငံ ဘူစတန်နီမြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ရေကြီးရေလျှံမှုဖြစ်ပွားကာ လူနေအိမ်ခြေတချို့ ရေလွှမ်းသွားခဲ့ပြီး မော်တော်ယာဉ်များပျက်စီးခဲ့ကာ ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဇူလိုင် ၁၉ ရက်မှ စတင်၍ မိုးသည်းထန်စွာရွာသွန်းကာ ၂၄ နာရီအတွင်း ရေကြီးရေလျှံမှုစတင်ခဲ့ခြင်းဖြစ်ပြီး တောင်ကျရေများကြောင့် လူနေအိမ်ခြေတချို့တွင် ရပ်နားထားသည့် မော်တော်ယာဉ်များ ရေစီးနှင့်အတူမျောပါသွားခဲ့ကြောင်း၊ မြေပြိုကျမှုနှင့် ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ လူနေအိမ်ခြေများအတွင်း ပိတ်မိခဲ့သည့်အတွက် ကယ်ဆယ်ရေးဝန်ထမ်းများက အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးခဲ့ရကြောင်း၊ ရေကြီးရေလျှံမှုနှင့်မြေပြိုကျမှုတို့မှာ အန္တရာယ်ရှိသည့်အဆင့်ဖြစ်သော်လည်း ကယ်ဆယ်ရေးဝန်ထမ်း အင်အားအမြောက်အမြားဖြင့် အချိန်မီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် သေဆုံးသူ၊ ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့ကြောင်း သိရသည်။

"ဘူစတန်နီမြို့မှာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောင်တန်းဒေသဖြစ်ပြီး ရေစီးသန်တာကြောင့်လဲ မော်တော်ယာဉ်တွေ ရေစီးနဲ့အတူ မျောပါသွားခဲ့တယ်။ လူနေအိမ်ခြေတချို့ ရေမြုပ်သွားခဲ့ပြီးတော့ နေအိမ်အတွင်းမှာပိတ်မိနေခဲ့တဲ့ ဒေသခံတွေကိုတော့ ကယ်ဆယ်ရေးဝန်ထမ်းတွေက ကယ်ထုတ်ပေးခဲ့ရပါတယ်။ ရေနစ်မြုပ်နေတဲ့ဧရိယာမှာနေထိုင်တဲ့ ဒေသခံတချို့ကိုလဲ ဘေးလွတ်ရာရွှေ့ပြောင်းပေးနေပါတယ်"ဟု ရိုမေးနီးယားအရေးပေါ်ကယ်ဆယ်ရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**



# ဗီယက်နမ်နိုင်ငံ မွမ်သန်နယ်မြေတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး လူနေအိမ်နှင့် စီးပွားရေးဆိုင်ရာတန်ဖိုး ကန်ဒေါ်လာ ၁၃ ဒသမ ၈ သန်းခန့် ပျက်စီးဆုံးရှုံးခဲ့

**ဟနွိုင်း ဇူလိုင် ၂၁**

ဗီယက်နမ်နိုင်ငံ မွမ်သန်နယ်မြေတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများ ဖြစ်ပေါ်ခဲ့ပြီး သေဆုံးသူ၊ ထိခိုက်ဒဏ်ရာရရှိသူ၊ ပျောက်ဆုံးသူများရှိခဲ့ပြီး လူနေအိမ်နှင့် စီးပွားရေးဆိုင်ရာတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈ သန်းခန့် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဗီယက်နမ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုဖြစ်ပေါ်ခဲ့သော ဒေသများတွင် ပျက်စီးဆုံးရှုံးမှု များပြားခဲ့သလို လူနေအိမ်ခြေများလည်း ပျက်စီးသွားခဲ့ကြောင်း၊ ရေကြီးရေလျှံမှုသည် ဇူလိုင် ၁၅ ရက်မှ ဇူလိုင် ၂၀ ရက်ထိဖြစ်ပေါ်ခဲ့ပြီး ယနေ့တွင် အခြေအနေ ပြန်လည်တည်ငြိမ်သွားခဲ့ပြီဖြစ်သည့်အတွက် ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကြောင့် လူနေအိမ်နှင့် စီးပွားရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှုကို ပဏာမစစ်ဆေးချက်အရ ခန့်မှန်းအမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈ သန်းခန့်ထိရှိကြောင်း သိရသည်။

"မွမ်သန်နယ်မြေမှာ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုတွေဖြစ်ပွားခဲ့ပြီး ယနေ့မှာတော့ အခြေအနေတွေ တည်ငြိမ်သွားပါပြီ။ ပျက်စီးဆုံးရှုံးမှုတွေလဲ များခဲ့ပါတယ်။ ရှင်းလင်းရေး လုပ်ငန်းတွေလဲ စတင်နေပါပြီ။ ရေကြီးရေလျှံမှုနဲ့ မြေပြိုကျမှုကြောင့် လူငါးယောက်သေဆုံးခဲ့ပြီး ၁၀ ယောက်ထက်မနည်း ဒဏ်ရာရရှိခဲ့ပါတယ်။ ပျောက်ဆုံးနေသူလဲ သုံးယောက်ရှိပါတယ်"ဟု ဗီယက်နမ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# အာဖဂန်နစ္စတန်နိုင်ငံ နူရီစတန်ပြည်နယ်တွင် ရုတ်တရက်ရေကြီးမှုကြောင့် လူဦးရေ ၂၀ သေဆုံးပြီး ဦးရေ ၁၀၀ ကျော် ပျောက်ဆုံးနေ

**ကဘူးလ် ဇူလိုင် ၂၁**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့မြောက်ပိုင်း နူရီစတန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးမှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူဦးရေ ၂၀ သေဆုံးပြီး ဦးရေ ၁၀၀ ကျော် ပျောက်ဆုံးနေသည်ဟု အစိုးရက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အစိုးရ၏ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ ရေဘေးကြောင့် အနည်းဆုံး လူဦးရေ ၈၀ ဒဏ်ရာရရှိခဲ့ပြီး ပျက်စီးဆုံးရှုံးမှုအများစုမှာ နူရီစတန်ပြည်နယ်၏ မြို့တော်ပါရန်မြို့တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အာဏာပိုင်များက သေဆုံးသူအရေအတွက်သည် ထပ်မံမြင့်တက်လာနိုင်ကြောင်း၊ ထို့ကြောင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို အာဖဂန်နစ္စတန်-ပါကစ္စတန် နယ်စပ်အနီးရှိ ဘေးဒဏ်သင့်ဒေသများသို့စေလွှတ်ကာ ပျောက်ဆုံးနေသူများကိုအရေးပေါ်ဆက်လက်ရှာဖွေလျက်ရှိကြောင်း၊ ထို့ပြင် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က ယခုရေဘေးသည် လူနှင့်ပစ္စည်း ထိခိုက်ဆုံးရှုံးမှုများ ပိုမိုများပြားလာနိုင်သဖြင့် စိုးရိမ်ဖွယ်အခြေအနေဖြစ်ကြောင်းလည်း ထုတ်ဖော်ပြောကြားထားသည်။

အာဖဂန်နစ္စတန်နိုင်ငံ နူရီစတန်ပြည်နယ်နှင့် အနီးပတ်ဝန်းကျင်ဒေသများတွင် သစ်တောပြုန်းတီးမှုများ ဆက်တိုက်ဖြစ်ပွားလာခြင်းကြောင့် မြေဆီလွှာ၏ ရေစုပ်ယူနိုင်စွမ်းလျော့နည်းလာခြင်းက ရုတ်တရက်ရေကြီးမှုများကို ပိုမိုပြင်းထန်လာစေကြောင်း သဘာဝကျွမ်းကျင်သူများက သုံးသပ်ထားသည်။

**Ref : Russia Today**
**Trs : KZ**

# အင်္ဂလန်နိုင်ငံ ဟေးဘရစ်ချ်ဒေသနှင့် မယ်လ်ဒန်ဒေသတို့တွင် တောမီးလောင်ကျွမ်းနေပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိ

**လန်ဒန် ဇူလိုင် ၂၁**

အင်္ဂလန်နိုင်ငံ ဟေးဘရစ်ချ်ဒေသနှင့် မယ်လ်ဒန်ဒေသတို့တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး အပူချိန်မြင့်မားမှုကြောင့် တောမီးမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိနေကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးလောင်ကျွမ်းမှုသည် ဟေးဘရစ်ချ်ဒေသနှင့် မယ်လ်ဒန်ဒေသ ဝင်လမ်း၊ ထွက်လမ်းများအနီးတွင် လောင်ကျွမ်းနေခြင်းဖြစ်သည့်အတွက် လမ်းမကြီးတချို့ကို ယာယီပိတ်ထားကြောင်း၊ တောမီးကို အမြန်ဆုံးငြိမ်းသတ်နိုင်ရေးအတွက် ကြိုးစားပေးနေပြီး ပိတ်ထားသော လမ်းများကိုလည်း ဖြတ်သန်းသွားလာခြင်း မပြုရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက စောင့်ကြပ်လျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေသည့်နေရာသည် လူနေအိမ်ခြေများနှင့် နီးကပ်နေသည့်အတွက် လိုအပ်လာပါက ဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီက သတိပေးချက်ထုတ်ပြန်ထားသည်။

"ဟေးဘရစ်ချ်ဒေသနဲ့ မယ်လ်ဒန်ဒေသတို့မှာ ဇူလိုင် ၂၀ ရက်က စတင်ပြီးတော့ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန် မြင့်မားနေတဲ့အတွက် တောမီးဟာ အချိန်တိုအတွင်း ထိန်းချုပ်ရခက်တဲ့ အဆင့်ကို ရောက်ရှိခဲ့တယ်။ တောမီးလောင်ကျွမ်းတဲ့နေရာက ကားလမ်းနဲ့ နီးကပ်တဲ့အတွက် လမ်းတွေကို ယာယီပိတ်ထားပါတယ်။ မီးသတ်တပ်ဖွဲ့ဝင် အမြောက်အမြားနဲ့ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကြိုးစားပေးနေပါတယ်။ လူနေအိမ်ခြေတွေနဲ့ နီးကပ်တဲ့နေရာမှာ တောမီးလောင်ကျွမ်းနေတာဖြစ်တဲ့အတွက် လူနေအိမ်ခြေတွေဆီကို အချိန်မရွေးတောမီးကူးစက်လာနိုင်တယ်။ လိုအပ်လာရင် ဘေးလွတ်ရာ ရွှေ့ပြောင်းဖို့အတွက် ကြိုတင်ပြင်ဆင်ထားကြပါ"ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ဝါစိုက်ပျိုးခြင်းမှသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုဆီသို့

မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်းထိပါဝင်နေသည်။ နိုင်ငံ့လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင်အသက်မွေးဝမ်းကျောင်းနေကြသည့် ကျေးလက်နေပြည်သူများ ဖြစ်ကြသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်သောနိုင်ငံဖြစ်သည်။ နိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ကျန် ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြများတွင်နေထိုင်ကြသည်။ နိုင်ငံရှိ လူဦးရေအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြုလုပ်ကိုင်နေကြသူများဖြစ်သည်။

မြန်မာနိုင်ငံသည် စားနပ်ရိက္ခာနှင့် အဝတ်အထည်များကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နိုင်သော ရေခံမြေခံကောင်းသည့် နိုင်ငံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံတွင် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စသည့် သီးနှံများနှင့် အခြားသီးနှံများဖြင့် စိုက်ပျိုးရေးကို အခြေခံသည့် Agro-based Industries ကို ဆောင်ရွက်လျက်ရှိသည်။ ကုန်ကြမ်းပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ခြင်းဖြင့် နိုင်ငံအတွက် ဝင်ငွေပိုမိုရရှိမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမည်ဖြစ်သည်။

**ဝါစိုက်ပျိုးရေး**

လယ်ယာကဏ္ဍတွင် ဝါသည် အရေးပါသည့် စိုက်ပျိုးထုတ်ကုန်ဖြစ်သည်။ ဝါမှ ဝါဂွမ်း၊ ဝါဂွမ်းမှ ချည်နှင့်ချည်ထည်၊ ဝါစေ့မှ ဆီနှင့် တိရစ္ဆာန်အစာအဖြစ်သုံးနိုင်သည့် ဝါစေ့ကြိတ်ဖတ်များ ထုတ်လုပ်နိုင်ခြင်းကြောင့် စိုက်ပျိုးရေးကိုအခြေခံသည့် Agro-based Industries ဖော်ဆောင်ရာတွင် ဝါသည် များစွာအရေးပါလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ဝါစိုက်ပျိုးရေးကို တွန်းအားပေးဆောင်ရွက်ခဲ့ရာ တစ်နိုင်ငံလုံး ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီတွင် ဝါစိုက်ပျိုးဧက ၅ ဒသမ ၄ သိန်းကျော်ရှိပြီး တစ်ဧကအထွက်နှုန်း ၄၉၉ ဒသမ ၂ ပိဿာရှိခဲ့သည်။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝါထွက်ရှိမှုပိဿာချိန် ၂၇၄၃ သိန်းကျော်ဖြစ်ရာ နိုင်ငံလိုအပ်ချက်ထက် များစွာပိုလျှံထွက်ရှိခဲ့သည်။

လက်ရှိအချိန် ကမ္ဘာ့ပေါက်ဈေးအရ ဝါဂွမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၈၀၀ နှင့် ၁၉၀၀ ကြားတွင်ရှိသည်။ မြန်မာနိုင်ငံတွင် သတ်မှတ်ထားသည့် ဝါတစ်ဧက ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်းပိဿာ ၇၀၀ ရရှိအောင် ဆောင်ရွက်နိုင်မည်ဆိုလျှင် ပိုလျှံထွက်ရှိသည့် ဝါဂွမ်းများ ရောင်းချရရှိငွေသည် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ပိုမိုရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဝါစိုက်တောင်သူများ၊ ဝါထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်ကြသူများအနေဖြင့် အလေးထားဆောင်ရွက်သွားမည်ဆိုလျှင် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းလာစေမည်ဖြစ်သည်။

**ဆွေးနွေးပွဲပြုလုပ်**

ယခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဝါစိုက်ပျိုးမှုများပြားရာဒေသဖြစ်သောမကွေးတိုင်းဒေသကြီး၏မြို့တော် မကွေးမြို့၌ "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့"ဟူသည့်ခေါင်းစဉ်နှင့် ဆွေးနွေးပွဲကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် ဝါစိုက်တောင်သူများ၊ ဝါမျိုးစေ့ထုတ်လုပ်သူများ၊ ဝါစေ့ဆီထုတ်လုပ်သူများ၊ ဝါဂွမ်းထုတ်လုပ်သူများ၊ ချည်ထုတ်လုပ်သူများ၊ ရက်ကန်းလုပ်ငန်းများ၊ ပြည်တွင်းမှ ထုတ်လုပ်ထားသည့် ဝါကြိတ်စက်(ဂျင်ခုံ)လုပ်ငန်းများ စသည်ဖြင့် ဝါလုပ်ငန်းဆိုင်ရာအစုအဖွဲ့အလိုက် တောင်သူများနှင့် လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲ၌ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများမှ ရလဒ်များအဖြစ် ဝါမျိုးစေ့ထုတ်လုပ်ခြင်း၊ ဝါစိုက်ပျိုးခြင်း၊ ဝါစေ့ဆီထုတ်လုပ်ခြင်း၊ ဝါဂွမ်း၊ ချည်မျှင်နှင့် အထည်အလိပ်ထုတ်လုပ်ခြင်း စသည်ဖြင့် ကွင်းဆက်တစ်ခုလုံးတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ လိုအပ်ချက်များ ထွက်ပေါ်လာခဲ့သည်။



**ဆွေးနွေးတင်ပြခဲ့**

ထို့နောက် ဝါလုပ်ငန်းဆိုင်ရာ တောင်သူများနှင့် လုပ်ငန်းရှင်များသည် ဝါလုပ်ငန်းတစ်ခုလုံးတွင် နိုင်ငံတော်၊ တောင်သူနှင့် လုပ်ငန်းရှင်များပူးပေါင်း၍ ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်လိုမှု၊ ဝါမျိုးကောင်းမျိုးသန့်၊ အတိုးနှုန်းသက်သာသည့် ချေးငွေတို့ လိုအပ်မှု၊ မြေဩဇာ၊ စက်သုံးဆီ၊ စက်ငှားခ စသည့် သွင်းအားစုများအတွက် သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေးစေလိုမှု၊ စိုက်ပျိုးရေလိုအပ်မှု၊ ဝါဈေးနှုန်းကို အခြေခံရည်ညွှန်းဈေးနှုန်းသတ်မှတ်ပေးစေလိုမှု၊ ပြည်တွင်း၌ မထုတ်လုပ်နိုင်သည့် စက်အရန်ပစ္စည်းများ ပြည်ပမှတင်သွင်းခွင့်ရရှိလိုမှု၊ နည်းပညာမြင့် ခေတ်မီချည်မျှင်စက်များ တင်သွင်းခွင့်ပြုစေလိုမှု၊ ချည်မျှင်ထုတ်လုပ်ခြင်း နည်းပညာများရရှိလိုမှု၊ ပိတ်လိပ်များ၊ ဓာတ်ဆေး၊ ဆိုးဆေးကုန်ကြမ်းများ၊ ဆေးဆိုးပြီး ပိတ်များလိုအပ်မှု၊ ပြည်ပဈေးကွက်လိုအပ်မှု၊ တည်ငြိမ်လျှပ်စစ်ဓာတ်အား ၂၄ နာရီ လိုအပ်မှု၊ ဒေသတွင်း ချည်မျှင်ထုတ်လုပ်သည့် စက် (Spinning mill) တည်ထောင်လိုမှု စသည်တို့ကို ဆွေးနွေးတင်ပြခဲ့ကြသည်။

**ချေးငွေများစီစဉ်ပေး**

လက်ရှိအချိန်တွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် ပြည်တွင်းမှထွက်ရှိသည့်ဝါများကို တစ်ပိုင်တစ်နိုင် ကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့်ဝါများကို တစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြည်တွင်းမှထုတ်လုပ်ထားသည့်ဝါကြိတ်စက်(ဂျင်ခုံ)လုပ်ငန်းများကို အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် ဝါလုပ်ငန်းရှင်များအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (MSME) ရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီစက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များ တည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ချေးငွေများလျှောက်ထားနိုင်ပြီဖြစ်ပြီး ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီရုံးများသို့ ပေးပို့လျှောက်ထားနိုင်ကြပြီဖြစ်သည်။

**ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး**

နိုင်ငံတော်အနေဖြင့် လယ်ယာစိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထွက်ရှိမှသာ ကျေးလက်နေပြည်သူများ၏ စီးပွားရေးကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုများ တိုးတက်အောင်မြင်အောင် အားပေးဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရသည် သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်နှင့်အညီ ထွက်ရှိနိုင်ရေးအတွက် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးသည့် တောင်သူများကလည်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းဟူသော အခြေခံလေးရပ်ကို ပြည့်စုံအောင် ဆောင်ရွက်ပေးခြင်းဖြင့် သီးနှံအထွက်နှုန်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။ သီးနှံမျိုးကောင်းမျိုးသန့်ရရှိအောင် ဆောင်ရွက်ရန်၊ မြေကိုစနစ်တကျပြုပြင်ဆောင်ရွက်ရန်၊ အောင်ရေရရှိရန်၊ စိုက်နည်းစနစ်များ မှန်ကန်ရန်လိုအပ်သည်။ သီးနှံများ၏ ပန်းတိုင်အထွက်နှုန်းကို ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သီးထပ်စွမ်းအားများ မြင့်မားကောင်းမွန်စေရေး ဆောင်ရွက်သွားရန်လည်း လိုအပ်သည်။

သဘာဝဓာတ်မြေဩဇာများ အသုံးပြုကာ မြေပြုပြင်နိုင်သကဲ့သို့ ပိုက်ဆံလျှော်စိုက်ပျိုးခြင်းဖြင့်လည်း မြေပြုပြင်ခြင်းများကို ဆောင်ရွက်နိုင်သည်။ ထို့ပြင် ကျွဲ၊ နွားမွေးမြူခြင်းများမှ ရရှိသည့်နွားချေးများကိုလည်း သဘာဝဓာတ်မြေဩဇာအဖြစ် အသုံးပြုနိုင်သည်။ စိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းများဖြင့် သဘာဝဓာတ်မြေဩဇာများပြုလုပ်၍လည်း အသုံးပြုနိုင်သည်။ ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများ စနစ်တကျထည့်သွင်းပေးခြင်းဖြင့်လည်း အထွက်နှုန်းများ တိုးတက်လာစေနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်လျက်ရှိသည့် စိုက်ပျိုးရေနှင့် အောင်ရေများ လုံလောက်စွာရရှိရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ပြီး ဝါစိုက်ပျိုးရာတွင်လည်း နည်းစနစ်ကျနမှုနှင့်အညီ စိုက်ပျိုးသွားမှသာလျှင် အထွက်နှုန်းများ တိုးတက်ကောင်းမွန်နိုင်မည်ဖြစ်သည်။

**ဝါစိုက်ပျိုးခြင်းမှသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးမှုဆီသို့**

ဝါစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကိုမြှင့်တင်ဆောင်ရွက်သွားနိုင်သည်။ ဝါစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းသည် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်စေနိုင်သည်။ ထို့ကြောင့် စိုက်ပျိုးသူ၊ ထုတ်လုပ်သူ၊ အဆင့်မြင့်ကုန်ချောထုတ်လုပ်သူနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများကြား၌ ပူးပေါင်းဆောင်ရွက်မှု များစွာလိုအပ်သည်။

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အဓိကအရေးကြီးသည်မှာ ကုန်ထုတ်လုပ်မှုပင်ဖြစ်သည်။ ဝါစိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်သည်။ ဝါမျိုးကောင်းများ စိုက်ပျိုးနိုင်မည်ဆိုလျှင် အရည်အသွေးကောင်းမွန်သည့် ချည်မျှင်များရရှိမည်ဖြစ်သည်။ ပြည်တွင်းထုတ်ဝါမျိုးများ အရည်အသွေးကောင်းမွန်စေရေး အမြဲသုတေသနပြု သုံးသပ်ဆန်းစစ်ဆောင်ရွက်သွားရန်လည်း လိုအပ်သည်။

နိုင်ငံတော်အနေဖြင့် ပြည်တွင်းဝါ စိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်စေရေး၊ ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြင့်လာစေရေး၊ ဝါစိုက်ပျိုးထုတ်လုပ်သည်မှ အထည်အလိပ်ထုတ်လုပ်သည်ထိ ကွင်းဆက်တစ်လျှောက် အဆင့်ဆင့်တိုးတက်စေရေးတို့ကို ရည်ရွယ်သည့် ဆွေးနွေးပွဲကျင်းပပြီး ထွက်ပေါ်လာသည့်ရလဒ်များအရ ဖြည့်ဆည်းရန် လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

အမှန်တော့အထူးချေးငွေနှင့် ချေးငွေအစီအစဉ်များ၊ စက်အရန်ပစ္စည်းနှင့် စက်ကိရိယာများ တင်သွင်းခွင့်ရရှိရေးအစီအစဉ်များသည် ဝါလုပ်ငန်းစက်မှုနှင့် MSME စက်မှုလုပ်ငန်းများအတွက် အကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်က ဖော်ဆောင်ပေးလျက်ရှိသည့် အခွင့်အလမ်းများကိုရယူကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေး မြင့်မားတိုးတက်လာနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၁၃-၇-၂၀၂၆ နှင့်၁၄-၇-၂၀၂၆ ထုတ် သတင်းစာများ။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မတ္တရာမြို့နယ်တွင် တောင်ပြုန်းပွဲတော်ကို ဩဂုတ်လအတွင်း ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



ယခင်နှစ်က တောင်ပြုန်းပွဲတော်ကို တွေ့ရစဉ်။

**မတ္တရာ ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် မတ္တရာမြို့နယ်တွင် တောင်ပြုန်းပွဲတော်ကို ဩဂုတ်လအတွင်း ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း တောင်ပြုန်းပွဲတော် ကျင်းပရေးကော်မတီမှ သိရသည်။

မတ္တရာမြို့နယ် တောင်ပြုန်းကျေးရွာအုပ်စု တောင်ပြုန်းကျေးရွာရှိ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် သမိုင်းဝင်တောင်ပြုန်း ဆုတောင်းပြည့် ဆုတောင်းရ မြတ်စွာဘုရား ဗုဒ္ဓပူဇနီယ ဆွမ်းတော်ကြီး လောင်းလှူပွဲနှင့် တောင်ပြုန်းအရှင် နှစ်ပါးပွဲတော်ကို ဝါခေါင်လဆန်း ၈ ရက်မှ ၁၅ ရက် (ဩဂုတ် ၂၂ ရက်မှ ၂၈ ရက်) ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"တောင်ပြုန်းပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဘုရားဖူးပြည်သူတွေ၊ ရိုးရာဓလေ့ကိုးကွယ်သူတွေ၊ လာရောက်ရောင်းချကြမဲ့ ဈေးသူ၊ ဈေးသားတွေ စိတ်အေးချမ်းသာစွာနဲ့ လာရောက်နိုင်တယ်လို့ အသိပေးကြေညာချက်တွေ ထုတ်ပြန်ထားပါတယ်"ဟု တောင်ပြုန်းပွဲတော်ကျင်းပရေးကော်မတီဝင် ဦးမြဒန်းက ပြောပြသည်။

တောင်ပြုန်းပွဲတော်ကျင်းပရာတွင် ဝါခေါင်လဆန်း ၈ ရက်နှင့် ၉ ရက်တို့တွင် ကန်တော့ခံပွဲ၊ ဝါခေါင်လဆန်း ၁၀ ရက်တွင် ညီလာခံဝင်ပွဲ၊ ဝါခေါင်လဆန်း ၁၁ ရက်တွင် ချိုးရေတော်သုံးပွဲ၊ ဝါခေါင်လဆန်း ၁၂ ရက်တွင် နန်းတက်ပွဲ၊ ဝါခေါင်လဆန်း ၁၃ ရက်တွင် ယုန်ထိုးပွဲ၊ ဝါခေါင်လဆန်း ၁၄ ရက်တွင် ထိန်ပင်ခုတ်ပွဲ၊ ဝါခေါင်လဆန်း ၁၅ ရက်တွင် ပခန်းမင်းပို့ပွဲနှင့် ဝါခေါင်လပြည့်ကျော် ၁ ရက်နေ့တွင် ရွှေကုံဆင်းပွဲတို့ကို ရှေးအစဉ်အလာများအတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Renegades ဝတ္ထုတိုကို ရုပ်ရှင်အဖြစ် ရိုက်ကူးရန် ဆိုနီကုမ္ပဏီက စီစဉ်ထား

**နယူးယောက် ဇူလိုင် ၂၂**

စာရေးဆရာ ဝီဆင်မန်၏ Renegades အမည်ရှိ ဝတ္ထုတိုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဇူလိုင် ၂၀ ရက် သတင်းများအရ သိရသည်။

Renegades ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ထုတ်ဖော်ကြေညာခြင်းမရှိသေးပေ။

Renegades ဇာတ်ကားကို ဒါရိုက်တာ ဂျိုနသန်ဂိုးစတိန်းနှင့် ဂျွန်ဖရန့်စ်ဒလီတို့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။


အဆိုပါ ဇာတ်ကားအတွက် ဇာတ်ညွှန်းကို စာရေးဆရာ ဝီဆင်မန်ကပင် ရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

Renegades ဇာတ်ကားသည် လှို့ဝှက်သည်းဖိုအက်ရှင် ဇာတ်ကားဖြစ်ပြီး ၎င်းဇာတ်ကား၌ ပါဝင်မည့် သရုပ်ဆောင်များကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ရွေးချယ်နေဆဲဖြစ်ကြောင်း သိရသည်။

Renegades ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO





# တိမ်ပန်းချီ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ ထုတ်လွှင့်သွားမည်

**ရန်ကုန် ဇူလိုင် ၂၂**

တိမ်ပန်းချီ ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ ဇူလိုင် ၂၆ ရက်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် အေးချမ်းမောင်ထံမှ သိရသည်။

အဆိုပါ တိမ်ပန်းချီ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဟမ်စိုင်း (ဆေး-မန်း) က ရေးသားထားခြင်းဖြစ်ပြီး အေးသီရိကိုက ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ ပွင့်သိင်္ဂီဇော် (အရုဏ်ဦး) က Brave Empire Entertainment and Production အတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်း သိရသည်။



"ဒီဇာတ်ကားကတော့ သုံးပွင့်ဆိုင် အချစ်ဒရာမာဇာတ်ကား ကောင်းလေးပါပဲ။ သာမန်မြင်နေကျမဟုတ်တဲ့ သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းကောင်းလေးကို မြင်ကြရမှာပါ။ တိမ်တွေနှင့်ရာသွားနေတဲ့ လူတစ်ယောက်ရဲ့ ဘဝမှာ ခဏလေးမြင်ရတဲ့ တိမ်ပန်းချီတွေကို အမြဲမြင်ရဖို့ဆိုတာ မဖြစ်နိုင်ဘူးဆိုတဲ့ ဘယ်အရာမှ အမြဲမရှိနိုင်တဲ့ လောကဓမ္မကို အချစ်နဲ့တင်စားပြမဲ့ ဇာတ်လမ်းလေးပါ"ဟု သရုပ်ဆောင် အေးချမ်းမောင်က ပြောပြသည်။

တိမ်ပန်းချီ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် အေးချမ်းမောင်၊ နေမျိုးအောင်၊ ညီနန္ဒ၊ ဝတ်မှုံရွှေရည်၊ မယ်လိုဒီ၊ နှင်းယုနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားပြီး CANAL+ ZAT LENN Channel မှ ဇူလိုင် ၂၆ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Bender အမည်ရှိ ဟာသဇာတ်ကား၌ မင်းသား ရော်ရီစပွန်နာ ပါဝင်မည်

**နယူးယောက် ဇူလိုင် ၂၂**

Bender အမည်ရှိ ဟာသဇာတ်ကား၌ လူငယ်မင်းသားရော်ရီစပွန်နာ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၂၀ ရက် သတင်းများအရ သိရသည်။

ရော်ရီစပွန်နာသည် HBO ရုပ်သံလိုင်း၏ Harry Potter ဇာတ်ကားများ၌ ပါစီဝီစလေအဖြစ် ပါဝင် သရုပ်ဆောင်နေသော မင်းသားဖြစ်သည်။

Bender ဇာတ်ကားတွင် ရော်ရီစပွန်နာသည် မင်းသမီး ရှာရက်ဒလေ၊ မင်းသား ဘီဘား၊ ခရစ်အိုဒေါ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Bender ဇာတ်ကားသည် ၁၈၇၀ ပြည့်နှစ်ကာလ အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့ကို နောက်ခံပြု ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Bender ဇာတ်ကားကို ဒါရိုက်တာ မိုက်ကယ်မက်ဒီကိုက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ စီရာရန်ဘားလက်က တာဝန်ယူရေးသားပေးထားသည်။

Bender ဇာတ်ကားကို ယခုနှစ် နွေဦးရာသီအတွင်း အိုင်ယာလန်နိုင်ငံ၌ စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# Focus Features ကုမ္ပဏီ၏ The Bell Jar ဇာတ်ကား၌ မင်းသမီး အယ်လာဘီတီ ပါဝင်သရုပ်ဆောင်ဖွယ်ရှိ

**နယူးယောက် ဇူလိုင် ၂၂**

Focus Features ရုပ်ရှင်ကုမ္ပဏီ၏ The Bell Jar အမည်ရှိ ဇာတ်ကား၌ Monster: Lizzie Borden မင်းသမီး အယ်လာဘီတီ ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဇူလိုင် ၂၀ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် မင်းသမီး အယ်လာဘီတီသည် The Bell Jar ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရေးအတွက် Focus Features ရုပ်ရှင်ကုမ္ပဏီနှင့် အပြီးသတ်ဆွေးနွေးနေကြောင်း သိရသည်။

The Bell Jar ဇာတ်ကားသည် အမေရိကန်အမျိုးသမီး စာရေးဆရာမ ဆီဗီယာပလပ်၏ ခေါင်းစဉ်အမည်တူဝတ္ထုကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အပြီးသတ် သဘောတူညီချက်ရရှိခဲ့ပါက မင်းသမီး အယ်လာဘီတီသည် မင်းသမီး ဘီလီအိုင်းလစ်ကာရေးမော်လီဂန်တို့နှင့် အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

The Bell Jar ဇာတ်ကားသည် စိတ်ဓာတ်ကျနေပြီး လူမှုဖိအား ဒဏ်ခံစားနေရသည့် အမျိုးသမီးငယ်တစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Bell Jar ဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ ဆာရာပေါလီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားပေးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကား စတင်ရိုက်ကူးမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# President of the Republic of the Union of Myanmar U Min Aung Hlaing meets members of Yangon Region and Bago Region governments, region, district and township level departmental personnel

## A prosperous nation can be built only through the generation of human resources imbued with intellectual and technological knowledge and correct vision




**President U Min Aung Hlaing meets members of Yangon Region and Bago Region governments, and region, district and township level departmental personnel.**

**Nay Pyi Taw July 21**

President of the Republic of the Union of Myanmar U Min Aung Hlaing met members of Yangon Region and Bago Region governments, region, district and township level departmental personnel, at Mingala Hall of Yangon Region government this afternoon.

Present at the meeting were Commander-in-Chief of Defence Services General Ye Win Oo, union ministers U Mya Tun Oo, U Htein Lin, U Ko Ko Lwin, and U Maung Myint, the chief ministers of Yangon Region and Bago Region, senior military officers from the Office of the Commander-in-Chief, the Yangon Command commander, and deputy ministers.

**Clarifications on regional development**

Regarding the regional development undertakings, Yangon Region Chief Minister U Aung Naing Thu presented a report on progress in implementing the directives given by the Head of State during his inspection of the Yangon Region, systematization of communication cables and electric cables township wise, construction of underground cables and manholes, ensuring proper drainage in the region and straightness of the drains and roads, traffic rules enforcement activities, public awareness campaign for systematic throwing of garbage for environmental cleaning and beautification, systematization of roads and bridges, saving of agricultural land from urban development and drawing of systematic town plans, efforts to extend public recreation parks, points of the region, land use, rice cultivation and export of surplus rice, exportable pigeon pea production, fish, prawn and aquatic products export, operations at the Thilawa Special Economic Zone, dams, sluicegates, drainage canals, and distribution of drinking water and irrigation water for summer through electric water pumps.

Bago Region Chief Minister U Myo Swe Win reported on regional points and the use of maps, statistics on crop sown acreage and facts about the main crops, data on double cropping and crop cultivation capacity from 2020 to 2026, rice cultivation and production from2020 to 2026, oil crop production, bens and pulses sown acreage and target yield, monsoon paddy cultivation in 2026-2027, designation of exclusive cultivation zones for export, oil crop and coffee cultivation, water storage at dams and arrangements to supply enough irrigation water, efforts to meet the set monsoon paddy cultivation target, undertakings to reduce floods with the funds of the region to supply water to monsoon crops and multiple cropping, implementation of livestock undertakings, encouragement for MSME development, and support for acquiring domestic and foreign markets, opening of vocational schools to develop human resources, programs for development of the Toungoo special zone.

**GDP development of nation calls for region/ state-wise GDP growth**

In his discussions, the President said Yangon Region and Bago Region are included in the six main regions of the country with robust economy. They are operating agriculture and livestock-based MSME production businesses and industrial zones, and distributing the goods to domestic and foreign markets. Production business should concentrate more on quality than on quantity. In the past the country was under the planned economy and the results was some weakness in the quality of goods. Inequality in demand and supply and high production cost cause a rise in commodity prices. So, goods should be manufactured mainly in the country. **The country's policy is that if the products are identical, the price must be cheaper; if the prices are identical, the quality must be better.** Agriculture and livestock businesses and production enterprises need correct statistics that are in accord with the actual volume of products. A country's development is measured with GDP. So, regions and states should strive to achieve further GDP growth.

**Political disagreements should be solved through political means**

As the correctness of the basic data and figures is the core of the national economic drive, regions and stage should carefully scrutinize the statistics of the agro and livestock production businesses to present correct statistics. Collection of field data calls for regional peace and stability. **Some areas of the country still need peace and stability due to the adoption of solving political-based disagreements through armed terrorist means instead of systematic political process. The country is steering itself on the road to multiparty democracy under the leadership of the elected government chosen by the people. Hence, political disagreements must be settled through democratic means.** The use of armed terrorism is not a correct way. It is destroying the interest of their own native lands and locals. In other words, they are disturbing and destroying the future of the regions and the country.

**Efforts to be made for rectifying educational weaknesses**

He noted that data reveals the country has experienced educational weaknesses across successive eras. He stated that a consequence of these educational deficiencies has been a weakened capacity for analytical thinking, foresight, and the ability to distinguish right from wrong as well as cause and effect. He expressed that when political disagreements arose, the majority of people with low educational attainment fell prey to the instigations of foreign organizations and individuals hostile to state stability and development, thereby drifting onto the path of rioting and violence. He noted that greater development can only be achieved when there is solidarity and unity within the nation. Furthermore, he stated that an analysis of past conflicts and crises reveals they were driven by educational weaknesses, a lack of political exits, and economic decline.

He stated that governments across successive eras have attempted to address the country's educational weaknesses, yet deficiencies persist, partly due to prioritizing grade promotion over genuine learning. Consequently, since assuming state responsibilities in 2021, the government has prioritized enhancing quality in both basic and higher education. He stressed the need to ensure students truly master the subjects taught in their respective grades, as this is essential to developing skilled human resources for the future of the nation. He also stated that schools must not only provide academic instruction but **also conduct sports and physical exercises during physical education periods for student fitness, alongside teaching general knowledge,** social relations, and civics. **Imparting knowledge and skills to school-aged children from an early age will significantly support their personal advancement, while contributing to national development, the rule of law, and stability.** *See Page 13*

# Commander-in-Chief of Defence Services General Ye Win Oo inspects Yangon branch of Tatmadaw Heavy Industries in Mayangone Township, Yangon



**General Ye Win Oo inspects the Yangon branch of Tatmadaw Heavy Industries in Mayangone Township.**

**Nay Pyi Taw July 21**

Commander-in-Chief of Defence Services General Ye Win Oo, accompanied by senior military officers from the Office of the Commander-in-Chief and responsible officials, inspected the operations of the factory branch (Yangon) of Tatmadaw Heavy Industries in Mayangone Township in Yangon this morning.

First, the Commander-in-Chief of Defence Services and party arrived at the factory and heard reports on the brief history of the factory, operations of respective sections, production capabilities, implementation of targeted missions, performance of utility vehicles manufactured at the factory, production process of components of utility vehicles, installation of machines, assembly lines, the set-up and operations of assembly lines, production and research of vehicles and parts in accordance with the instructions of the Head of State submitted by responsible officials at the meeting hall of the factory.

After hearing the reports, the Commander-in-Chief of Defence Services gave instructions on exerting continued efforts for mass manufacturing quality oil bowsers, water trucks and fire engines as they are used not only by the Tatmadaw but also by ministries, making coordination to fulfill raw material needs of MSMEs, taking measures to fulfill the needs of users by surveying them, making efforts to manufacture quality products, delivering vehicles manufactured by the factory according to the needs of ministries, regions and states, conducting continued research for manufacturing better high-tech vehicles that meet international standards and fulfilling the welfare needs of staff families by responsible officials.

Then, the Commander-in-Chief Defence Services and party were conducted around the machine press workshop, bolt and nut workshop and tank installation workshop and coordinated the needs after discussing matters of interest on reports of responsible officials.

Afterward, the Commander-in-Chief of Defence Services and party inspected fire engines, water trucks and oil bowsers manufactured by the factory and presented cash rewards for staff of the factory.

The factory branch (Yangon) of Tatmadaw Heavy Industries manufactures 2,800-gallon (6 x 6) fire engines, 1,100 gallon ( 4 x 2 ) fire engines, 2,200-gallon ( 4 x 2) water trucks, 4,200-gallon ( 6 x 6 ) oil bowsers and 2,200-gallon ( 4 x 2 ) oil bowsers and distributes them not only to the Tatmadaw but also to ministries, regions and state according to their needs.

Moreover, the factory also manufactures body press parts, frames and other parts necessary for assembly of Inlay Jeeps and Inlay Pickups to send them to Tatmadaw Heavy Industries (Htone Bo) for final assembly of Inlay Jeeps, which are distributed not only to the Tatmadaw but also to civilian ministries at reasonable prices. 100

---

*From Page 12*

He added that the future of the nation will only flourish if the education system produces well-rounded, right-thinking youth equipped with knowledge and skills. He emphasized the need to identify educational weaknesses and work collectively to rectify them. He stated that regional and state cabinet members must make combined efforts to nurture the quality human resources required by the nation. Furthermore, he noted that efforts must be made to ensure the provision of adequate, high-quality teaching materials and to foster conducive learning environments for students.

**Efforts for elevating the healthcare sector for the public**

He stated that, alongside education, the government must also manage the healthcare sector to ensure every citizen is healthy, fit, and able to attain full life expectancy. He emphasized that policies such as **"if there is a hospital, there must be a doctor" and "nothing is more important than human life"** have been laid down to prioritize elevating the public healthcare sector. Furthermore, he noted that the State is continuously training and producing healthcare personnel to ensure adequate staffing across clinics, hospitals, and dispensaries nationwide. Regarding school health, **healthcare staff from regional, district, township, and rural health departments must conduct age-appropriate, periodic health checks for school-aged children and effectively deliver awareness programs on consuming nutritious food** to instill health knowledge and mindfulness. Furthermore, measures must be implemented to ensure a healthy, balanced school environment, as well as the cleanliness and safety of food and drinking water.

He also stated that children must be provided with nutritious food to achieve healthy, well-developed bodies, noting that physical underdevelopment contributes to weaknesses in the sports sector. He added that school sports competitions should be held across regions and states, and basic education schools should be developed to meet prescribed standard criteria to the greatest extent possible. Furthermore, he emphasized the need to construct recreational areas and parks for public exercise and leisure, stressing that comprehensive efforts must be made to elevate the socio-economic lives of the people.

**Land must be used systematically and effectively**

The President stressed that land across the country must be utilized in a systematic and effective manner. **Land allocated for infrastructure development should be used in accordance with approved plans and construction projects must be carried out in an orderly manner. Likewise, land designated for agriculture, livestock breeding, and industrial activities should be developed productively in line with the approved permits.** He also emphasized that urban development should be carefully planned and laid out in a compact and systematic manner. Proper urban planning would facilitate the efficient provision of roads, electricity, and water services while also making administrative management easier. Similarly, urban expansion and road extension projects should be implemented based on careful planning to ensure the effective use of land. If such projects are not properly planned, costly reconstruction may become necessary, resulting in unnecessary expenditure of public funds. Therefore, all construction projects should be undertaken only after thorough long-term planning to avoid losses to the State. Remaining undeveloped land in industrial zones should also be systematically developed.

Regarding tourism development, the President noted that Yangon and Bago regions are home to numerous historic and revered pagodas, ancient cultural heritage sites, and scenic natural environments that are attractive to international visitors. He said that during his tenure, efforts have been made to restore and preserve historical and cultural heritage sites, which reflect the country's rich history and distinguished cultural identity. These sites have the potential to attract both domestic and international tourists. An increase in tourist arrivals would generate income for local communities through accommodation, food services, transportation, and the sale of local products and souvenirs. Therefore, all stakeholders should work together to improve cleanliness, beautification, and service quality in their respective areas to promote tourism. Regional and state governments should also strengthen supervision and management to ensure compliance with traffic regulations and maintain clean, green, attractive environments with proper drainage systems.

**Prioritizing regional food security**

On agriculture and livestock development, the President said that each region and state should plan agricultural and livestock production based on its population to ensure local food sufficiency. Fish farming should be expanded further in Bago Region, while Yangon Region should increase the production of meat and fish. Ensuring adequate food supplies for the people is a national priority, and regional authorities should give special attention to improving local food security. The government will provide the necessary support, but regional and state governments are responsible for implementing these initiatives effectively.

The President also addressed the issue of cooking oil sufficiency, noting that Myanmar continues to import cooking oil every year, resulting in significant foreign currency expenditures. Although the country has favorable conditions for cultivating oilseed crops, domestic per capita consumption of cooking oil remains high. He therefore urged the public to reduce cooking oil consumption, noting that excessive consumption not only increases imports but may also have adverse effects on individual health. People should avoid consuming more oil than necessary for the sake of their well-being.

The President concluded by saying that Yangon and Bago regions possess strong economic foundations as well as favorable conditions for agriculture and livestock production. He urged regional authorities and local communities to work together to promote the socio-economic development of both the regions and the country.

Following the meeting, the President and members of the delegation warmly greeted those in attendance.

MNA

# Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin attends ceremony to mark 99th Anniversary of the Founding of the People's Liberation Army of China



**General Kyaw Swa Lin attends the ceremony marking the 99th Anniversary of the Founding of the People's Liberation Army of China.**

**Nay Pyi Taw July 21**

The ceremony to mark the 99th anniversary of the founding of the People's Liberation Army of China was held this evening at the Novotel Max Hotel in Yangon. Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, and his wife attended.

First, General Kyaw Swa Lin, and party arrived at the ceremony venue, where they were warmly greeted by Chinese Ambassador to Myanmar H.E. Ms. Ma Jia, Chinese Defence Attaché to Myanmar Senior Colonel Qu Zhe, and his wife, along with responsible officials.

According to the programme, the 99th anniversary ceremony of the founding of the People's Liberation Army of China commenced with the playing of the national anthems of the Republic of the Union of Myanmar and the People's Republic of China, followed by a documentary video presentation of the People's Liberation Army of China.

Afterwards, Chinese Defence Attaché to Myanmar Senior Colonel Qu Zhe, delivered a welcoming speech.

Continuing the programme, General Kyaw Swa Lin, and his wife, together with the Chinese Ambassador to Myanmar, the Chinese Defence Attaché and his wife, cut the commemorative cake for the 99th anniversary of the founding of the People's Liberation Army of China, and a group commemorative photograph was taken.

Following this, the Chinese Ambassador to Myanmar and the Chinese Defence Attaché hosted the attendees with an honorary dinner.

The ceremony was also attended by senior military officers from the Office of the Commander-in-Chief and their wives, the Commander of Yangon Command and his wife, ambassadors, chargés d'affaires, defence attachés from foreign embassies in Yangon, and invited distinguished guests.

100

# Local farmers plant rainfed sesame more than the schedule

**Dabayin July 21**

According to the township Agriculture Department, local farmers grew rainfed sesame more than the targeted sown acreage in Dabayin Township of Sagaing Region this year.

During the 2026-2027 monsoon cropping season, Dabayin Township set a target of cultivating 26,869 acres of rainfed sesame. Planting began in May this year, and as of today, a total of 28,413 acres have been planted, according to reports.

"This year's monsoon cropping season, Dabayin Township targeted the cultivation of 26,869 acres of rainfed sesame. As of today, 28,413 acres have already been planted. Current cultivation has exceeded the original target acreage. We are also working to further expand sesame cultivation, improve yields, and promote cultivation using Good Agricultural Practices (GAP)," said Daw Aye Myat Mon, Head of the Dabayin Township Department of Agriculture.

This year, the Township Department of Agriculture has been providing awareness and technical support to sesame growers in Dabayin Township on expanding sesame cultivation, adopting proper cultivation techniques, implementing Good Agricultural Practices (GAP), using high-quality certified seed, and cultivating high-yielding varieties.

It is reported that crops produced under the GAP system are of higher quality than those grown using conventional cultivation methods, command better market prices, and can be sold not only in domestic markets but also exported to international markets. As a result, farmers who adopt GAP cultivation are expected to gain greater economic benefits and improve their socioeconomic livelihoods.

206

# 2 Americans injured in knife attack at Athens Acropolis, attacker arrested

**Athens July 21**

Two American tourists were injured in a knife attack at the entrance to the Acropolis archaeological site in Athens on Tuesday morning, police said.

The incident occurred at around 8:05 a.m. (0505 GMT), when a 60-year-old man attacked a Greek-American couple with a knife, according to Greek national broadcaster ERT. The woman suffered a minor hand injury, while the man sustained a more serious leg injury.

The couple received first aid at the scene before being taken to Red Cross Hospital in Athens.

Police detained the assailant, who has criminal records including a case involving insult charges and a 2019 arrest for illegally carrying a knife, local media reported.

Xinhua

# Iran says it launched fresh retaliatory strikes on U.S. bases, assets in Bahrain, Kuwait, Jordan

**Tehran July 21**

Iran's armed forces said Tuesday they carried out fresh retaliatory missile and drone strikes against U.S. bases, assets and infrastructure in Bahrain, Kuwait and Jordan following another round of U.S. attacks on Iran.

Iran's Islamic Revolution Guard Corps (IRGC) said in statements carried by its official news outlet Sepah News that its aerospace forces targeted U.S. air defense systems, radar facilities, communications infrastructure and other military assets in Bahrain and Kuwait, as well as U.S. military facilities in Jordan.

The IRGC said the attacks were carried out in retaliation for recent U.S. strikes on Iran and were intended to pave the way for broader missile and drone operations against U.S. military targets in the region.

Separately, Iran's army said it launched missile and drone strikes against several U.S. military facilities in Kuwait and Bahrain, including Camp Arifjan, Ahmad al-Jaber Air Base and Shaikh Isa Air Base.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၀၀၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြင်းမူ ဇူလိုင် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၁၁၀၀၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၅၂၂၅ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၀၀၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲစင်းငုံကေ ၃၅၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၁၀၀၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်" ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေးအတွက် ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးနုပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

မအူပင် ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကွမ်းသီးနုပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ကွမ်း၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ငွေးက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ကွမ်းသီးနုပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ကွမ်းသီးနုပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်မှ ကွမ်းသီးနုများဝယ်လိုအားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို မအူပင်မြို့နယ်က ဇွန်လထဲမှာ ကွမ်းသီးပိဿာချိန် အများအပြား တင်ပို့



ရောင်းချခဲ့ပါတယ်။ ကွမ်းသီးနုတွေ အမှာကုန်များလာလို့ ရန်ကုန်ဈေးကွက်ကို တင်ပို့ကုန်အများအပြား တင်ပို့ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးနုတစ်ပိဿာကို ငွေကျပ် ၉၇၀၀ ထိပေါက်ဈေးရှိနေပါတယ်။ လက်ရှိကွမ်းသီးတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးသူတွေ အဆင်ပြေလည်ပတ်လုပ်ကိုင်နေရပါတယ်"ဟု မအူပင်မြို့နယ် ကွမ်း၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ငွေးက ပြောပြသည်။

မအူပင်မြို့နယ်က ထွက်ရှိသည့်ကွမ်းသီးနုများကို ကုန်သည်များမှ ကွမ်းသီးခြံများ အရောက်သွားရောက်ဝယ်ယူပြီး စနစ်ကျ ရွေးချယ်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှ တစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပြင်ဦးလွင်မြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

ပြင်ဦးလွင် ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်တွင် လူငယ်ကဏ္ဍကို မြှင့်တင်စေရန်နှင့် ဗလငါးတန် ပြည့်စုံသော လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် အမှတ် (၄) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာထွန်းက အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်လွန်းနန်းထွေးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် တိုင်းရင်းဆေးကုဌာန လက်ထောက်ဦးစီးမှူး ဒေါ်သူဇာဝင်းက ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသပေးခဲ့ပြီး အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်းဦးရေ ၁၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သွေးသွေး


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မိုင်းကိုင်မြို့နယ် ဖတ်ဟိကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး



မိုင်းကိုင် ဇူလိုင် ၂၁

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ဖတ်ဟိကျေးရွာ၌ ရေရရှိရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သန့်ဇင်နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဖတ်ဟိကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးကျော်သန့်ဇင်က လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ဖတ်ဟိကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် အရှည် နှစ်မိုင်စိမ့်စမ်းရေသွယ်ယူခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် အလျား ၂၅ ပေ၊ အနံ သုံးပေ၊ အမြင့် ငါးပေရှိ ကျောက်စီရေတားတမံ တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ်သိန်း ၈၀ ဖြင့် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများ စုဖွဲ့၍ ယခုနှစ် ဇွန်လပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ဖတ်ဟိကျေးရွာရှိ ကျေးလက်နေပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း လွိုင်လင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သန့်ဇင်က ပြောပြ၍ သိရသည်။

ဖြိုးထက်အောင်(ပျော်ဘွယ်)


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီဝင်များနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာဆောင်(I-12)ရှိ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီဝင်များနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် အစိုးရမဟုတ်သောပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးသက်ပုံက ကော်မတီ၏လုပ်ငန်းတာဝန်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်၏ဂုဏ်သိက္ခာမြင့်မားရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ပြည်တွင်းရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့လွှတ်တော်တွင် အစိုးရ၏ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် ကော်မတီ ၂၂ ခုကို ဖွဲ့စည်းထားကြောင်း၊ ကော်မတီများအနေဖြင့် မိမိတို့၏ ရည်မှန်းချက်တာဝန်များအလိုက် နိုင်ငံတော်အတွက်၊ ပြည်သူ့အတွက် အကျိုးရှိမည့် မေးခွန်း၊ အဆိုများထွက်ပေါ်စေရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGO) ၃၆၆၆ ခုနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ(INGO) ၄၅ ခု ရှိသည်ကို တွေ့ရှိရကြောင်း၊ NGO၊ INGO များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်လူသားချင်းစာနာထောက်ထားရေး၊ စားရေရိက္ခာဖြည့်ဆည်းဆောင်ရွက်ရေးအတွက် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ ကူညီပေးနေသော အဖွဲ့အစည်းများဖြစ်ကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် အဆိုပါအဖွဲ့အစည်းများ၏လုပ်ဆောင်ချက်များကိုဥပဒေရှုထောင့်မှသုံးသပ်ပြီး နိုင်ငံတော်အတွက် အကျိုးရှိရှိဆောင်ရွက်နိုင်ရေးစီမံပေးရမည်ဖြစ်ကြောင်း၊ NGO၊ INGO များနှင့်စပ်လျဉ်း၍ သီးခြားဥပဒေများပြဋ္ဌာန်းထားခြင်းမရှိသဖြင့် NGO၊ INGO Management Law၊Foreign Assistance Transparency Law၊ Volunteer Service Law၊ Data Protection Law၊ Public Benefit Organization Law၊ Humanitarian Coordination Law များ ပြဋ္ဌာန်း သင့်၊ မသင့် ဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း။

အဖွဲ့အစည်းများနှင့် ပတ်သက်သည့် တည်ဆဲဥပဒေများကိုလည်း ပြန်လည်ဆန်းစစ်၍ လက်ရှိအခြေအနေနှင့် ကိုက်ညီမှု ရှိမရှိ၊ လိုအပ်ချက်များ ရှိမရှိ၊ ထပ်မံဖြည့်စွက်ရန် လို၊ မလို လေ့လာသုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော NGO၊ INGO များ၏ အရေအတွက်များစိစစ်ခြင်း၊ မှတ်ပုံတင်ဆောင်ရွက်ထားမှုအဖွဲ့အစည်းများ၏ ရည်ရွယ်ချက်၊ လုပ်ငန်းနယ်ပယ်အလိုက် အမှန်တကယ်လုပ်ဆောင်နိုင်ခြင်း ရှိ၊ မရှိနှင့် ရန်ပုံငွေသုံးစွဲမှု၊ရန်ပုံငွေရရှိမှုအရင်းအမြစ်များ၊ ငွေကြေးစီးဆင်းမှုကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစိစစ်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် NGO၊INGO များကို တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အခက်အခဲများနှင့်လိုအပ်ချက်များကို လွှတ်တော်တွင် မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်သည့် အဖွဲ့အစည်းများ ဖြစ်ပေါ်လာရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်မည့် လွှတ်တော်သက်တမ်း ငါးနှစ်တာကာလအတွင်းတွင် လွှတ်တော်ကဏ္ဍ မြင့်မားတိုးတက်ပြီး လွှတ်တော်သည် နိုင်ငံတော်နှင့် ပြည်သူများက အားထားရသည့် လွှတ်တော်တစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(NCA-S EAOs)တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး ရှေးရှုလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအရှိန်အဟုန်ကိုမြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပိုမိုထိရောက်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်နှင့် ရရှိပြီးသားဆွေးနွေးမှုရလဒ်များကို လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်မည့်နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန်ရည်ရွယ်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(NCA– S EAOs)တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲသို့အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA–S EAOs)၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွှန့်၊ မွန်ပြည်သစ်ပါတီ(NMSP) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်အောင်မငေး၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)စစ်ရေးချုပ် စောစိန်ဝင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ရခိုင်ပြည်လွှတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ပါဝင်သည့် ကိုယ်စားလှယ်များတက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)က NCA ၏ အနှစ်သာရနှင့် အောင်မြင်မှုများအပေါ်အခြေခံသော ပိုမိုပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာမူဘောင်ကို ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲပထမရက်၌ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည်များကို ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် နှစ်ရက်တာဆွေးနွေးညှိနှိုင်းရရှိမှုများကို မှတ်တမ်းတင်ဆောင်ရွက်ရာတွင် NCA ကိုအခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုဖော်ဆောင်ရေး၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန်နှင့် သက်ဆိုင်သူများပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများဖြစ်မြောက်လာစေရေး၊ ဆွေးနွေးညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးရေး၊ EAO များ အခြေပြုရာဒေသများတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးအပ်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်စပ်အကောင်အထည်ဖော်ရေး၊တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၌ ပြည်သူလူထုအခြေပြုဆွေးနွေးပွဲများ၊ ဖိုရမ်များကိုကျင်းပရာတွင် သက်ဆိုင်ရာ NCA–S EAO များက ပူးပေါင်းဆောင်ရွက်ရေး၊ ပြည်တွင်း၊ပြည်ပနည်းပညာအကူအညီများ ရယူရေး၊ အလွတ်သဘောတွေ့ဆုံမှုများနှင့် Bilateral တွေ့ဆုံမှုများ ဆက်လက်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နှစ်ရက်တာဆွေးနွေးချက်များမှ NCA ၏အနှစ်သာရကို အခြေခံသည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်ဖော်ဆောင်ရေး၊ ယုံကြည်မှုတည်ဆောက်ရေး၊ NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လက်မှတ်ရေးထိုးပြီးအကြောင်းအမျိုးမျိုးကြောင့် NCA လမ်းကြောင်းမှ ကင်းကွာနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာနိုင်ရေး၊ စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးရေးနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားနိုင်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ နှစ်ရက်တာဆွေးနွေးညှိနှိုင်းချက်များအရ သဘောထားစုစည်းချက်များကို မှတ်တမ်းတင်လက်မှတ်ရေးထိုးကြပြီး NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA–S EAOs)၏ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံ စက်ရုံခွဲ(ရန်ကုန်)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**တပ်မတော်အကြီးစားစက်ရုံ စက်ရုံခွဲ(ရန်ကုန်)သည် ရေဂါလန် ၂၈၀၀ ဆံ့(6 x 6) အမျိုးအစားမီးသတ်ယာဉ်၊ ရေဂါလန် ၁၁၀၀ ဆံ့ (4 x 2) အမျိုးအစား မီးသတ်ယာဉ်၊ ရေဂါလန် ၂၂၀၀ ဆံ့(4 x 2) အမျိုးအစားရေသယ်ယာဉ်၊ ဆီဂါလန် ၄၂၀၀ ဆံ့(6 x 6) အမျိုးအစား ဆီသယ်ယာဉ်နှင့် ဆီဂါလန် ၂၂၀၀ ဆံ့(4 x 2) အမျိုးအစားဆီသယ်ယာဉ်များကိုထုတ်လုပ်လျက်ရှိပြီး တပ်မတော်အတွက်သာမက ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများထံသို့ လိုအပ်ချက်အပေါ်မူတည်ပြီး ဖြန့်ဖြူးရောင်းချပေးလျက်ရှိ . . .**

● ကျောဖုံးမှအဆက်

စက်ရုံ၏ ထုတ်လုပ်နိုင်မှုစွမ်းရည်များ၊ ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စက်ရုံမှ ထုတ်လုပ်သည့် Utility Vehicles များ၏ စွမ်းဆောင်ရည်များ၊ Utility Vehicles Component ထုတ်လုပ်မှုအဆင့်ဆင့်နှင့်စက်များ တပ်ဆင်အသုံးပြုမှု၊ စက်လိုင်းများတည်ထောင်ဆောင်ရွက်နေမှု၊ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ မော်တော်ယာဉ်များနှင့်ဆက်စပ်ပစ္စည်းများထုတ်လုပ်မှုနှင့် သုတေသနလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆီသယ်ယာဉ်၊ ရေသယ်ယာဉ်နှင့် မီးသတ်ယာဉ်များသည် တပ်မတော်အတွက်သာမက ဝန်ကြီးဌာနများတွင် အသုံးပြုသည်ဖြစ်သည့်အတွက် အရည်အသွေးပြည့်မီစွာဖြင့် အရေအတွက်များများထုတ်လုပ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန်၊ MSME လုပ်ငန်းများ၏ ကုန်ကြမ်းလိုအပ်ချက်များကို ထုတ်လုပ်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊ သုံးစွဲသူများ၏ လိုအပ်ချက်များကိုလည်း မှတ်တမ်းများပြုစု၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ အရည်အသွေးပြည့်ဝသည့် ထုတ်ကုန်ပစ္စည်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်၊ စက်ရုံမှထုတ်လုပ်သည့် မော်တော်ယာဉ်များကို ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ လိုအပ်ချက်များအပေါ် မူတည်၍ ပို့ဆောင်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်သွားရန်၊ မော်တော်ယာဉ်များထုတ်လုပ်ရာတွင် ယခုထက်ပိုမိုကောင်းမွန်ပြီး နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသည့် နည်းပညာမြင့်ကားများ ထုတ်လုပ်နိုင်ရေးအတွက်လည်း ဆက်လက်သုတေသနပြုဆောင်ရွက်သွားရန်နှင့် ဝန်ထမ်းမိသားစုများ၏ သက်သာချောင်ချိရေးများကိုလည်း တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရန်စသည်တို့နှင့်ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အဆိုပါစက်ရုံရှိ ပုံဖိအလုပ်ရုံ၊ ဘို့နှင့်နပ် အလုပ်ရုံနှင့် Tank တပ်ဆင်ရေးအလုပ်ရုံများအတွင်း မော်တော်ယာဉ်နှင့်ဆက်စပ်ပစ္စည်းများကို ခေတ်မီစက်ကိရိယာများနှင့် နည်းပညာများအသုံးပြု၍ ထုတ်လုပ်လျက်ရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံမှထုတ်လုပ်ထားရှိသည့် မီးသတ်ယာဉ်၊ ရေသယ်ယာဉ်နှင့် ဆီသယ်ယာဉ်များကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံရှိ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါ တပ်မတော်အကြီးစားစက်ရုံ စက်ရုံခွဲ(ရန်ကုန်)သည် ရေဂါလန် ၂၈၀၀ ဆံ့ ( 6 x 6 )အမျိုးအစားမီးသတ်ယာဉ်၊ရေဂါလန် ၁၁၀၀ ဆံ့(4 x 2) အမျိုးအစား မီးသတ်ယာဉ်၊ရေဂါလန် ၂၂၀၀ ဆံ့(4 x 2) အမျိုးအစား ရေသယ်ယာဉ်၊ ဆီဂါလန် ၄၂၀၀ ဆံ့(6 x 6) အမျိုးအစား ဆီသယ်ယာဉ်နှင့် ဆီဂါလန် ၂၂၀၀ ဆံ့(4 x 2 ) အမျိုးအစားဆီသယ်ယာဉ်များကို ထုတ်လုပ်လျက်ရှိပြီး တပ်မတော်အတွက်သာမက ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများထံသို့ လိုအပ်ချက်အပေါ်မူတည်ပြီး ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထို့ပြင် အဆိုပါစက်ရုံအနေဖြင့် Innlay Jeep နှင့် Innlay Pickup များ ထုတ်လုပ်ရာတွင် လိုအပ်သော Body Press Part များ၊ Frame များနှင့် အခြားလိုအပ်သည့် အစိတ်အပိုင်းများကိုထုတ်လုပ်လျက်ရှိပြီး အဆိုပါအစိတ်အပိုင်းများကို တပ်မတော်အကြီးစားစက်ရုံ(ထုံးဘို)သို့ပို့ဆောင်၍ Innlay Jeep ယာဉ် အပြီးသတ်တပ်ဆင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ကာ တပ်မတော်အတွက်သာမက အရပ်ဘက်ဝန်ကြီးဌာနများသို့ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် ၉၉ နှစ်မြောက် အခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း တက်ရောက်



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့်၉၉နှစ်မြောက်အခမ်းအနားသို့တက်ရောက်စဉ်။




ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံအမတ်ကြီး၊ တရုတ်စစ်သံမှူးနှင့် ဇနီးတို့က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် ၉၉ နှစ်မြောက် အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြစဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်တည်ထောင်သည့် ၉၉ နှစ်မြောက်အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Max ဟိုတယ်၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး တက်ရောက်သည်။

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပသည့်နေရာသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Qu Zhe နှင့်ဇနီး၊ တာဝန်ရှိသူတို့က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်တည်ထောင်သည့် ၉၉ နှစ်မြောက်အခမ်းအနားကိုစတင်ဖွင့်လှစ်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Qu Zhe က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး၊ တရုတ်စစ်သံမှူးနှင့် ဇနီးတို့က တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်တည်ထောင်သည့် ၉၉ နှစ်မြောက် အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တရုတ်စစ်သံမှူးတို့က အခမ်းအနားသို့ တက်ရောက်လာကြသူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များတက်ရောက်ကြကြောင်း သတင်းရရှိသည်။ (၅၀၁)






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ရှေ့ဖုံးမှအဆက်

ဦးမြထွန်းဦး၊ ဦးထိန်လင်း၊ ဦးကိုကိုလွင်၊ ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်သမ္မတ ရန်ကုန်တိုင်းဒေသကြီး သို့ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြား ချက်များအပေါ် လိုက်နာဆောင်ရွက်ထား ရှိမှု၊ မြို့နယ်များအလိုက်ဆက်သွယ်ရေး ကြိုးများနှင့် လျှပ်စစ်မီးကြိုးများစနစ် တကျဖြစ်စေရေး ဆောင်ရွက်ထားရှိမှု၊ မြေအောက် ကေဘယ်လ်ပိုက်လိုင်းနှင့် Man Hole များ တည်ဆောက်လျက်ရှိမှု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေစီး ရေလာကောင်းမွန်စေရေး ဆောင်ရွက် လျက်ရှိမှုနှင့်ရေမြောင်းများ၊ လမ်းများ ဖောက်လုပ်ရာတွင် ဖြောင့်ဖြူးမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု ရှိစေရေး အတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး အတွက် အမှိုက်များ စနစ်တကျစွန့်ပစ် စေရေး ပညာပေးကြပ်မတ်ဆောင်ရွက် လျက်ရှိမှု၊ လမ်း၊ တံတားများတည်ဆောက် ရာတွင် စနစ်တကျရှိစေရေး ဆောင်ရွက် လျက်ရှိမှု၊ မြို့ပြများအဆင့်မြှင့်တင် ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများထိခိုက် မှုမရှိစေရေးနှင့် မြို့ကွက်များစနစ်တကျ ရှိစေရေး Town Plan ရေးဆွဲဆောင်ရွက် လျက်ရှိမှု၊ အများပြည်သူများအပန်းဖြေ နိုင်ရေးပန်းခြံများ တိုးချဲ့တည်ဆောက်နိုင် ရေးဆောင်ရွက်လျက်ရှိမှု၊ ရန်ကုန်တိုင်း ဒေသကြီးဆိုင်ရာ အချက်အလက်များ၊ မြေအသုံးချထားရှိမှု၊ စပါးစိုက်ပျိုးမှုနှင့် ပိုလျှံစပါးများကို ပြည်ပသို့တင်ပို့လျက် ရှိမှု၊ ပြည်ပပို့ကုန်ပဲတီစိမ်းစိုက်ပျိုးထုတ် လုပ်မှု၊ ငါး၊ ပုစွန်၊ အခြားရေထွက်ပစ္စည်း များ ပြည်ပတင်ပို့မှု၊ သီလဝါအထူးစီးပွား ရေးဇုန်၌ လုပ်ငန်းများဆောင်ရွက်လျက်ရှိ မှု၊ တိုင်းဒေသကြီးအတွင်းရှိ ရေလှောင် တမံ၊ တာတမံ၊ ရေတံခါး၊ ရေနုတ်မြောင်း၊ လျှပ်စစ်ရေတင်စနစ်တို့မှ သောက်သုံးရေ နှင့်နွေစပါးရေပေးဝေနိုင်မှုတို့နှင့်ပတ်သက် ၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တိုင်း ဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် တိုင်းဒေသကြီးဆိုင်ရာ အချက်အလက် များနှင့် မြေအသုံးချမှု၊ သီးနှံစိုက်ဧရိယာ စာရင်းနှင့် အဓိကသီးနှံများစာရင်းဆိုင်ရာ အချက်အလက်များ၊ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ်ထိ သီးထပ်စွမ်းအားနှင့် သီးနှံ စိုက်စွမ်းအားဆိုင်ရာ အချက်အလက်များ၊ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ်ထိ စပါးစိုက် ပျိုးထုတ်လုပ်မှု၊ ဆီထွက်သီးနှံစိုက်ပျိုး ထုတ်လုပ်မှု၊ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု နှင့် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိမှု၊ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးထားရှိမှု နှင့် ပြည်ပပို့ကုန်အတွက် သီးသန့်ဇုန် သတ်မှတ်စိုက်ပျိုးထားရှိမှု၊ ဆီထွက်သီးနှံ နှင့် ကော်ဖီသီးနှံစိုက်ပျိုးထားရှိမှု၊ ရေလှောင်တမံများ၌ရေသိုလှောင်ထားနိုင် မှုနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေး ဆောင်ရွက်ထားရှိမှု၊ မိုးစပါးစိုက်ဧကများ ပန်းတိုင်အထွက်ရရှိရေး၊ ရေတော်မိုးတော် စိုက်ပျိုးနိုင်ရေးနှင့် သီးထပ်များစိုက်ပျိုး နိုင်ရေးအတွက် တိုင်းဒေသကြီးရန်ပုံငွေ ဖြင့် ရေကြီးရေလျှံလျော့ပါးရေးလုပ်ငန်း များဆောင်ရွက်ခဲ့မှု၊ မွေးမြူရေးလုပ်ငန်း များ အကောင်အထည်ဖော်ဆောင်ရွက်နိုင် မှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အားပေးဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိရေး စီမံဆောင်ရွက် ပေးနိုင်မှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အသက်မွေးဝမ်း ကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်မှု၊ တောင်ငူအထူး ဖွံ့ဖြိုးရေး ဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်သွားနိုင်ရေး စီမံ ဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့် ပတ်သက် ၍ ရှင်းလင်းတင်ပြသည်။

## နိုင်ငံ၏ GDP တိုးတက်မှုရှိစေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် GDP များ ယခုထက်ပိုမိုတိုးတက်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို

ယင်းနောက် နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် ရန်ကုန်တိုင်း ဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့သည် နိုင်ငံတော်တွင် အဓိကစီးပွားရေး

**မိမိ၏စီးပွားရေးမူဝါဒမှာ ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်း တူပါက အရည်အသွေး ပိုမိုကောင်းမွန်ရမည်ဖြစ်၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ကြရာတွင် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်မှုရှိရန်နှင့် ထုတ်လုပ်မှုများ မှန်မှန်ကန်ကန်ဖြစ်ရန်လိုအပ်၊ နိုင်ငံတစ်ခု၏ ဖွံ့ဖြိုး တိုးတက်မှုကို GDP ဖြင့် တိုင်းတာကြခြင်းဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်မှုရှိ စေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် GDP များ ယခုထက်ပိုမိုတိုးတက်မှု ရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လို . . .**

အားကောင်းသည့် တိုင်းဒေသကြီး ခြောက်ခုတွင်ပါဝင်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် MSME ကုန် ထုတ်လုပ်ငန်းများနှင့် စက်မှုဇုန်များ၌ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နေ ကြခြင်းဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်သို့ တင်ပို့ရောင်းချပေးလျက်ရှိ သည်ကိုတွေ့ရှိရကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် အရေ အတွက်ထက် အရည်အသွေးကောင်းမွန် မြင့်မားရေးကို အဓိကထားဆောင်ရွက် သွားကြရန်လိုကြောင်း၊ ယခင်က မိမိတို့ နိုင်ငံတွင် စီမံကိန်းစီးပွားရေးစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထုတ်ကုန် ပစ္စည်းများ၌ အရည်အသွေးပိုင်းတွင် အားနည်းချက်အချို့ရှိခဲ့ကြောင်း၊ ကုန် ဈေးနှုန်းများကြီးမြင့်ရခြင်းသည် ထုတ် လုပ်မှုနှင့် သုံးစွဲမှုမမျှတခြင်း၊ ထုတ်လုပ်မှု ကုန်ကျစရိတ်များ ကြီးမြင့်ခြင်းတို့ကြောင့် ဖြစ်သဖြင့် ပြည်တွင်း၌ ထုတ်ကုန်ပစ္စည်း များကိုဖူလုံမှုရှိအောင် ထုတ်လုပ်ပေးနိုင် ရန်လိုကြောင်း၊ **မိမိ၏စီးပွားရေးမူဝါဒမှာ ပစ္စည်းချင်းတူပါကဈေးနှုန်း သက်သာရ မည်၊ ဈေးနှုန်းချင်းတူပါက အရည်အသွေး ပိုမိုကောင်းမွန်ရမည်ဖြစ်**ကြောင်း၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ကိန်းဂဏန်းအချက်အလက်များ မှန်ကန် မှုရှိရန်နှင့်ထုတ်လုပ်မှုများမှန်မှန်ကန်ကန် ဖြစ်ရန်လိုအပ်ကြောင်း၊ နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့် တိုင်းတာ ကြခြင်းဖြစ်သဖြင့် နိုင်ငံ၏ GDP တိုးတက်မှုရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် GDP များ ယခုထက် ပိုမိုတိုးတက်မှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

## နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းလမ်းတကျဖြေရှင်းရန်လို

နိုင်ငံ့စီးပွား အားကောင်းစေရေး အတွက် စီမံဆောင်ရွက်ရာတွင် အခြေခံ ကိန်းဂဏန်းအချက်အလက်များ မှန်ကန် မှုရှိရေးသည် အဓိကကျသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြသည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုအခြေခံကိန်းဂဏန်းများ မှန်ကန်မှုရှိစေရေး စနစ်တကျစိစစ်တင်ပြ သွားကြရန်လိုကြောင်း၊ မြေပြင်အချက် အလက်များကို မှန်ကန်စွာကောက်ယူနိုင် ရေးအတွက်လည်း နယ်မြေဒေသတည်ငြိမ် အေးချမ်းမှုရှိရန်လိုကြောင်း၊ **နိုင်ငံရေးအရ ဖြစ်ပေါ်ခဲ့သည့် သဘောထားကွဲလွဲမှုများ ကို နိုင်ငံရေးနည်းလမ်းတကျဖြေရှင်းခြင်း မပြုဘဲ လက်နက်ကိုင်အကြမ်းဖက်သည့် လမ်းစဉ်ကို ရွေးချယ်ခဲ့ကြခြင်းကြောင့် နိုင်ငံအတွင်းရှိ အချို့နယ်မြေဒေသများ၌ တည်ငြိမ်အေးချမ်းမှုရရှိရန် လိုအပ်နေဆဲ ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူလူထုက ရွေးချယ်ထားသည့် ရွေးကောက်ခံအစိုးရ၏ ဦးဆောင်မှုနှင့် အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် တွင် လျှောက်လှမ်းနေပြီဖြစ်သဖြင့် နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကို ဒီမိုကရေစီနည်းလမ်းတကျ ဖြေရှင်း ဆောင်ရွက် သွားကြရန်လိုကြောင်း၊** လက်နက်ကိုင်အကြမ်းဖက်သည့် နည်း လမ်းဖြင့် ဖြေရှင်းနေကြခြင်းသည် ဖြေရှင်းနည်းအစစ်အမှန်မဟုတ်ဘဲ ၎င်းတို့ ကျင်လည်ရာဒေသနှင့် ဒေသခံတို့၏ အကျိုးစီးပွားကို ဖျက်ဆီးနေကြခြင်းပင် ဖြစ်ပြီး တစ်နည်းအားဖြင့် ဒေသနှင့် နိုင်ငံတော်၏အနာဂတ်ကို နှောင့်ယှက် ဖျက်ဆီးနေကြခြင်းပင်ဖြစ်ကြောင်း။

## ပညာရေးအားနည်းချက်များပြုပြင်နိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက် ပညာရေးအားနည်းချက်များ ရှိခဲ့သည်ကို အချက်အလက်များအရ တွေ့မြင်ရမည် ဖြစ်ကြောင်း၊ ပညာရေးအားနည်းချက်၏ နောက်ဆက်တွဲအနေဖြင့် စဉ်းစားတွေးခေါ် မြော်မြင်နိုင်စွမ်းနှင့် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်စွမ်းများ အားနည်းခဲ့ကြ ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံရေး အရ သဘောထားကွဲလွဲမှုများဖြစ်ပေါ်လာ ချိန်တွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားကြ သည့် ပြည်ပအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ သွေးထိုးလှုံ့ဆော်မှုများ ကို နားယောင်ကာ ဆူပူအကြမ်းဖက် သည့်လမ်းကြောင်းပေါ်သို့ ပညာရေး အားနည်းသူအများစု ရောက်ရှိသွားကြ ကြောင်း၊ နိုင်ငံအတွင်း၌ စုစည်းညီညွတ် မှုနှင့် စည်းလုံးမှုရှိမှသာဖွံ့ဖြိုးတိုးတက်ရေး ကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခ များ၊ အရေးအခင်းများကိုပြန်လည်သုံးသပ် ကြည့်မည်ဆိုပါကလည်း ပညာရေးအရ အားနည်းချက်များရှိခဲ့ခြင်း၊ နိုင်ငံရေးအရ ထွက်ပေါက်မရှိခြင်းနှင့် စီးပွားရေးကျဆင်း ခြင်းတို့ကြောင့်ဖြစ်သည်ကို သုံးသပ် တွေ့မြင်ရမည်ဖြစ်ကြောင်း။

ခေတ်အဆက်ဆက် နိုင်ငံတော် တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် အစိုးရများအနေဖြင့်လည်း နိုင်ငံတော်၏ ပညာရေးအားနည်းချက်များကို ပြုပြင် နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော် လည်း နိုင်ငံတော်၏ပညာရေးတွင် အားနည်းချက်များ ရှိနေဆဲဖြစ်သည်ကို

**စာမျက်နှာ ၁၉ သို့**

စာမျက်နှာ ၁၈ မှအဆက်

**နိုင်ငံအတွက်လိုအပ်သည့်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အစိုးရအဖွဲ့ဝင်များက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်၊ ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့် သင်ကြားမှုသင်ယူမှုဆိုင်ရာအထောက်အကူပြုပစ္စည်းများ ပြည့်စုံကောင်းမွန်မှုရှိစေရေး နှင့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက် သွားကြရန်လို . . .**

တွေ့မြင်ရမည်ဖြစ်ပြီး ပညာရေးအားနည်းမှုတွင် ပညာသင်ကြားရာ၌ အမှန်တကယ်ပညာတတ်မြောက်ရေးထက် အတန်းတက်ရေးကိုသာ ဦးစားပေးဆောင်ရွက်ခဲ့မှုများကြောင့်လည်း ပါဝင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတော်တာဝန်ယူခဲ့ရသည့် ၂၀၂၁ ခုနှစ်မှစတင်၍ အခြေခံပညာနှင့် အဆင့်မြင့်ပညာရေးတို့တွင် ပညာရည်မြင့်မားရေးကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကို သက်ဆိုင်ရာအတန်းနှင့် ဘာသာရပ်များအလိုက် သင်ကြားပေးသည့် ပညာရပ်များကို အမှန်တကယ်တတ်မြောက်စေရေး သင်ကြားပေးကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးနိုင်မှသာလျှင် အနာဂတ်နိုင်ငံတော်အတွက် အမှန်တကယ်ပညာတတ်ကျွမ်းသည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကျောင်းပညာရေးကိုသင်ကြားပေးရုံသာမက ကျန်းမာကြံ့ခိုင်မှုရှိစေရေး ကာယအချိန်များတွင် အားကစားနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းနှင့် ပြင်ပဗဟုသုတများ ရရှိစေရေး၊ အခြားလူမှုဆက်ဆံရေးနှင့် ပြည်သူ့နီတိများကိုလည်း သိရှိနားလည်စေရေး သင်ကြားလေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် **ကျောင်းနေအရွယ်ကလေးငယ်များကို ငယ်ရွယ်စဉ်မှစ၍ အသိပညာ၊ အတတ်ပညာများရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ၎င်းတို့ဘဝတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်သကဲ့သို့ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကိုလည်း များစွာအထောက်အကူ ပြုစေမည်ဖြစ်**ကြောင်း၊ အသိပညာ အတတ်ပညာပြည့်စုံပြီး အတွေးအခေါ် မှန်ကန်ကောင်းမွန်သည့် လူငယ်များကို မွေးထုတ်ပေးနိုင်မှသာလျှင် နိုင်ငံ၏အနာဂတ်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးအရအားနည်းချက်များကိုမြင်အောင်ကြည့်၍ အားလုံးက ဝိုင်းဝန်းပြုပြင်ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံအတွက်လိုအပ်သည့်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အစိုးရအဖွဲ့ဝင်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့် သင်ကြားမှုသင်ယူမှုဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပြည့်စုံကောင်းမွန်မှုရှိစေရေးနှင့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးပေးနိုင်ရေး အတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

## ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍမြင့်မားစေရေး

ပညာရေးနှင့်ဆက်စပ်၍ ကျန်းမာရေးကဏ္ဍတွင်လည်း နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့နေနိုင်ရေးအတွက်လည်း အစိုးရတစ်ရပ်အနေဖြင့် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် **“ဆေးရုံရှိပါက ဆရာဝန်ရှိရမည်၊ လူ့အသက်ထက်အရေးကြီးတာဘာမှမရှိ”** စသည့် မူဝါဒများချမှတ်၍ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမြင့်မားစေရေး အလေးထားဆောင်ရွက်စေလျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းရှိ ဆေးပေးခန်းများ၊ ဆေးရုံ၊ ဆေးခန်းများ၌ ကျန်းမာရေးဝန်ထမ်းများ အလုံအလောက်ခန့်ထားပေးနိုင်ရေး အတွက်လည်း နိုင်ငံတော်က စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိကြောင်း၊ ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍လည်း ကျောင်းနေအရွယ်ကလေးငယ်များ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများရရှိအောင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ကျေးလက်



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ကျန်းမာရေးဌာနများရှိ ကျန်းမာရေးဝန်ထမ်းများမှ အချိန်အခါအလိုက်၊ အသက်အရွယ်အလိုက် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အာဟာရပြည့်ဝစွာစားသုံးကြရေး အသိပညာပေးခြင်းများကို ထိထိရောက်ရောက်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ကျောင်းပတ်ဝန်းကျင်တစ်ဝိုက် ကျန်းမာရေးနှင့်ညီညွတ်မျှတသည့်ပတ်ဝန်းကျင်ဖြစ်စေရေး၊ အစားအသောက်နှင့်သောက်သုံးရေများ သန့်ရှင်းမှုရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

ကလေးငယ်များ ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးသည့် ခန္ဓာကိုယ်ရရှိစေရေးအတွက်လည်း အာဟာရပြည့်ဝသည့် အစားအစာများ ကျွေးမွေးနိုင်ရန်လိုကြောင်း၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအားနည်းခြင်းကြောင့် အားကစားကဏ္ဍတွင်လည်း အားနည်းနေခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကျောင်းသားအားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးရန်လည်းလိုကြောင်း၊ အခြေခံပညာကျောင်းများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် ကိုက်ညီသော စံကိုက်ဖြစ်သည့်ကျောင်းများဖြစ်အောင် အတတ်နိုင်ဆုံးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းနှင့် အပန်းဖြေခြင်းများဆောင်ရွက်နိုင်ရန်အတွက် အပန်းဖြေနေရာများနှင့် ပန်းခြံများ တည်ဆောက်ပေးသွားရန်လည်း လိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေး ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

## မြေအသုံးချမှုများကို စနစ်တကျဖြင့် အကျိုးရှိရှိဆောင်ရွက်သွားကြရန်လို

နိုင်ငံအတွင်း၌ မြေအသုံးချမှုများနှင့်ပတ်သက်၍လည်း အကျိုးရှိစွာဖြင့် အသုံးချ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွင့်ပြုပေးထားသည့် မြေနေရာများတွင် တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုသကဲ့သို့ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် ခွင့်ပြုပေးထားသည့် မြေနေရာများတွင်လည်း ခွင့်ပြုချက်များနှင့်အညီ စနစ်တကျဖြင့် အကျိုးရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ မြို့ပြများတည်ဆောက်ရာတွင် ကျစ်ကျစ်လျစ်လျစ်ဖြင့် စနစ်တကျတွက်ချက်၍ အကွက်ချတည်ဆောက်သွားကြရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လမ်း၊ မီးနှင့် ရေများကို စနစ်တကျဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ အုပ်ချုပ်မှုကိစ္စရပ်များကိုလည်း လွယ်ကူစွာဖြင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အလားတူ မြို့ပြများတိုးချဲ့တည်ဆောက်ခြင်း၊ လမ်းများတိုးချဲ့ခြင်းတို့ကိုဆောင်ရွက်ရာတွင်လည်း စနစ်တကျတွက်ချက်၍ မြေကိုအကျိုးရှိရှိအသုံးချသွားကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းမရှိပါက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရနိုင်ပြီး နိုင်ငံ့ဘဏ္ဍာငွေများကို ပိုမိုသုံးစွဲကုန်ကျရမည်ဖြစ်သဖြင့် နိုင်ငံတော်အတွက်နစ်နာဆုံးရှုံးမှုမရှိစေရေး ရေရှည်အတွက် စဉ်းစားတွက်ချက်ပြီးမှသာ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်မှုဇုန်များနှင့်ပတ်သက်၍ ဆောင်ရွက်ရန်ကျန်ရှိသည့် မြေနေရာများတွင်လည်း စနစ်တကျဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်လိုသည့် သမိုင်းဝင်တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများနှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများစွာရှိကြကြောင်း၊ မိမိနိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် အဆောက်အအုံများကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နေရာများသည် နိုင်ငံတော်၏သမိုင်းကြောင်း အစဉ်အလာကြီးမားမှုနှင့် ယဉ်ကျေးမှုစရိုက်လက္ခဏာမြင့်မားမှုတို့ကို ဖော်ညွှန်းနေခြင်းဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများစွာကိုလည်း ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ခရီးသွားများဝင်ရောက်ခြင်းဖြင့် ၎င်းတို့၏စားသောက်နေထိုင်သွားလာရေးများကို ဝန်ဆောင်မှုပေးနိုင်ခြင်း၊ ဒေသထွက်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ရောင်းချခြင်းစသည်ဖြင့် ဒေသအတွက် ဝင်ငွေများကို ရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းများတိုးတက်စေရေး မိမိတို့ဒေသအလိုက် သန့်ရှင်းသာယာလှပရေးနှင့် ဝန်ဆောင်မှုကောင်းများပေးနိုင်ရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများစနစ်တကျဖြစ်စေရေး၊ ရေစီးရေလာကောင်းမွန်ပြီး စိမ်းလန်းစိုပြည်ကာ သန့်ရှင်းသာယာလှပသည့် ဒေသများဖြစ်စေရေးအတွက်လည်း စိစစ်ကြပ်မတ်ခြင်းများ၊ စီမံခန့်ခွဲပေးခြင်းများဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။




## ဒေသတွင်းစားရေးဖူလုံမှုရှိစေရေး အလေးထားဆောင်ရွက်

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍လည်း မိမိတို့တိုင်းဒေသကြီးအလိုက်နေထိုင်သည့် လူဦးရေအပေါ်တွင်မူတည်၍ ဒေသ၏စားရေးဖူလုံမှုရှိအောင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တွက်ချက် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ငါးမွေးမြူခြင်းလုပ်ငန်းများကို ယခုထက်တိုးချဲ့ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း အသား၊ ငါးများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်သူများစားသောက်မှုအဆင်ပြေစေရေးသည် နိုင်ငံ့အရေးပင်ဖြစ်ပြီး မိမိတို့ဒေသအတွင်း ပြည်သူများ၏ စားသောက်မှုအဆင်ပြေစေရေး ဒေသအလိုက်တာဝန်ရှိသူများက အလေးထားဂရုပြု ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်က လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး လက်တွေ့အကောင်အထည်ဖော်ရမည်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များပင်ဖြစ်ကြောင်း။

ပြည်တွင်းစားသုံးဆီ ဖူလုံရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ် ပြည်ပမှစားသုံးဆီများကိုတင်သွင်းရလျက်ရှိပြီး နိုင်ငံခြားငွေများကို သုံးစွဲရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော်လည်း ပြည်တွင်းတစ်ဦးချင်း ဆီစားသုံးမှုနှုန်းမှာ များပြားလျက်ရှိကြောင်း၊ ထို့ကြောင့် ဆီစားသုံးမှုကိုလျှော့ချသွားကြရန်လိုပြီး ဆီကိုလိုအပ်သည်ထက် ပိုမိုစားသုံးမည်ဆိုပါက လူတစ်ဦးချင်းစီ၏ ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ မိမိတို့၏ ကျန်းမာရေးကို ထိခိုက်စေမည့် ဆီအလွန်အကျွံစားသုံးခြင်းများကို ရှောင်ကြဉ်သွားကြရန်လိုကြောင်း။

ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့အနေဖြင့် စီးပွားရေးအခြေခံကောင်းများနှင့် စိုက်ပျိုးမွေးမြူရေးရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် ဒေသနှင့်နိုင်ငံ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ




**နေပြည်တော် ဇူလိုင် ၂၁**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၈ ဦး တက်ရောက်သဖြင့် ၉၈ ဒသမ ၈၆ ရာခိုင်နှုန်း ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက်က လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီအရင်ခံစာကို ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကက Jang Phang နော်တောင်က ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၆ခုနှစ်)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်သွင်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၂၆ခုနှစ်)နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော ဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို ဆက်လက်အတည်ဖြစ်စေရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၆) ဦးအေးပိုင်**က ဖလမ်းမြို့နယ်နှင့် တွန်းဇံမြို့နယ်တို့မှအပ ကျန်သည့်မြို့နယ်များတွင် နယ်မြေမတည်ငြိမ်မှုဖြစ်နေဆဲ အခြေအနေရှိပါကြောင်း၊ ထို့ကြောင့် ကျန်ရှိနေသည့် နယ်မြေများကို နယ်မြေတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ရရှိစေရန်အတွက် အရေးပေါ်အခြေအနေ ကြေညာပြီး တပ်မတော်က ဆက်လက်တာဝန်ယူဆောင်ရွက်ရန် လိုအပ်နေသေးပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၇ တွင် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကကျသည့် လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ပုဒ်မ ၃၃၈ တွင်လည်း နိုင်ငံအတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်း အားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ ၄၁၂(က)တွင် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခု၏ နယ်မြေ၏အစိတ်အပိုင်းတွင် ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို အန္တရာယ်ပြုသည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကိုထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ပုဒ်မ ၄၁၃(က)တွင် နယ်မြေအခြေအနေ မူလအတိုင်းပြန်လည်ရောက်ရှိစေရန် တပ်မတော်၏အကူအညီကို ရယူနိုင်ကြောင်းနှင့် ပုဒ်မ ၄၁၆ တွင် နိုင်ငံတော်သမ္မတ၏တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးက အချိန်ကာလထပ်မံတိုးမြှင့်ပြီး ဥပဒေကဲ့သို့အာဏာတည်သောအမိန့်ကို တိုးမြှင့်အာဏာတည်စေရမည်ဟုလည်း ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် နယ်မြေမတည်မငြိမ်ဖြစ်နေသည့် ကျန်မြို့နယ်များအတွက် အခြေခံဥပဒေပုဒ်မ ၂၁၂(ဃ)အရ သက်တမ်းတိုးပေးရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ**က နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးတို့သည် နိုင်ငံတော်၏အဓိကတာဝန်များဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ တင်ပြချက်များနှင့် လက်ရှိအခြေအနေများကို လေ့လာသုံးသပ်ရာတွင် အရေးပေါ်ကြေညာထားသည့် မြို့နယ်ပေါင်း ၆၀ အနက် ချင်းပြည်နယ်ရှိ တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့မှအပ ကျန်မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ မူလအခြေအနေသို့ပြန်လည်ရောက်ရှိခြင်းမရှိသေးသည်ကို သိရှိရပါကြောင်း။

လက်ရှိတွင် အရေးပေါ်ကြေညာထားသောမြို့နယ်များ၌ လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများ၊ အများပြည်သူ၏လုံခြုံရေးကို ထိခိုက်နိုင်သောအခြေအနေများနှင့် အုပ်ချုပ်ရေးလုပ်ငန်းများကို ပုံမှန်အတိုင်းဆောင်ရွက်ရန် အခက်အခဲများရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ ယခုအချိန်တွင် အရေးပေါ်အခြေအနေကိုရုပ်သိမ်းလိုက်ပါက ဒေသတည်ငြိမ်ရေးနှင့် ပြည်သူ့လုံခြုံရေးအပေါ် မလိုလားအပ်သည့်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ထို့ပြင် လက်နက်ကိုင်ပဋိပက္ခနှင့် လုံခြုံရေးစိန်ခေါ်မှုများ၊ အုပ်ချုပ်ရေးအခက်အခဲများ၊ ပြည်သူများ၏ နေ့စဉ်ဘဝလုံခြုံစွာ ဖြတ်သန်းနိုင်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များ ဆက်လက်ရှိနေဆဲဖြစ်သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများက ဥပဒေနှင့်အညီ မိမိတို့တာဝန်များကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်အခြေအနေ ကြေညာချက်ကို နောက်ထပ်ရက် ၉၀ ဆက်လက်အတည်ဖြစ်စေရန် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ**က ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်နယ်စပ်ဒေသတစ်ခုသာမဟုတ်ဘဲ အိန္ဒိယနိုင်ငံသို့ ဝင်ပေါက်၊ တောင်အာရှသို့ ဆက်သွယ်ပေးမည့် မဟာဗျူဟာမြောက် တံခါးပေါက်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်၏ တည်ငြိမ်အေးချမ်းမှုသည် ချင်းပြည်နယ်အတွက်သာမဟုတ်ဘဲ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် အမျိုးသားလုံခြုံရေးအတွက်ပါ အလွန်အရေးကြီးပါကြောင်း၊ ချင်းပြည်နယ်တွင် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှု အမြန်ဆုံးပြန်လည်ရရှိလာခြင်းသည် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက်သာမက ဒေသတွင်း အပြန်အလှန် အကျိုးဖြစ်ထွန်းမှုကိုလည်း မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေး၊ မဟာဗျူဟာမြောက် ဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် ချင်းပြည်နယ်တွင် ပုံမှန်အုပ်ချုပ်ရေးလုပ်ငန်းများ အမြန်ဆုံးပြန်လည်စတင်နိုင်ရေးတို့ကိုရည်ရွယ်၍ ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ် (၁/၂၀၂၆)ကို နောက်ထပ်ရက်ပေါင်း ၉၀ ဆက်လက်အတည်ဖြစ်စေရန် ပြည်ထောင်စုလွှတ်တော်က သဘောတူညီချက်ပေးရန် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဦးရန်နိုင်ဦး**က ယခင်ကထုတ်ပြန်ထားခဲ့သည့်ဥပဒေကဲ့သို့အာဏာတည်သောအမိန့် အမှတ်(၁/၂၀၂၆)နှင့် (၂/၂၀၂၆)တို့သည် စတင်ထုတ်ပြန်သည့်နေ့မှစ၍ သတ်မှတ်ပြဋ္ဌာန်းကာလ မူလရက် ၉၀ ပြည့်မြောက်မည်ဖြစ်သော်လည်း နိုင်ငံတော်၏အခြေအနေအရပ်ရပ်သည် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်အမှတ်(၁/၂၀၂၆)တွင် ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မြို့နယ်များအနက် ချင်းပြည်နယ် တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့မှအပ ကျန်မြို့နယ်များသည် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများသည် မူလကဲ့သို့ကောင်းမွန်သည့်အခြေအနေများကို ပြန်လည်ရောက်ရှိခြင်း မရှိသေးသည့်အတွက် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ဘဝအာမခံချက်၊ တိုင်းပြည်၏အချုပ်အခြာပိုမိုလေးနက်တည်ငြိမ်စွာ တည်ဆောက်နိုင်ရေးကို လုံလောက်သည့်အချိန်တစ်ခု ထပ်မံရရှိရန် လိုအပ်နေသေးသည့်အားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းကာလကို နောက်ထပ်ရက်ပေါင်း ၉၀ ထိ ဆက်လက်တည်ရှိရန် မလွဲမသွေလိုအပ်ပါကြောင်း။

ထို့ကြောင့် ချင်းပြည်နယ် တွန်းဇံမြို့၊ ဖလမ်းမြို့တို့မှအပ ကျန်မြို့နယ်များသည် မူလအခြေအနေအတိုင်း တည်ငြိမ်အေးချမ်းလုံခြုံမှုမရှိသေးသည့်အတွက် မူလအတိုင်းအသားသေအောင် နောက်ထပ်ထပ်မံ၍ လုံလောက်သည့် နေ့ရက်အချိန်ကာလတစ်ခုအထိ ဆက်လက်အတည်ဖြစ်စေရန် မလွဲမသွေလိုအပ်လျက်ရှိပါသဖြင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၈) ဦးကျော်ဇင်ထွန်း**က ဖလမ်းမြို့နယ်နှင့် တွန်းဇံမြို့နယ်တို့ကို စစ်အုပ်ချုပ်ရေးမှ ချန်လှပ်ပေးထားခြင်းသည် မြေပြင်လုံခြုံရေး၊ စစ်ရေးနှင့် အုပ်ချုပ်ရေးအခြေအနေများကိုအခြေခံ၍ ဆုံးဖြတ်ထားသည့် လက်တွေ့ကျသော ဆုံးဖြတ်ချက်ဖြစ်သည်ဟု ယူဆပါကြောင်း၊ တစ်နိုင်ငံလုံးကို တစ်ပြိုင်နက်တည်း စစ်အုပ်ချုပ်ရေး သက်တမ်းတိုးခြင်းမျိုးမဟုတ်ဘဲ ဒေသတစ်ခုချင်းစီ၏ တည်ငြိမ်မှုအခြေအနေကို သီးခြားသုံးသပ်၍ ဖလမ်းနှင့် တွန်းဇံမြို့နယ်တို့ကို ချန်လှပ်ပေးခြင်းသည် ဥပဒေ၏ ရည်ရွယ်ချက်နှင့်လည်း ကိုက်ညီသကဲ့သို့ မြေပြင်အခြေအနေနှင့်လည်း လိုက်လျောညီထွေရှိသော ဆုံးဖြတ်ချက်ဖြစ်ပါကြောင်း။

စစ်အုပ်ချုပ်ရေးသည် နိုင်ငံတော်၏ လုံခြုံရေးနှင့် တည်ငြိမ်ရေးအတွက် ယာယီအသုံးပြုရသည့် အရေးပေါ်ဥပဒေဆိုင်ရာ အစီအမံဖြစ်သော်လည်း၊ အန္တိမရည်မှန်းချက်သည် အရပ်ဘက်အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ ပုံမှန်လူမှုစီးပွားဘဝကို အမြန်ဆုံးပြန်လည်ဖော်ဆောင်ပေးနိုင်ရေးဖြစ်သင့်ပါကြောင်း၊ ထို့ကြောင့် ဖလမ်းမြို့နယ်နှင့် တွန်းဇံမြို့နယ်တို့ကို စစ်အုပ်ချုပ်ရေးမှ ချန်လှပ်ပေးထားခြင်းကို ထောက်ခံကြောင်း၊ ကျန်မြို့နယ်များတွင်လည်း တည်ငြိမ်ရေး ပြန်လည်ရရှိသည်နှင့်တစ်ပြိုင်တည်း စစ်အုပ်ချုပ်ရေးကို အမြန်ဆုံးရုပ်သိမ်း၍ အရပ်ဘက်အုပ်ချုပ်ရေးစနစ်သို့ ပြန်လည်ကူးပြောင်းနိုင်ရေးကို အလေးထားဆောင်ရွက်ပေးပါရန်နှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုကိုအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(World Artificial Intelligence Cooperation Organization) ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်တွင် မြန်မာနိုင်ငံက

**စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ကိစ္စနှင့် စပ်လျဉ်း လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဇဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်**က မိမိတို့နိုင်ငံအနေဖြင့် ရရှိမည့်အကျိုးကျေးဇူးသည် ရင်ဆိုင်ရမည့်စိန်ခေါ်မှုများထက် ပိုမိုများပြားပါကြောင်း၊ စိန်ခေါ်မှုများကို မိမိတို့၏ လွတ်လပ်သည့်နိုင်ငံခြားရေးမူဝါဒနှင့် စီမံခန့်ခွဲနိုင်မည်ဖြစ်သည့်အတွက် စာချုပ်ကို အတည်ပြုပေးရန် ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံအတွက် ကုန်ကျစရိတ်နည်းပါးပြီး အကျိုးအမြတ်များမည့် နည်းပညာဆိုင်ရာ မဟာဗျူဟာမြောက် စာချုပ်တစ်ခုဖြစ်ပါကြောင်း။

ယင်းစာချုပ်သည် မိမိတို့နိုင်ငံ၏အချုပ်အခြာအာဏာကို မထိခိုက်စေသည့်အပြင် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာနှင့် ပညာရေးကဏ္ဍမြှင့်တင်ရေးတို့အတွက် များစွာအကျိုးကျေးဇူးဖြစ်ထွန်းအားပေးမည်ဖြစ်သည့်အတွက် (WAICO) စာချုပ်တွင် မြန်မာနိုင်ငံအနေဖြင့် Founding Member အဖြစ် ဝင်ရောက်နိုင်ရေးကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

**တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ**က WAICO သို့ ဝင်ရောက်ခြင်းသည် ဘက်စုံသံတမန်ရေးမူဝါဒကို ပိုမိုအားဖြည့်ဆောင်ရွက်ရာရောက်ပြီး အရှေ့တောင်အာရှနှင့် အာရှဒေသတွင်း နိုင်ငံများနှင့် နည်းပညာဆိုင်ရာဆက်ဆံရေးကို ပိုမိုခိုင်မာစေမည်ဖြစ်ပါကြောင်း၊ WAICO နှင့် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် မြန်မာနိုင်ငံ၏ ဉာဏ်ရည်တုစွမ်းဆောင်ရည်ကို မြှင့်တင်နိုင်မည်ဖြစ်ပြီး ဉာဏ်ရည်တုဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများကိုပါ အဆင့်မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်များနှင့် ဒစ်ဂျစ်တယ်ခေတ်ရေစီးကြောင်းတွင် တိုးတက်မြင့်မားလာမည့် နိုင်ငံတော်အကျိုးစီးပွားကိုရှေးရှုလျက် ဤကမ္ဘာ့ဉာဏ်ရည်တုနည်းပညာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(WAICO)သို့ မြန်မာနိုင်ငံ ဝင်ရောက်လက်မှတ်ရေးထိုးရေး အဆိုပြုချက်ကို ပြည်ထောင်စုလွှတ်တော်က ကန့်ကွက်ရန်မရှိဘဲ အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၈) ဦးကြည်လင်းထက်**က AI နည်းပညာကို လူသားအကျိုးပြုအသုံးချနိုင်ရေးကို အလေးထားခြင်းကြောင့် နိုင်ငံတကာအသိုက်အဝန်း၏ယုံကြည်မှုကို တိုးမြှင့်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယင်းအဖွဲ့အစည်းတွင် ပါဝင်ခြင်းအားဖြင့် မြန်မာနိုင်ငံသည် AI နည်းပညာဆိုင်ရာသုတေသန၊ နည်းပညာလွှဲပြောင်းမှု၊ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် နိုင်ငံတကာအတွေ့အကြုံများ ဖလှယ်နိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် နည်းပညာကွာဟချက်ကို လျှော့ချနိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ပါကြောင်း။

ယင်းသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းသည် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင်ဖြစ်လာခြင်းသာမဟုတ်ဘဲ နိုင်ငံ၏အနာဂတ်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းသစ်များကို ဖန်တီးပေးခြင်းလည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ရေရှည်အကျိုးစီးပွား၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်သူများ၏အကျိုးစီးပွားကို ရှေးရှု၍ အဆိုကို အတည်ပြုပေးပါရန် ထောက်ခံဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ**က မြန်မာနိုင်ငံအနေဖြင့် အဆိုပါသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးပါက AI နည်းပညာဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် သတင်းအချက်အလက် ဖလှယ်မှုများတွင် ပါဝင်နိုင်မည်ဖြစ်ပါကြောင်း၊ AI သုတေသန နည်းပညာလွှဲပြောင်းမှု ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်ပျိုးထောင်ရေးနှင့် စွမ်းအင်မြှင့်တင်ရေးအစီအစဉ်များတွင် အကျိုးခံစားခွင့်များရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးနှင့် e-Government လုပ်ငန်းများကို AI နည်းပညာဖြင့် ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ခန့်မှန်းရေးနှင့် ပြည်သူ့ဝန်ဆောင်မှုကဏ္ဍများတွင် AI နည်းပညာအသုံးပြုမှုကို ပိုမိုတိုးချဲ့နိုင်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဉာဏ်ရည်တု နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်တွင် ပါဝင်လက်မှတ်ထိုးနိုင်ရေးကို အတည်ပြုချက်ရယူပေးပါရန် ထောက်ခံဆွေးနွေးသည်။

**ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဦးဇော်ဇော်မြင့်**က နိုင်ငံအသီးသီးက လုံခြုံရေးနှင့်အတူ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားရုန်းကန်နေကြရသည့် ယခုကာလမျိုးတွင် ကမ္ဘာကြီး၏အနာဂတ် အကောင်း၊ အဆိုးကို နည်းပညာကသာ အဆုံးအဖြတ်ပေးမည်ကို သိသာထင်ရှားနေပါကြောင်း၊ ကဏ္ဍပေါင်းစုံ၏ နည်းပညာဆန်းသစ်တိုးတက်မှုများတွင် AI Software နှင့် Chip ထုတ်လုပ်မှုသည် အဓိကဖြစ်နေပြီး AI နည်းပညာဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် တရုတ်နိုင်ငံက ဦးဆောင်လာနိုင်သည်ကိုလည်း ထင်ရှားစွာ တွေ့မြင်နေရပါကြောင်း။

AI နှင့်လွတ်ကင်းသည်မရှိ (Everywhere Anything AI )ဆိုသည့် ကမ္ဘာကြီးဖြစ်လာမည်မှာ မဝေးတော့သော်လည်း လူသားများကသာ နည်းပညာကို တီထွင်ဆန်းသစ်ထိန်းချုပ်ထားခြင်းဖြစ်ပါ၍ လူသားသည်သာအဓိကဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (WAICO) တည်ထောင်ခြင်းဆိုင်ရာ သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စအပေါ် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် လက်တွေ့ကျကျ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်လှထွေး**က WAICO ကဲ့သို့သော နိုင်ငံတကာ AI ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် မြန်မာနိုင်ငံပါဝင်ဆောင်ရွက်ခြင်းသည် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် အကျိုးကျေးဇူးရှိနိုင်ပါကြောင်း၊ သို့သော် ပါဝင်ဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွား၊ ဥပဒေစည်းမျဉ်းများနှင့် လုံခြုံရေးကိုအခြေခံ၍ ဂရုတစိုက်ဆောင်ရွက်သင့်ပါကြောင်း။

AI နည်းပညာသည် အနာဂတ်၏ အရေးပါဆုံး နည်းပညာများထဲမှ တစ်ခုဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများတွင် သင့်လျော်စွာပါဝင်ဆောင်ရွက်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ အကျိုးစီးပွားကို များစွာအထောက်အကူပြုနိုင်သည့်အတွက် နေ့စဉ်တိုးတက်နေသော နည်းပညာများကို လေ့လာဆည်းပူးပြီး မလိုလားအပ်သော ကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ထိန်းသိမ်းပြီး ဆောင်ရွက်ပေးကြပါရန်နှင့် WAICO တည်ထောင်ခြင်းဆိုင်ရာ သဘောတူညီချက်တွင် မြန်မာနိုင်ငံအနေဖြင့်ပါဝင်မှုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၃) ဦးခင်မောင်ထွေး ခေါ် မင်းစောနွယ်**က ကမ္ဘာ့ဉာဏ်ရည်တု နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် နိုင်ငံတကာသုတေသနအသိုက်အဝန်းများအကြား ပူးပေါင်းမှုပိုမိုအားကောင်းလာစေခြင်း၊ AI နည်းပညာ၏ အန္တရာယ်များနှင့် စိန်ခေါ်မှုများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စုပေါင်းလျှော့ချနိုင်ခြင်း၊ နည်းပညာလွှဲပြောင်းရယူနိုင်ခြင်းကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးကို အရှိန်အဟုန်ဖြင့် မြှင့်တင်နိုင်ခြင်း၊ ကမ္ဘာလုံးဆိုင်ရာ AI စီမံအုပ်ချုပ်မှုတွင် ညီညွတ်မျှတသောစံနှုန်းများ ပေါ်ထွက်လာခြင်း စသည့်အားသာချက်များကို တွေ့ရှိရပါကြောင်း။

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို အခြေခံပြီး ဘေးကင်း၍ တရားမျှတသော AI ဂေဟစနစ်ပေါ်ထွန်းလာစေရန် နိုင်ငံတကာဥပဒေကြောင်းအရ သီးခြားရပ်တည်မည့် မဟာဗျူဟာမြောက် အဖွဲ့အစည်းဖြစ်ပြီး ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများကြား နည်းပညာနှင့် အရင်းအမြစ်များ တန်းတူညီမျှရရှိစေရန်နှင့် စနစ်တကျပြဋ္ဌာန်းထားသဖြင့် ဤသဘောတူညီချက်တွင် မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးသင့်ကြောင်း ထောက်ခံဆွေးနွေးသည်။

**တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦး**က ကောင်းကျိုးဆိုးပြစ်နှစ်တန် ပြိုင်တူပေးစွမ်းနိုင်သည့် AI ဉာဏ်ရည်တုနည်းပညာ အရှိန်အဟုန်ကြီးမားစွာ ထွန်းကားပြန့်ပွားလာသည့်အချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူသားများသည် AI ၏ကောင်းကျိုးများကို အတူမျှဝေခံစားရင်း AI ကို တလွဲသုံးခြင်း၊ ဘက်လိုက်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်နှင့် စိန်ခေါ်မှုများကို ကမ္ဘာ့နိုင်ငံများအားလုံးက စုပေါင်းကာကွယ်တားဆီးကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း လက်ရှိနှင့် အနာဂတ်ကာလအတွက် လုံခြုံစိတ်ချဘေးကင်းသော AI နည်းပညာနယ်ပယ်တစ်ရပ်ရှိရန် အရေးတကြီးလိုအပ်နေခြင်း၊ နိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာ၊ လွတ်လပ်မှုနှင့် အချုပ်အခြာအာဏာပိုင်မှုတို့ကို အပြည့်အဝအသိအမှတ်ပြုထားခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို အမှန်တကယ် ထိရောက်အကျိုးရှိစေနိုင်ခြင်းဟူသော အခြေခံစံသုံးချက်နှင့်ကိုက်ညီသော အပြည့်ပြည့်ဆိုင်ရာသဘောတူစာချုပ်ဖြစ်ကြောင်း စိစစ်သုံးသပ်ရပါကြောင်း၊ ထို့ကြောင့် ဤစာချုပ်တွင် မြန်မာနိုင်ငံအနေဖြင့် တည်ထောင်သူအဖွဲ့ဝင် တစ်ဦးအဖြစ်ပါဝင်လက်မှတ်ထိုးရန် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း**က article 5 ပါ Council နှင့် secretariat တွင် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများ ခန့်အပ်နိုင်ကြောင်း article 8 တွင် ထပ်မံဖော်ပြထားပါကြောင်း၊ မြန်မာနိုင်ငံကိုယ်စားပြု တစ်ယောက်ကို အချိန်ပြည့်တာဝန်ထမ်းဆောင်ရန် တောင်းဆိုသင့်ပါကြောင်း၊ WAICOကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများကို စီမံအုပ်ချုပ်နိုင်သည့် အရည်အချင်း၊ အတွေ့အကြုံများလည်း လိုအပ်နေပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းကို စီမံခန့်ခွဲနိုင်သည့် အတွေ့အကြုံများမရှိပါက မြန်မာနိုင်ငံ အလှည့်ကျဦးဆောင်ရမည့် အချိန်ကျစေကာမူ အကြောင်းပြချက်မျိုးစုံဖြင့် အခွင့်အရေးကို မျက်ကွယ်ပြုကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် Founding Member တစ်ယောက်၏အခွင့်အာဏာများကို အခြား Member များ မတောင်းဆိုမီ ဦးစွာတောင်းဆို ဆောင်ရွက်ပေးရန်နှင့် မြန်မာနိုင်ငံသားများ ကမ္ဘာ့နှင့် ဒေသအဖွဲ့များ စီမံအုပ်ချုပ်သည့် အတွေ့အကြုံများရရှိရန် council နှင့် Secretariat တွင် မြန်မာနိုင်ငံသားတစ်ယောက် တာဝန်ထမ်းဆောင်ခွင့်ရရှိရန်တို့ ဆောင်ရွက်ပေးပါရန် ထောက်ခံဆွေးနွေးသည်။

**သာကေတမဲဆန္ဒနယ်မှ ဒေါ်အေးမြမြကြိုင်**က ဤသဘောတူညီချက်စာချုပ်သည် မိမိတို့နိုင်ငံ၏ လက်ရှိအကောင်အထည်ဖော်နေသည့် ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒများ၊ နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း MSDP ရည်မှန်းချက်များနှင့် တစ်ထပ်တည်းကျနေသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် စတင်တည်ထောင်သူအဆင့်တွင် ပါဝင်ခွင့်ရမှသာ နောင်တစ်ချိန် နိုင်ငံတကာ AI စံနှုန်းများနှင့် မူဝါဒများချမှတ်သည့်နေရာများတွင် မိမိတို့နိုင်ငံ၏ အသံနှင့် ရပ်တည်ချက်များကို ထည့်သွင်းပြီး တန်းတူရည်တူဦးဆောင်ဆွေးနွေးခွင့်ရရှိလာမည်ဖြစ်ပါကြောင်း၊ သဘောတူညီချက်တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခြင်းသည် ကမ္ဘာ့ခေတ်ရေစီးကြောင်းကို ရင်ပေါင်တန်းနိုင်စေရန်နှင့် မိဘပြည်သူများအတွက် နည်းပညာဖြင့် အဆင့်မြင့်သည့် လူမှုပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖော်ဆောင်ပေးရန်အတွက် မလွဲမသွေလိုအပ်သော လုပ်ငန်းစဉ်ဖြစ်ပါသောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်**က AI ကိုအသုံးပြု၍ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်ပညာရှင်များ ပိုမိုမွေးထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုများဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုများ၊ ပညာရေးစနစ်၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ခန့်မှန်းရေး စသည့်ကဏ္ဍများတွင် AI ကိုအသုံးပြု၍ ဝန်ဆောင်မှုအရည်အသွေးမြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံအတွက် ဉာဏ်ရည်တု AI နည်းပညာကို စနစ်တကျအသုံးပြုခြင်းဖြင့် အကျိုးကျေးဇူးများစွာရရှိပြီး ကောင်းမွန်သည့် အထောက်အကူများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများနှင့် နည်းပညာ ချိတ်ဆက်ဖလှယ်ခြင်းဖြင့် ပူးပေါင်း ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် WAICO ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း**က AI နည်းပညာဖွံ့ဖြိုးလာသည်နှင့်အမျှ ကိုယ်ရေးအချက်အလက်လုံခြုံရေး၊ AI နှင့် သတင်းအမှားများပြုလုပ်ခြင်း၊ မူပိုင်ခွင့်ချိုးဖောက်ခြင်းနှင့် ကျင့်ဝတ်ဆိုင်ရာပြဿနာများကိုလည်း အလေးထားစီမံခန့်ခွဲရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် AI အသုံးပြုမှုအတွက် ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် ကျင့်ဝတ်ဆိုင်ရာလမ်းညွှန်ချက်များကို နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီအောင် တည်ဆောက်သင့်ပါကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံ၏ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့ဝန်ဆောင်မှုအရည်အသွေးများ မြှင့်တင်ရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရေးအတွက် ယင်းသဘောတူညီချက်တွင် မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က အဆိုပါ သဘောတူညီချက်ကို မြန်မာနိုင်ငံကိုယ်စား ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပါဝင်လက်မှတ်ရေးထိုးသွားနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၉ (က)နှင့်ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၂၅(က)ပါ ပြဋ္ဌာန်းချက် **စာမျက်နှာ ၂၂ သို့**

# ဘဝနတ်ထံပျံလွန်တော်မူသွားသော နိုင်ငံတော်သြဝါဒါစရိယ မိုးကောင်းတိုက် ဇယဝတီကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနာဘိဝံသ သက်တော် ၉၀ နှစ် သိက္ခာ ၇၀ ဝါရှိ မဟာထေရ်မြတ်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်

**မန္တလေး ဇူလိုင် ၂၁**

ဘဝနတ်ထံ ပျံလွန်တော်မူသွားသော နိုင်ငံတော်သြဝါဒါစရိယ မိုးကောင်းတိုက် ဇယဝတီကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနာဘိဝံသ သက်တော် ၉၀ နှစ် သိက္ခာ ၇၀ ဝါရှိ မဟာထေရ်မြတ်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ယနေ့ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်တို့ သွားရောက်ဖူးမြော်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးတို့သည် နာယကဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား နိုင်ငံတော်



အဆင့် အန္တိမအဂ္ဂိစျာပနအခမ်းအနားဖြင့် ကျင်းပသွားမည့်အစီအမံများနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ နာယကဆရာတော်ကြီးများထံမှ သြဝါဒများခံယူပြီး အန္တိမအဂ္ဂိစျာပနအခမ်းအနားအတွက် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယနေ့နံနက်ပိုင်းက ဘဝနတ်ထံပျံလွန်တော်မူသွားသော နိုင်ငံတော်သြဝါဒါစရိယ မိုးကောင်းတိုက် ဇယဝတီကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနာဘိဝံသ၏ အန္တိမအဂ္ဂိစျာပနအခမ်းအနားကို ၁၃၈၈ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၃ ရက်၊ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၇ ရက် နံနက် ၁၁ နာရီတွင် စတင်ကျင်းပမည်ဖြစ်ပြီး မွန်းတည့် ၁၂ နာရီတွင် တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက အေးရိပ်ငြိမ်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိစျာပနအခမ်းအနားကို ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

---

**စာမျက်နှာ ၂၁ မှအဆက်**

တို့အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ၂၀၂၆ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုလွှတ်တော်နာယကကြီးထံသို့ သဝဏ်လွှာပေးပို့ခဲ့ခြင်းဖြစ်ပါကြောင်း။

သဝဏ်လွှာတွင် ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကို ကုလသမဂ္ဂပဋိညာဉ်၏ ရည်ရွယ်ချက်၊ မူဝါဒသဘောတရားများနှင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ် ၂၀၃၀ ကို အကျိုးပြုစေရန်အတွက် တည်ထောင်ခြင်းဖြစ်ကြောင်း၊ အစိုးရအချင်းချင်းဆက်သွယ်သည့် လွတ်လပ်သော နိုင်ငံတကာအဖွဲ့အစည်းတစ်ရပ်အနေဖြင့် တည်ထောင်၍ အပြည်ပြည်ဆိုင်ရာ ဥပဒေဂုဏ်ရှိသော အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂပဋိညာဉ်ကို လိုက်နာကာ တန်းတူညီမျှမှုနိုင်ငံပေါင်းစုံပါဝင်မှုကို ဦးတည်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဤသဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် ၂၀၂၆ ခုနှစ် မေ ၁ ရက်မှဇူလိုင်၃၁ရက်ထိ သတ်မှတ်ထားကြောင်းနှင့် သဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးပါက တည်ထောင်သူအဖွဲ့ဝင်နိုင်ငံအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်ကြေး နှစ်စဉ်ထည့်ဝင်ရမည်ဖြစ်ကြောင်း၊ ဤသဘောတူညီချက်နှင့် အဖွဲ့အစည်းမှ နုတ်ထွက်မည်ဆိုပါက အကြောင်းကြားစာပေးပို့ပြီး တစ်နှစ်ပြည့်မြောက်သည့်အချိန်တွင် အာဏာသက်ရောက်မည်ဖြစ်ကြောင်းတို့ကို ဖော်ပြထားပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် ၂၀၂၆ ခုနှစ် ဇူလိုင် ၁၇ ရက်မှ ၂၀ ရက်ထိ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုနည်းပညာဆွေးနွေးပွဲနှင့် ကမ္ဘာတစ်ဝန်းဉာဏ်ရည်တုအုပ်ချုပ်မှုဆိုင်ရာ အဆင့်မြင့်အစည်းအဝေးတွင် မြန်မာနိုင်ငံကိုယ်စား ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ဝန်ကြီးအဆင့်ကိုယ်စားလှယ်တော်ကြီးများ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးခွင့် ရရှိခြင်းဖြင့် မြန်မာနိုင်ငံ၏ AI နည်းပညာခရီးလမ်းကို အတိုင်းအတာတစ်ခုထိ အထောက်အကူပြု အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ဖက်တစ်လမ်းက ထောက်ကူ အားဖြည့်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ AI နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာပညာရှင်များ၏ အကူအညီများရရှိနိုင်ပြီး လူသားအရင်းအမြစ်မွေးထုတ်ရေးတွင်လည်း များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ ထို့ပြင် AI နည်းပညာကို လွဲမှားစွာအသုံးပြုမှု၊ ဘေးထွက်ဆိုးကျိုးများနှင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများကို နိုင်ငံတကာနှင့် ဟန်ချက်ညီညီပူးပေါင်းပြီး ကာကွယ်တားဆီးတိုက်ဖျက်နိုင်မည်ဖြစ်ပါကြောင်း။

သို့ပါသောကြောင့် သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးပြီး နိုင်ငံတကာနှင့် ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆောင်ရွက်ခြင်းသည် မဖြစ်မနေဆောင်ရွက်ရမည့်အရေးကိစ္စဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အမျိုးသားဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို တည်ထောင်ပြီး AI နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘောတူညီချက်တွင် လက်မှတ်ရေးထိုးနိုင်ခြင်းအားဖြင့် မြန်မာနိုင်ငံအတွက် AI နည်းပညာဆိုင်ရာကဏ္ဍသစ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့ခြင်းလည်းဖြစ်ပါကြောင်း။

ယခုကဲ့သို့ အပြည်ပြည်ဆိုင်ရာသဘောတူညီချက် လက်မှတ်ရေးထိုးခြင်းကိစ္စရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော် နိုင်ရန်အတွက် ထောက်ခံအတည်ပြုပေးပါသော ပြည်ထောင်စုလွှတ်တော်နာယကနှင့် လွှတ်တော်ကိုယ်စားလှယ်များကို ကျေးဇူးတင်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ အတည်ပြုသဖြင့် အဆိုကို သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို ဇူလိုင် ၂၃ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေတက်လာမှုအပေါ် မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်သော်လည်း ရာသီဥတုဒဏ်ကြောင့် ၎င်းရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် အထူးဂရုပြု ခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလ၌ ပေါ်ထွန်းခဲ့သော သောင်နှင့် ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြှုပ်ပေါက်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်စွမ်းအားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြုခုတ်မောင်းရပါမည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး၊ ညအခါ မီးစိမ်းထွန်း၍ ပြသထားပါသည်။ ရေယာဉ်များ ဝင်ရောက်ဖြတ်သန်းခြင်း မပြုရမည့် ရေလမ်းတွင် နေ့အခါအနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း၍ ပြသထားပါသည်။

၄။ ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေတတ်ပြီး တံတားတိုင်များအကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်တို့ကို ကြိုတင်စစ်ဆေးပြီး၊ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရပါမည်။ တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်(၂)စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်သည့် ဝန်နှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းရမည်ဖြစ်ပြီး မနိုင်ဝန်ကို သယ်ဆောင်ခြင်း မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရပါမည်။

၅။ ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်လာပါက ရေယာဉ်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# ပြည်တွင်း၌ ခေတ်မီ Smart Meter များ ထုတ်လုပ်လျက်ရှိ



ရန်ကုန် ဇူလိုင် ၂၁

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးနှင့် ဓာတ်အားစနစ်တည်ငြိမ်၍ စဉ်ဆက်မပြတ်ပေးနိုင်ရေးတို့ကို ဘက်စုံမှ တွန်းအားပေး ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အင်းတကော်စက်မှုနယ်မြေရှိ ခေတ်မီ Smart Meter များထုတ်လုပ်နေသည့် စက်ရုံ၌ ဒစ်ဂျစ်တယ်မီတာများထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများပြုလုပ်၍ Hardware နှင့် Software များကို အဆင့်မြှင့်တင်သွားနိုင်ရေး၊ သဘာဝဓာတ်ငွေ့မီတာနှင့် ရေမီတာများကိုပါ Digital မီတာဖြင့်ထုတ်လုပ်နိုင်ရေး၊ Electronic နှင့် IT ပညာရှင်များစဉ်ဆက်မပြတ်မွေးထုတ်နိုင်ရေးအတွက် လေ့ကျင့်ပညာပေးရေးနှင့် နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသည့် ဒစ်ဂျစ်တယ်မီတာများကို အချိန်မီထုတ်လုပ်ဖြည့်ဆည်းပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်)၌ ဌာနမှ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် အဆင့် လျှပ်စစ်မန်နေဂျာများ၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ် ဘဏ္ဍာရေးတာဝန်ခံများနှင့် တွေ့ဆုံပြီး ဓာတ်အားလေလွင့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် နည်းပညာအသုံးပြု၍ စစ်ဆေးကြပ်မတ်သွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲသူတို့၏ လိုအပ်ချက်များကို ကောင်းမွန်သောဝန်ဆောင်မှုများပေး၍ ဖြည့်ဆည်းပေးရန်၊ Call Center များအနေဖြင့် ပြည်သူတို့၏ မေးမြန်းလာမှု၊ သတင်းပေးလာမှုတို့အပေါ် စိတ်ရှည်နားလည်မှုရှိစွာ ကူညီဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်သွားမည့် အစီအမံများတင်ပြရာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ❍ ရထားခရီးစဉ်စတင်ပြေးဆွဲမှ

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြေးဆွဲမည့် ရထားတွဲဆိုင်းကို ဖွင့်လှစ်ပေးသည်။

ထို့နောက် မြစ်ကြီးနားဘူတာမှ မိုးညှင်းဘူတာထိ လိုက်ပါစီးနင်းကြမည့် ခရီးသွားပြည်သူများကို နှုတ်ဆက်၍ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့က မိုးကောင်း၊ တောင်နီ၊ မင်းကုန်း၊ ဟိုပင်၊ မြို့သစ်ကလေးနှင့် ခရီးဆုံးဘူတာဖြစ်သည့် မိုးညှင်းဘူတာထိ ရထားစီးပြည်သူများနှင့်အတူ လိုက်ပါစီးနင်းကြပြီး ဒေသခံပြည်သူများကို နှုတ်ဆက်အားပေးစကားများပြောကြားကြသည်။

ယနေ့စတင်ပြေးဆွဲသည့် အမှတ်(၄၉) အဆန် မိုးညှင်း-မြစ်ကြီးနား လူစီးရထားသည် မိုးညှင်းဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ မြစ်ကြီးနားဘူတာသို့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၅၀) အစုန် မြစ်ကြီးနား-မိုးညှင်း လူစီးရထားသည် မြစ်ကြီးနားဘူတာမှ နံနက် ၆ နာရီတွင် စတင်ထွက်ခွာ၍ မိုးညှင်းဘူတာသို့ မွန်းလွဲ ၁ နာရီတွင် လည်းကောင်း ရောက်ရှိသည်။

ခရီးစဉ် လက်မှတ်ခနှုန်းထားမှာ ခရီးစဉ် အစ၊ အဆုံး အထက်တန်းအတွက် ငွေကျပ် ၂၅၀၀၀ နှင့် ရိုးရိုးတန်းအတွက် ငွေကျပ် ၁၅၀၀၀ ကျသင့်မည်ဖြစ်ပြီး ခရီးစဉ်တစ်လျှောက် ဘူတာစဉ်ရပ်တန့်ပေးမည်ဖြစ်ကာ လက်မှတ်များကို သက်ဆိုင်ရာဘူတာများတွင် အထက်တန်း သုံးရက်နှင့် ရိုးရိုးတန်းအတွက် တစ်ရက် ကြိုတင်ဝယ်ယူနိုင်မည် ဖြစ်သည်။

မြစ်ကြီးနား-မိုးညှင်း-မြစ်ကြီးနား ခရီးစဉ်ကို ခရီးသွားပြည်သူများလုံခြုံစိတ်ချစွာ သက်သောင့်သက်သာစီးနင်းလိုက်ပါနိုင်ရေးအတွက် လူစီးရထားခရီးစဉ်ကို ပြေးဆွဲပေးခြင်းဖြစ်ပြီး မြန်မာ့မီးရထားအနေဖြင့် လမ်းပိုင်းများပိုမိုကောင်းမွန်လာခြင်း၊ ခေတ်မီအချက်ပြစနစ် တပ်ဆင်အသုံးပြုနိုင်ခြင်း၊ ခေတ်မီစက်ခေါင်းနှင့် တွဲများအသုံးပြုလာနိုင်ပြီးဖြစ်၍ ရထားအမြန်နှုန်း တိုးမြှင့်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**☆ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်မှ**

တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့သည့် ချင်းပြည်နယ် တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့မှအပ ကျန်မြို့နယ်များအတွက် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၁ ရက်တွင်ကျင်းပသော တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့၏သဘောတူညီမှုဖြင့် ယင်းအမိန့်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၂၊ ပုဒ်မခွဲ (ဃ)အရ ယနေ့မှစ၍ ရက်ပေါင်း ၉၀ အထိ ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာလိုက်သည်။


(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**■ စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်မှ**

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။

၃။ ဤအမိန့်သည် ယနေ့မှစ၍ ရက်ပေါင်း ၉၀ အထိ အတည်ဖြစ်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်




**❑ မိုးထစ်ချုန်းရွာမည်မှ**

ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# စမုံရေငုပ်ပြွန်အောက်ပိုင်းရှိ ဆည်ရေသောက်ဧရိယာ ၄၂၄၃၉ ဧကကို ဇူလိုင် ဒုတိယပတ်မှစတင်၍ ဆည်ရေပေးဝေလျက်ရှိ



**နေပြည်တော် ဇူလိုင် ၂၁**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အတွင်းတည်ရှိသည့် ကင်းတားဆည် လက်ဝဲမြောင်းမကြီးမှ ယခုနှစ် မိုးစပါး ဧက ၅၂၀၇၀ နှင့် အခြား မိုးသီးနှံ ၃၄၉၄ ဧကကို စိုက်ပျိုးရေပေးဝေရန် လျာထား ဆောင်ရွက်လျက်ရှိပြီး စမုံရေငုပ်ပြွန် အောက်ပိုင်းရှိ စိုက်ပျိုးဧရိယာ ၄၂၄၃၉ ဧကကို ဇူလိုင်လ ဒုတိယပတ်မှစတင်၍ ဆည်ရေပေးဝေလျက်ရှိကြောင်း၊ စမုံရေငုပ်ပြွန်မှ မိတ္ထီလာလွင်ပြင်ဒေသ အတွင်း တိုးချဲ့စိုက်ပျိုးရန် လျာထားသည့် စိုက်ပျိုးဧရိယာများအတွက်ပါ စိုက်ပျိုးရေ တိုးချဲ့ပေးဝေသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ စမုံရေငုပ်ပြွန် အသစ်ပြန်လည် တည်ဆောက်ပြီးစီးမှုကို ဇူလိုင် ၂၀ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မြစ်သားမြို့နယ် သပြေတောင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံပြီး ဝင်ငွေရသီးနှံများ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးသည့် သီးနှံများ အထွက်ကောင်းရေး၊ ရိတ်သိမ်းသိုလှောင်ခြင်းလုပ်ငန်းများတွင် သီးနှံ လေလွင့်မှုမရှိရေး ဂရုပြုဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လှိုင်ကော်မြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ပြည်သူ့စစ်ဌာနေ တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

ကယားပြည်နယ် လှိုင်ကော်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့ နေ့လယ်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက လှိုင်ကော်တပ်နယ်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများ ပေးအပ်ကြပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သော ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးနေမှုကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မဝလ)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ



ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ နေ့လယ်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး အမှုတ်၊ အကအခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုအထူးနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

(မဝလ)

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိတိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

(မဝလ)




ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများကို အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

**၂၀၂၆ ခုနှစ် ဇူလိုင် ၂၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးအပ်နိုင်ရေးကိစ္စရပ်များဆွေးနွေး




မန္တလေး ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ကုလသမဂ္ဂလူသားချင်း စာနာမှုဆိုင်ရာ ယာယီလက်ထောက် အတွင်းရေးမှူးချုပ်နှင့် အရေးပေါ် ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညွှန်ကြား ရေးမှူး H.E. Mr. Indrika Ratwatte ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၈ နာရီက မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးစွာအမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ဓာတ်အားလိုင်းကြိုးများ အစားထိုးလဲလှယ်မည်ဖြစ်သဖြင့် ယာယီဓာတ်အားပြတ်တောက်မည်

နေပြည်တော် ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီးအတွင်းရှိတည် ဆောက်ပြီးနှင့် တည်ဆောက်ဆဲဓာတ်အား ပေးစက်ရုံစီမံကိန်းများ၏ ဓာတ်အား ထုတ်လုပ်မှုများကို နိုင်ငံတော်ဓာတ်အား စနစ်ကွန်ရက်သို့ ပိုမိုသယ်ဆောင်နိုင်ရန်၊ ဓာတ်အားစနစ်တည်ငြိမ်စေရန်နှင့် ဗို့အား တိုးတက်ကောင်းမွန်စေရန်အတွက် ၁၃၂ ကေဗွီ မကွေး-တောင်တွင်းကြီး ဓာတ်အား လိုင်း၏ လက်ရှိ ACSR ဓာတ်အားလိုင်း ကြိုးကို ဝန်အားနှစ်ဆကျော်ထိ တိုးမြှင့် သယ်ဆောင်နိုင်သည့် နည်းပညာမြင့် ဖိုင်ဘာအူတိုင် အလူမီနီယံဓာတ်အားလိုင်း ကြိုးဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်း များကို တိုင်အမှတ်(၁၁၄)နှင့်(၁၁၅)ကြား၊ တိုင်အမှတ်(၁၁၈)နှင့် (၁၁၉)ကြား၊ တိုင် အမှတ် (၁၆၅)နှင့် (၁၆၆) ကြားတို့တွင် ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါလုပ်ငန်း ဆောင်ရွက်မည့် ဓာတ်အားလိုင်းအပိုင်း အောက်ရှိ ၆၆ ကေဗွီ တောင်တွင်းကြီး- သစ်ရာကောက် ဓာတ်အားလိုင်းနှင့် တောင်တွင်းကြီး-မြို့သစ်ဓာတ်အားလိုင်း တို့ကို ၂၀၂၄ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ၂၆ ရက်ထိ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဓာတ်အားပိတ်ထားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်နေစဉ် အတွင်း မြင်ကွန်းမြို့၊ မိကျောင်းရဲမြို့၊ သစ်ရာကောက်မြို့၊ မြို့သစ်မြို့နှင့် နတ်မောက်မြို့တို့အတွင်းရှိ ရပ်ကွက်များ နှင့် ကျေးရွာများ ယာယီဓာတ်အားပြတ် တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အား ပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများမှတစ်ဆင့် ကြိုတင် အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သတင်း ရရှိသည်။

(သတင်းစဉ်)

## ၂၁-၇-၂၀၂၄ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃.၄ ~ ၃၆၆၈ | ၅၅၇ ~ ၅၅၇.၈ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၂,၃၀၆,၆၇၄.၀၂ | ၃,၅၇၈,၃၁၇.၀၂ | ၆,၈၁၈,၆၉၇.၂၇ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ ဓာတ်မြေဩဇာ၊ ကား၊ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ စားသုံးကုန်စည် တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၁ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၄ သန်းအား CMP ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

# သံအမတ်ကြီး ဦးဇော်ဝင်းမြင့်အား မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇူလိုင် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဝင်းမြင့်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရား များအပြင် မွန်ဂိုလီးယားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။

(သတင်းစဉ်)

# တွန်းဇံမြို့၌ ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များကို ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ ထောက်ပံ့ပေးအပ်

တွန်းဇံ ဇူလိုင် ၂၁

ချင်းပြည်နယ် တွန်းဇံမြို့၌ ပြန်လည် ဝင်ရောက်လာသည့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များကို အခြေခံစားကုန်များ ဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ယင်းသို့ အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်ရာ၌ နိုင်ငံ့ဝန်ထမ်း ဦးရေ ၆၄၀ အတွက် ဆန်အိတ် ၂၀၀၊ စားအုန်းဆီပိဿာ ၆၄၀၊ မိသားစုဝင် များနှင့် ပြည်သူများအတွက် ကုလားပဲ ပိဿာ ၁၅၂၀ နှင့် ဆားထုပ် ၁၅၂၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။

မြို့နယ်(ပြန်/ဆက်)




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

### ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေ့ါသွပ်သူဖြစ်ခြင်း သို့မဟုတ် စိတ်ပေ့ါသွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် သို့မဟုတ် အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီး အရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# မိုးကောင်းတိုက်၊ ဇယဝတီကျောင်း၊ ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက် မိုးကောင်းတိုက် ဇယဝတီကျောင်း ဦးစီးပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တသုဇနာဘိဝံသ သက်တော် ၉၀ နှစ်၊ သိက္ခာ ၇၀ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက် (၂၁-၇-၂၀၂၆)၊ အင်္ဂါနေ့ နံနက် ၉ နာရီခွဲတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်ဩဝါဒါစရိယဆရာတော်
မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊
သီရိဟေမာအရှေ့ရပ်ကွက် မိုးကောင်းတိုက်၊ ဇယဝတီကျောင်း
ဦးစီးပဓာနနာယက ဘဒ္ဒန္တသုဇနာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကုန်းစဉ်ကျေးရွာ၊ ခမည်းတော် ဦးသူတော် + မယ်တော် ဒေါ်ပိုး တို့က ၁၂၉၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်၊ သောကြာနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်နေ့တွင် မြိုင်မြို့နယ်၊ ကုန်းစဉ်ကျေးရွာ၊ ရာဇိန္ဒာရာမကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒေဘာသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၈ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်နေ့တွင် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဘင်္ဂါလီကျောင်းတိုက်၊ ခဏ္ဍသိမ်၌ မိုးကောင်းတိုက်၊ မော်လမြိုင်ကျွန်းအုပ်ကျောင်း ဆရာတော် ဘဒ္ဒန္တအာသဘာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ မန္တလေးမြို့နေ ဦးသွယ်+ ဒေါ်သိန်းတင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် ကုန်းစဉ်ကျေးရွာ၊ ရာဇိန္ဒာရာမကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒေဘာသ၊ ဘဒ္ဒန္တဝိမလ၊ မန္တလေးမြို့၊ ချမ်းသာကြီးတောင်တိုက်၊ မမ္မပါလရဲလှကျောင်း ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမ (အလယ်) တိုက် ဆရာတော် ဘဒ္ဒန္တတိက္ခ၊ မန္တလေးမြို့၊ ဝွေးချိုတိုက်၊ မင်္ဂလာသာစည်ကျောင်းဆရာတော်၊ စစ်ကိုင်းမြို့၊ ရွှေဟင်္သာတိုက်သစ် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတသိရီစသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇဓမ္မာစရိယဘွဲ့၊ သကျသီဟဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏဓမ္မာစရိယ(ဝဋံသကာ) ဘွဲ့၊ အဘိဓမ္မပါဠိပါရဂူဘွဲ့" တို့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မန္တလေးမြို့၊ မိုးကောင်းတိုက်၌ စာသင်သားရဟန်း၊ သာမဏေများကို ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်းနှင့် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ပထမအကြိမ်၊ မြစ်သားမြို့နယ် တိုင်းဒေသကြီးသံဃာ့ဝန်ဆောင်၊ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ အစိုးရပါဠိပထမပြန်စာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲတို့တွင် ဗဟိုအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ အသင်းကြီး၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။



### ဘွဲ့တံဆိပ်အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော် အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဒ္ဓနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၂၁ ခုနှစ်တွင် **"အဘိဓဇမဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၀ နှစ်၊ သိက္ခာ ၇၀ ဝါအရ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက် (၂၁-၇-၂၀၂၆)၊ အင်္ဂါနေ့၊ နံနက် ၉ နာရီ မိနစ် ၃၀ အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

# ရေဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှုအနေဖြင့် ဇွန်လ (မိုးဦးကာလ)တွင် တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လအတွင်း (မိုးလယ်ကာလ)တွင်တစ်ကြိမ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း (မိုးနှောင်းနှင့် မိုးလွန်ကာလ) တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ဖြစ်ပေါ်လေ့ရှိပါသည်။ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသများအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ် ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံခြင်းများ ကြိုတင်သတိပြုရှောင်ရှားရန် လိုအပ်ပါသည်။

၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုကြောင့် နေအိမ်အဆောက်အဦပေါင်းများစွာ ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ ဒဏ်ရာရရှိမှုများပြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ၊

(ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင်ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ၊

၄။ ရေကြီးခြင်းသတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။

(ခ) တောင်ပေါ်ဒေသများ၊ ချောင်းများ၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

(ဃ) မိသားစုဝင်များကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်ရပ်ကွက်၊ ကျေးရွာ၊ မြို့ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်းယူဆောင်ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့် (သို့မဟုတ်) ကျိုချက်ထားသောရေ (သို့မဟုတ်) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်၊

(စ) ရေကြီးသောဒေသများတွင် မြစ်၊ ချောင်း၊ ကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်း ကမ်းပါးများအနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်၊

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျ မီးရှို့ခြင်း (သို့မဟုတ်) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ၊

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့ကို ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်သည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် နမီးဘီးယားနိုင်ငံသား တစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဇူလိုင် ၂၁

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် နမီးဘီးယားနိုင်ငံသား တစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နမီးဘီးယားနိုင်ငံသံရုံးမှ Consular Mrs. Pranom Kumpunyo နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၁ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၃၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၁၂ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၁၉ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၀၆ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် နမီးဘီးယားနိုင်ငံသား တစ်ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် ''Mya Thandar'' Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် ရွှေညောင်မြို့ မဟာအောင်မြေရပ်ကွက်နေ မြသန္တာကို ညနေ ၄ နာရီ ၂၅ မိနစ်တွင် ရွှေညောင်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

❖ ပိုက်ကျော်ခြင်းပြိုင်ပွဲမှ

တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒိုင်လူကြီးများ၊ အုပ်ချုပ်သူ၊ နည်းပြများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများကို လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ပွဲဦးထွက်ကျောက်ဆည်အသင်းနှင့် အမရပူရအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်း ပြိုင်ပွဲများတွင် နှစ်ယောက်တွဲ၊ သုံးယောက်တွဲနှင့် လေးယောက်တွဲ ပြိုင်ပွဲဝင် အမျိုးသား ၂၂ သင်း၊ အမျိုးသမီး ၁၂ သင်းတို့ဖြင့် ဇူလိုင် ၂၇ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးကျော်**

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၁

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“သဘာဝဘေးကိုရင်စည်းခံနေရသော ပြည်သူများနှင့် အကြမ်းဖက်ဖျက်ဆီးရေးသမားတွေကြောင့် ကူညီခွင့်မရဘဲ လက်ပိုက်ကြည့်နေရသော ပရဟိတသမားများ”** ခေါင်းစဉ်ဖြင့် ၂၂-၇-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၉-၇-၂၀၂၆ မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက် PDF တို့ရဲ့ ယုတ်မာအောက်တန်းကျတဲ့ စိတ်ဓာတ်”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

◆ အယ်လ်နီညိုမှအဆက်

၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မှုမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြရန် အသိပေးအပ်ပါသည်။ (မိုး/ဇလ)

ဝတ္ထုတိုကဏ္ဍ

# ဘဝကချေသည် ပီပြင်ခဲ့လောကခံ

## ကျွန်းစဉ်မြေစောခက်



(၁)

မကွေးတိုင်းဒေသကြီးရဲ့ မြောက်ဘက်အစွန်ဆုံး ရေစကြိုမြို့နယ် ခွေးမြှုပ်ဆိုတဲ့ရွာကလေးမှာ ခင်ထွေးကို မွေးဖွားခဲ့တယ်။ တောရိပ်တောင်ရိပ် သဘာဝအရိပ်အောက်မှာ လူလားမြောက်ခဲ့ပေလို့ လားမသိ အပျိုအရွယ်ရောက်လာတော့ မပြုမပြင် ပါဘဲလျက် အချိုးအစားကျနနေတာဟာ စုတ်ချက် ကောင်းတဲ့ ပန်းချီလက်ရာလို့တောင်ပြောလောက် ပါရဲ့။ မွေးရွာ ခွေးမြှုပ်အပါအဝင် အနီးအနားက စံထား၊ လေ့ကားတောင်၊ မြောင်ရှည်ကွေ့၊ အရှေ့ မော်ရွာတွေကအစ လာလိုက်ကြတာ ခြေကျင် တစ်မျိုး၊ လှည်းနဲ့တစ်ဖုံ အစုံစုံပါပဲ။ ခင်ထွေးကို ပိုးဖို့ပန်းဖို့၊ မေတ္တာထားဖို့ လာကြသတဲ့လေ။ ခင်ထွေးတို့မိဘမှာ ဆင်းရဲရှာလေတော့ ကိုင်ပြစရာ ထန်းတစ်ပင်တောင် မရှိရှာကြဘူး။ ဒီလို သူဆင်းရဲ လင်မယားက ချောမောလှပတယ်ဆိုတဲ့ သမီး ကလေးကို မွေးဖွားပေးနိုင်တော့လဲ ယောက္ခမ တော်ချင်ကြတဲ့ လူပျိုကာလသားတွေက အများ သားကလား။

ဒီတော့ ဘာပြောကောင်းမလဲ မြင်ပါများတော့ ယဉ်ဆိုတဲ့စကားလို့ ပြောရလေမလားမသိ။ ခင်ထွေး ဟာ သူ့မိဘတို့နဲ့ ဆင်းရဲဖော်ဆင်းရဲဖက် ရွာမြောက် ဘက်က တင်ရနဲ့မေတင့်တို့သား ထွန်းပွားနဲ့ညားသွား ကြသတဲ့လေ။ "တူနှစ်ကိုယ် တဲအိုပျက်မှာနေရ ချစ်တာကြိုက်တာပဓာနမို့ မေတ္တာမျှဖို့လိုပါတယ်" ဆိုတဲ့တေးသွား သူတို့ရင်ဘတ်ထဲမှာ ငြိမ့်ငြိမ့်ကလေး စီးဆင်းနေတော့တယ်။ သူတို့လင်မယား လယ်ကွင်း ထဲပဲ ဆင်းဆင်း၊ ကိုင်းခင်းထဲပဲသွားသွား နှစ်ယောက် တစ်တွဲမခွဲအတူ အငှားလိုက်နေကြတော့လဲ ပျော်သလိုတော့ရှိကြဟန်တူရဲ့။

အိမ်ထောင်သက် ငါးနှစ်တည်းဟူသော ကာလ တစ်လျှောက်မှာ ခင်ထွေးယောကျ်ား သားတစ်ယောက် အဖေ ထွန်းပွားရင်ဘတ်ထဲမှာ ဖောက်ပြန်ခြင်း အနက်ရောင် စွန်းထင်းလာခဲ့သတဲ့။ သားနဲ့မယား အပေါ် သံယောဇဉ်ပိုလာရမဲ့အစား ဖယ်ကြဉ်လာ သလိုမျိုးဖြစ်လာခဲ့တယ်။ ထန်းရည်၊ အရက် ဆိုတာတွေနဲ့ ရောယှက်လာခဲ့တယ်။

"ထွန်းပွားရေ နင့်ကြည့်ရတာ တို့မိသားစုဘဝ တစ်ခုရှင်သန်ဖို့အတွက် နင်နဲ့မပတ်သက်သလိုပဲ ငါ ခံစားရတယ်။ ဒီမှာ ထွန်းပွား ငါ့ ဗိုက်ထဲမှာ နင့်သွေး ဒုတိယကလေးရှိနေပြီဟဲ့"

ကိုယ့်အပေါ်တန်ဖိုးမထားတဲ့လူဆီ မိမိရဲ့ဘဝကို အပ်နှံမိခဲ့လို့ ခင်ထွေးပူလောင်နေရပြီပေါ့။

"ငါဆုံးဖြတ်ထားပြီးပြီ ခင်ထွေး။ မုံရွာဘက် တက်ပြီး ရွှေတောဆိုတာမှာ ငွေသွားရှာမယ်"

လင်မယား မျက်ဝန်းနှစ်စုံ အချိန်အတော်ကြာထိ တွေ့သွားကြတယ်။ အိမ်ထောင်တစ်ခုကို ဦးစီးနိုင်စွမ်း မရှိတဲ့ထွန်းပွားကတော့ ဘဝကိုတန်ဖိုးမထားဘဲ လမ်းမှားကိုလျှောက်ခဲ့လေပြီလို့ ဆိုရပေမလားမသိ။

(၂)

သား မင်းထွန်းကလေး ကျောင်းနေအရွယ် ရောက်လာပြီမို့ ဘုန်းတော်ကြီးကျောင်းမှာပဲ ကျောင်း အိပ်ကျောင်းစား ခင်ထွေး အပ်ထားလိုက်တယ်။ ခင်ထွေးကတော့ ပုံမှန်ဝင်ငွေရတဲ့ ထန်းလျက်ချက်တဲ့ အလုပ်မှာပဲ ဝင်လုပ်နေလိုက်တယ်။ ငယ်ချစ်လင် ကိုရွှေယောကျ်ားထွန်းပွားကတော့ သားတစ်ယောက် နဲ့ ဗိုက်ကြီးသည်ဇနီးမယားကိုထားခဲ့ပြီး ထွက်ခွာ သွားတာ သေသလား ရှင်သလားမသိ။

မင်းထွန်းကလေး လူပျိုပေါက်အရွယ်ရောက်လာ ချိန်မှာတော့ ထန်းတောနဲ့နီးလို့ ထန်းတက်သမား ဖြစ်ခဲ့ပြီပေါ့။ တစ်နေ့မှာ မင်းထွန်း ထန်းပင်ပေါ်က အဆင်း မြူအိုးလေးတွေကို လက်နှစ်ဖက်မှာဆွဲပြီး အမေ့ဆီလှမ်းလာခဲ့လိုက်တယ်။ နေပူကျဲကျဲ သဲပြင် ပူပူထဲ ဖိနပ်ဗလာလှမ်းလာခဲ့တာမို့ ပူလိုက်တာ မီးကျီးခဲကို နင်းမိတဲ့အလား ခုန်ဆွခုန်ဆွ လှမ်းနေ ရရှာတယ်။

"ကိုကြီး လာပြီ ကိုကြီး လာပြီ"

မင်းထွန်းရဲ့ညီလေးဝင်းထွန်း ကစားရင်း အပြေး လာပြီး သူ့အစ်ကိုကြီးကို ဆီးကြိုရှာတယ်။ အစ်ကို ကြီးမင်းထွန်းက သူ့ညီလေးကို ပြုံးပြလိုက်တယ်။ မီးပုံနီရဲရဲကြီးအနီးမှာ မတ်တတ်ရပ်လျက် ဒယ် အတွင်းက ပွက်ပွက်ဆူနေတဲ့ထန်းရည်တွေ မွှေပေး နေတဲ့အမေ့ကို တွေ့လိုက်တဲ့အခါ သားကြီးမင်းထွန်း ဝေဒနာတစ်ခုဖြစ်တည်သွားတယ်။

" အမေ ပင်ပန်းလိုက်တာ "

သားကြီးမင်းထွန်း ရင်ဘတ်ထဲမှာ အသံတိတ် မြည်ဟည်းနေတယ်။ အမေကတော့ သားနှစ်ယောက် ကိုတစ်ချက်သာလှမ်းကြည့်ပြီး ထန်းရည်ကိုမွှေမြဲ မွှေနေတယ်။ သားကြီးမင်းထွန်း မြူအိုးတွေကိုချပြီး အမေ့နားထိုင်လိုက်တယ်။

"အမေရေ သား ဖားကန့်ဘက် လိုက်သွားလိုက် မယ်။ ရွာဟောင်းပိုင်းက ထွန်းလှရယ်၊ အောင်ဘရယ် သွားကြမယ်တဲ့"

အမေခင်ထွေး ထန်းလျက်မွှေတာကို ဖျတ်ခနဲရပ် ပစ်လိုက်ပြီး သားကြီးမင်းထွန်းကို ခပ်စူးစူးကြည့်တယ်။ အချိန်အတော်ကြာ တိတ်ဆိတ်သွားပြီးမှ စကားသံ ထွက်လာတယ်။

"သားရေ ဖားကန့်ဆိုတာ အင်မတန်ကြောက်ဖို့ ကောင်းတယ်တဲ့။ တောင်ပြိုရင်လဲ သေတတ်တယ်။ ရေကျရင်လဲသေတတ်တယ်။ အချင်းချင်းခိုက်ရန်ဖြစ် ပြီးတော့လဲသေတတ်ကြတယ်။ မူးယစ်ဆေးစွဲပြီးလဲ သေတတ်ကြတယ်တဲ့။ သားကို အမေ မသွားစေ ချင်ဘူးကွယ်"

"မဟုတ်ဘူးအမေ မူးယစ်ဆေးစွဲတယ်၊ ခိုက်ရန် ဖြစ်ပွားတယ်ဆိုတာလဲ ကိုယ်နဲ့ပဲဆိုင်တာပါ။ သား ညီလေးကိုလဲ စာသင်ပေးချင်တယ်အမေ။ သားလို စာမတတ်ပေမတတ်ဘဝမျိုး မဖြစ်စေချင်ဘူးအမေ"

ခင်ထွေးယောကျ်ား ထွန်းပွားဟာ သားကြီးငါးနှစ် သားအရွယ်ကတည်းက ထွက်သွားခဲ့တာလေ။ ခုသားကြီးမင်းထွန်း ၁၈ နှစ်ပြည့်နေပြီဆိုတော့ သား တစ်ယောက်နဲ့ဗိုက်တစ်လုံးလွယ် ကိုယ်ဝန်သည် ဇနီးမယားကို ထွန်းပွားထားခဲ့တာ ၁၃ နှစ်လုံးလုံး ရှိခဲ့ပြီပေါ့။ အခုတစ်ခါ သားကြီးက ဖားကန့်ဘက် တက်ပြီး ငွေရှာသွားတော့မယ်ဆိုနေပြန်ပြီ။

(၃)

ခင်ထွေး သားငယ်ဝင်းထွန်းကိုလက်ဆွဲပြီး မြေ လတ်ပိုင်းကို ခရီးနှင်လာခဲ့တာ သီတင်းတစ်ပတ် လောက်အကြာမှာတော့ ပျဉ်းမနားမြို့ကို ရောက် လာခဲ့တယ်။ ပျဉ်းမနားမှာ ဆွေမျိုးလဲ မရှိတော့ တည်းစရာ ခိုစရာနတ္ထိ။ ခင်ထွေး စိတ်ဓာတ်မကျခဲ့ ပါဘူး။ သားလေးကို လက်ဆွဲလျှောက်မြဲလျှောက် တယ်။ မြို့ပြင်လမ်းဆုံလမ်းခွအကြော်တဲနား အရောက်မှာ ခင်ထွေးတို့သားအမိ ရပ်လိုက်ကြတယ်။

"အစ်မရေ ကျွန်မတို့သားအမိ ရေစကြိုနယ်က လာခဲ့ကြတာပါရှင့် "

"ဟုတ်ကဲ့ ပြောပါ ညီမ"

" ဒီလိုပါ ကျွန်မတို့သားအမိ ရေဆင်းရွာကို သွားချင်လို့ပါရှင့်"

"ရေဆင်းရွာကတော့အဝေးကြီးပဲ။ ဒီလိုခြေကျင် လျှောက်သွားလို့ကတော့ လွယ်မှာမဟုတ်ဘူး။ ထမင်း ငတ်ဟင်းငတ် ဒုက္ခရောက်ကုန်လိမ့်မယ်။ အစ်မ ပြောမယ် ဒီကဖြတ်သွားကြတဲ့ကားတွေတော့ရှိတယ်။ အဲဒီကားစီးသွားရင်တော့ အဆင်ပြေပါလိမ့်မယ်"

"အစ်မရေ ကျွန်မတို့သားအမိမှာ စရိတ်တောင် အလုံအလောက်မရှိကြတော့ဘူး"

"အဲဒီလိုဆို ညီမတို့သားအမိအတွက် ကားခကို အစ်မပဲ ခံပေးလိုက်ပါ့မယ်။ ကိုယ်ချင်းစာလို့ပါ ညီမရေနော်"

"နေပါစေအစ်မရယ် အားနာပါတယ်။ ကျွန်မတို့ သားအမိ ဒီလိုပဲ ဖြစ်သလိုသွားလိုက်ပါ့မယ်"

"မဟုတ်ဘူးနော် ညီမဘယ်လိုမှ အဆင်မပြေ နိုင်ဘူး။ အစ်မက ညီမတို့သားအမိကို ကိုယ်ချင်းစာ လို့ပါနော်"

ဒီတစ်ခါတော့ ခင်ထွေးဆီက ဘာသံမှ ထွက်မလာတော့။ ပြောရင်းပဲ ကားတစ်စီးထိုးရပ် လာရာ အကြော်သည်မိန်းမက လှမ်းတားပြီး ခရီးသည်နှစ်ယောက်စာ ရှင်းပေးလိုက်ပါတော့တယ်။ ခင်ထွေးတို့သားအမိနှစ်ယောက်ရဲ့ ပစ္စက္ခစာမျက်နှာ ကိုဖတ်ကြည့်မိချိန်မှာ လူလူချင်းညှာတာစိတ် ကိုယ်ချင်းစာနှလုံးသားဟာ အကြော်သည် မိန်းမရင်ထဲမှာ ရှင်သန်သွားပုံရပေတယ်။

ဘဝပူပူ ဝမ်းမီးတူ မျက်ဝန်းနှစ်စုံဝေဝါး ပျောက်ကွယ်သွားအောင်ထိ စိုက်ကြည့်နေလိုက် ကြတယ်။ ရေဆင်းရွာ ရွာပေါက်ဝအရောက်မှာတော့ ခင်ထွေးတို့သားအမိ ဆင်းကျန်ရစ်ခဲ့ကြပါတော့တယ်။

(၄)

"အစ်မရယ် ကျွန်မယောကျ်ား ကျွန်မတို့ကို ထားခဲ့ပြီး ရွာကထွက်သွားတာ နှစ်ပေါင်းတစ်ဆယ် ကျော်ပြီရှင့်။ ခုတစ်ခါ သားကြီးက ဖားကန့်ဘက် ထွက်သွားတာ ခြောက်နှစ်တောင်ရှိနေပြီ။ စာလဲ မလာ၊ သတင်းလဲမကြားရဘူး။ ကျွန်မ ပင်ပန်းလှ ပါတယ်အစ်မရယ်။ ဒီမှာ သားငယ်က ကျောင်းနေ ရမဲ့အရွယ်တောင်လွန်နေပြီ။ ကျောင်းမနေရသေး ဘူး။ ကျွန်မ အစ်မတို့ဆီမှာပဲ မှီခိုကပ်ရပ်လုပ်စားရင်း သားလေးကို ကျောင်းထားပါရစေရှင်"

ခင်ထွေးအစ်မ ဒေါ်ခင်သောင်း စဉ်းစား သလိုပြုတယ်။

"ဘယ်လိုလုပ်မလဲ ခင်ထွေးရယ်။ ဒီမှာပဲ အစ်မ တို့ လုပ်စားသလိုလုပ်စားပေါ့၊ ကျပန်းပေါ့နော်"

"ရတယ်အစ်မရယ် ကျွန်မဘဝခိုကိုးရာမဲ့လို့ အစ်မတို့ဆီ ကသီလင်တရောက်လာခဲ့တာပါ"

ဒေါ်ခင်သောင်းနဲ့ ဒေါ်ခင်ထွေးတို့မှာ ဖအေတူ၊ မအေတူ ညီအစ်မရင်းတွေ။ ခင်သောင်းအပျိုအရွယ် ရောက်လာတဲ့အခါ ရပ်တကာ၊ ရွာတကာလှည့်ပြီး လက်သမားလုပ်တဲ့ ရေဆင်းရွာသားနဲ့ညားပြီး ရေဆင်းရွာကို သျှောင်နောက်ဆံထုံးပါလိုက်ပါလာခဲ့ သတဲ့လေ။

ရေဆင်းရွာက မန္တလေးတိုင်းဒေသကြီး ပျဉ်းမနားမြို့နယ်ရဲ့ အရှေ့ဘက်အစွန်ဆုံးရွာဖြစ်သလို လွမ်းရောင်သန်းတဲ့ ရှမ်းတောင်တန်းဟာ မြေပြန့် ဆိုတာကို လက်ဆွဲနှုတ်ဆက်နေတဲ့ နေရာဖြစ်တယ်။ ရှမ်းတောင်တန်းကြီးရဲ့ခြေရင်း ရေဆင်းရွာ၊ မအူတော ရွာသားတွေရဲ့ စပါးစိုက်၊ ပဲစိုက် တစ်နံတစ်လျားဟာ ခင်ထွေး ပျိုးနုတ်၊ကောက်စိုက်လိုက်တဲ့နေရာတွေပေါ့။ နှမ်းရာသီအချိန်ကျတော့လဲ ရှမ်းတောင်တန်း ဆင်ခြေလျှော တောင်စွယ်တောင်တန်းတွေဟာ ခင်ထွေး နှမ်းစိုက်၊ နှမ်းရိတ်၊ နှမ်းခါ လုပ်ရရှာတဲ့ လုပ်ကွက်တွေပေါ့။ အခြေအနေပေးရင် ရေဆင်းရွာ ထဲက စပါးကြိတ်စက်၊ ဆန်ဖွပ်စက်ဆိုတာတွေမှာ ဆန်ပြာ၊ စပါးလုံးရွေးအလုပ်တွေလုပ်ရင်း နေ့စား အလုပ်သမဆိုတာလဲ လုပ်ဖြစ်တယ်။

လင်စံရွေး လင်ခွေးနဲ့ညားခဲ့တဲ့အဖြစ်မို့ တစ်ခါ တစ်ခါတွေးမိရင် ခင်ထွေး ရင်ထုမနာဖြစ်ရတယ်။ သားကြီးမင်းထွန်းကိုတော့ ရှင်လျက်ပဲ ပြန်တွေ့ ပါရစေလို့ ကုသိုလ်စိတ်ကို ထိပ်ပေါ်တင်ပြီး ဆုတောင်းနေရပါတော့တယ်။ ခင်ထွေးဘဝ လင်ဆိုး မယားတဖားဖား သားဆိုးအမေ တပေပေဆိုတာများ ဖြစ်နေလေရော့သလား။

ဆက်လက်ဖော်ပြပါမည်။

# စိုးရိမ်စိတ်လွန်ကဲခြင်း (Anxiety)

ဒေါက်တာလွင်သန့်

စိုးရိမ်စိတ်လွန်ကဲခြင်း (Anxiety)ကြောင့် နေ့စဉ်လူနေမှုဘဝကို ထိခိုက်လာစေသည့် စိုးရိမ်စိတ်လွန်ကဲခြင်း လက္ခဏာများရှိသည်။ ၎င်းတို့မှာ-

(၁) နှလုံးခုန်မြန်ခြင်း၊
(၂) ချွေးအလွန်အကျွံထွက်ခြင်း၊
(၃) ကိုယ်လက်တုန်ရီခြင်း၊
(၄) မောပန်းနွမ်းနယ်ခြင်း၊
(၅) အသက်ရှူမဝခြင်း၊
(၆) အိပ်မပျော်ခြင်း သို့မဟုတ် အိပ်စက်မှုပုံစံပြောင်းလဲခြင်း၊
(၇) ဗိုက်အောင့်၊ ဗိုက်နာခြင်း သို့မဟုတ် အော့အန်ခြင်း၊
(၈) အမြဲတမ်းပူပန်နေပြီး မည်သို့လုပ်ရမှန်း မသိခြင်းတို့ဖြစ်သည်။

**စိုးရိမ်စိတ်လွန်ကဲစေသောအကြောင်းရင်းများ**

(၁) စိတ်ဖိစီးမှုများသော ဘဝအခြေအနေများ (အလုပ်)မိသားစု၊
(၂) ကိုယ်ပိုင်စရိုက်အရ အမြဲတမ်းစိုးရိမ်တတ်သူများ၊ မျိုးရိုးဗီဇ၊ ကျန်းမာရေးပြဿနာအခံရှိသူများတွင် အဓိကတွေ့ရတတ်သည်။

စိုးရိမ်စိတ်သက်သာစေရန် အသက်ရှူလေ့ကျင့်ခန်းလုပ်သင့်သည်။ စိုးရိမ်စိတ်ဝင်လာပါက ဖြည်းညှင်းစွာ အသက်ရှူသွင်းရှူထုတ်ခြင်းက နှလုံးခုန်နှုန်းကို ပြန်လည်ထိန်းညှိပေးနိုင်သည်။

နေ့စဉ်နာရီဝက်မှတစ်နာရီအကြာ အပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးခြင်းတို့ပြုလုပ်သင့်သည်။ ယောဂကျင့်ခြင်း သို့မဟုတ် ကိုယ်လက်လှုပ်ရှားမှုလုပ်ခြင်းက စိတ်ဖိစီးမှုကို လျှော့ချနိုင်သည်။

တစ်နေ့လျှင် ခုနစ်နာရီမှ ရှစ်နာရီခန့်အိပ်စက်ခြင်းက စိတ်ကိုတည်ငြိမ်စေသည်။ ကော်ဖီ၊ လက်ဖက်ရည်နှင့် စွမ်းအားဖြည့်အချိုရည်များသောက်သုံးမှုကို လျှော့ချသင့်သည်။

စိုးရိမ်စိတ်များပြားပြီး နေ့စဉ်ဘဝကိုထိခိုက်လာပါက စိတ်ကျန်းမာရေးဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးသင့်သည်။

စိုးရိမ်စိတ်လွန်ကဲမှုသည် အသက်ရှူကျပ်ခြင်း၊ ရင်ဘတ်အောင့်ခြင်းတို့နှင့် တွဲ၍ဖြစ်ပါကအရေးပေါ်ဆေးကုသမှုခံယူသင့်သည်။ စိုးရိမ်စိတ်သည် စိတ်တင်းကျပ်မှု၊ စိုးရိမ်ကြောင့်ကြမှုများ၊ ပူပင်သောကများ၊ ရုပ်ပိုင်းဆိုင်ရာလက္ခဏာများ ရောယှက်ဖြစ်ပေါ်ခံစားရသော စိတ်ခံစားချက်ဖြစ်သည်။ လူသားတိုင်းသည် တွေးတောပူပင်စိုးရိမ်စိတ် အနည်းအများ ဖြစ်ပေါ်ခံစားရတတ်သည်။ စိုးရိမ်စိတ်သည် လူ့ဘဝအတွက် အောင်မြင်မှုများရရှိရန် အတားအဆီးတစ်ခုဟုဆိုနိုင်သည်။

စိတ်ပိုင်းဆိုင်ရာအခြေအနေ၊ ရုပ်ပိုင်းဆိုင်ရာအခြေအနေ၊ အချို့သောဆေးဝါးများ၊ ဘဝတွင် ရင်ဆိုင်ရတတ်သည့် စိတ်ဖိစီးဖွယ်ရာဖြစ်ရပ်များ၊ နေ့စဉ်လူနေမှုဘဝတွင် ကြုံတွေ့ရတတ်သော အမျိုးမျိုးသောအကြောင်းကိစ္စများ စသည်ဖြင့် စိုးရိမ်စိတ်လွန်ကဲခြင်းကို ခံစားရတတ်သည်။

**❖ စိုးရိမ်စိတ်လွန်ကဲမှုသည် အသက်ရှူကျပ်ခြင်း၊ ရင်ဘတ်အောင့်ခြင်းတို့နှင့် တွဲ၍ဖြစ်ပါက အရေးပေါ်ဆေးကုသမှုခံယူသင့်သည်။ စိုးရိမ်စိတ်သည် စိတ်တင်းကျပ်မှု၊ စိုးရိမ်ကြောင့်ကြမှုများ၊ ပူပင်သောကများ၊ ရုပ်ပိုင်းဆိုင်ရာလက္ခဏာများ ရောယှက်ဖြစ်ပေါ်ခံစားရသော စိတ်ခံစားချက်ဖြစ်သည်။ လူသားတိုင်းသည် တွေးတောပူပင်စိုးရိမ်စိတ်အနည်းအများ ဖြစ်ပေါ်ခံစားရတတ်သည်။ စိုးရိမ်စိတ်သည်လူ့ဘဝအတွက် အောင်မြင်မှုများရရှိရန် အတားအဆီးတစ်ခုဟုဆိုနိုင်သည်။ ❖**

စိုးရိမ်စိတ်သည် မကောင်းသောစိတ်ခံစားချက်ဖြစ်သည်ဟူ၍လည်း အမြဲတမ်းမဆိုနိုင်ပါ။ စိုးရိမ်စိတ်သည် အခြေအနေတစ်ခုခု၊ ပြဿနာတစ်ခုခု၊ အန္တရာယ်ဖြစ်နိုင်ခြေ စသည့်တို့ကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် အချက်ပြမှုတစ်ခုဟုဆိုနိုင်သည်။ အန္တရာယ် ဖြစ်လာနိုင်ခြေတစ်ခုခုနှင့်စပ်လျဉ်းပြီး လိုက်လျောညီထွေတုံ့ပြန်မှုဟုလည်း မှတ်ယူနိုင်သည်။ သို့သော်လည်း စိုးရိမ်စိတ်လွန်ကဲလာပြီး မိမိ၏လုပ်ဆောင်နိုင်စွမ်းအပေါ် ထိခိုက်လာခြင်း၊ စိုးရိမ်စိတ်ကို အမြဲလိုလိုသိသာစွာ ခံစားရခြင်း၊ စိုးရိမ်စိတ်လွန်ကဲလာခြင်းကို ထိန်းချုပ်နိုင်ခြင်းမရှိသဖြင့် နေ့စဉ်လူနေမှုဘဝကို ထိခိုက်လာနိုင်သည်။ ထို့ကြောင့် စိုးရိမ်စိတ်လွန်ကဲခြင်း ရှိလာသည်ဆိုပါက သတိပြုရမည်ဖြစ်သည်။

ဦးနှောက်တွင်းရှိ ဆီရိုတိုနင်၊ ဂမ်မာအမိုင်နိုဗျူတိုင်ရစ်အက်စစ် စသည့်ဓာတ်များ မညီမျှခြင်းသည် စိုးရိမ်စိတ်လွန်ကဲခြင်းနှင့် ဆက်နွယ်မှုရှိသည်။

မျိုးဗီဇလွှမ်းမိုးမှု၊ မိဘအုပ်ထိန်းသူ၏အုပ်ချုပ်မှုပုံစံတို့သည် စိုးရိမ်စိတ်လွန်ကဲခြင်း အခြေအနေများ ဖြစ်စေတတ်သည်။

ကလေးဘဝအတွင်းပစ်ပယ်ခံရမှု၊ ညှဉ်းပန်းနှိပ်စက်ခံရမှု၊ အိမ်တွင်းအကြမ်းဖက်မှုစသည့်ဖြစ်စဉ်များ ကြုံတွေ့ဖူးပါက နောက်ဆက်တွဲအနေဖြင့် စိုးရိမ်စိတ်လက္ခဏာများ ဖြစ်ပေါ်ခံစားရခြင်း၊ စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှုခံစားလာရခြင်း၊ စိတ်ပိုင်းဆိုင်ရာရောဂါဝေဒနာများ ဖြစ်ပေါ်လာနိုင်ခြင်း စသည့်အကျိုးဆက်များ ဖြစ်ပေါ်လာတတ်သည်။

လုပ်ငန်းခွင်၊ ပညာရေး၊ စီးပွားရေး စသည်ဖြင့် နေ့စဉ်လူနေမှုဘဝတွင် တွေ့ကြုံရသောအခြေအနေများ စိတ်ဖိစီးမှုများကြောင့်လည်း စိုးရိမ်စိတ်များ ဖြစ်ပေါ်လာနိုင်သည်။

**စိုးရိမ်စိတ်လွန်ကဲသည့်ရောဂါများ**

စိတ်ဖိစီးမှု ပြင်းထန်သော အခြေအနေ၊ စိတ်ဖိစီးမှုတို့နှင့်ဆက်နွယ်ပြီး ဖြစ်ပေါ်လာသော စိတ်ပိုင်းဆိုင်ရာရောဂါရှိသူများတွင် စိုးရိမ်စိတ်လွန်ကဲခြင်း လက္ခဏာများတွေ့ရတတ်သည်။

နှလုံးရောဂါ၊ သိုင်းရွိုက်ဟော်မုန်းလွန်ကဲရောဂါ၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဆီးချိုရောဂါ၊ ဦးနှောက်အာရုံကြောဆိုင်ရာရောဂါအပါအဝင် အခြားရုပ်ပိုင်းဆိုင်ရာရောဂါအများအပြားတွင် စိုးရိမ်စိတ်၏လက္ခဏာများတွေ့ရတတ်သည်။

**ကုသမှုဆိုင်ရာဆေးဝါးများ**

ကဖိန်းဓာတ်ပါသောဆေးဝါးများ၊ စတီးရွိုက်ပါသောဆေးများ၊ သိုင်းရွိုက်ဟော်မုန်းလွန်ကဲရောဂါကုဆေးများ၊ ရင်ကျပ်ရောဂါကုသသည့် အချို့ဆေးဝါးများတွင် နောက်ဆက်တွဲဆိုးကျိုးများအဖြစ် စိုးရိမ်စိတ်လက္ခဏာများ ဖြစ်ပေါ်တတ်သည်။

အရက်စွဲပြီးနောက် ရုတ်တရက်အရက်ဖြတ်ခြင်း၊ စိတ်ကြွဆေးများအသုံးပြုခြင်း၊ ဘိန်းနှင့် ဘိန်းအနွယ်ဝင်ဆေးများဖြတ်ခြင်း စသည့်အခြေအနေများတွင် စိုးရိမ်စိတ်မြင့်တတ်သည့် လက္ခဏာများဖြစ်လာသည်။

စိုးရိမ်စိတ်လွန်ကဲလျှင် စိတ်သက်တောင့်သက်သာမရှိခြင်း၊ မလိုလားသော သို့မဟုတ် မကောင်းသောအရာတစ်ခုခုဖြစ်မည်ကို စိုးရိမ်ခြင်း၊ စိတ်တင်းကျပ်နေသကဲ့သို့ခံစားရခြင်း၊ စိုးရိမ်ထိတ်လန့်လွယ်ခြင်း၊ စဉ်းစားခြင်း၊ အာရုံစိုက်ရသည့်အလုပ်များလုပ်ရန်ခက်ခဲခြင်း၊ စိတ်တိုခြင်း၊ စိတ်ဂနာမငြိမ်ဖြစ်ခြင်း၊ အိပ်မပျော်ခြင်း၊ မကြာခဏနိုးတတ်ခြင်း၊ ပင်ပန်းနွမ်းနယ်သကဲ့သို့ ခံစားရခြင်းတို့ ကြုံတွေ့ရနိုင်သည်။

ထို့ပြင် မူးဝေသကဲ့သို့ခံစားရခြင်း၊ ရင်တုန်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူနှုန်းမြန်ခြင်း၊ ချွေးပြန်ခြင်း၊ ကတုန်ကယင်ဖြစ်ခြင်းဖြစ်ခြင်း၊ ပျို့အန်တတ်ခြင်း၊ မကြာခဏဆီးသွားခြင်း၊ ခြေလက်ထုံကျဉ်သကဲ့သို့ခံစားရခြင်း၊ ကိုယ်လက်ညောင်းညာ နာကျင်ကိုက်ခဲတတ်ခြင်းတို့လည်း ခံစားရနိုင်သည်။

စိုးရိမ်စိတ်လွန်ကဲသော ရောဂါဝေဒနာခံစားရသူ၏ အခြေခံအကြောင်းရင်းတို့အပေါ်မူတည်ပြီး စိုးရိမ်စိတ်လွန်ကဲခြင်းလက္ခဏာများ ခံစားရပုံအနေအထား ကွာခြားနိုင်သည်။

တစ်ခါတစ်ရံတွင် စိုးရိမ်စိတ်လက္ခဏာများခံစားရခြင်းသည် ရုပ်ပိုင်းဆိုင်ရာရောဂါတစ်ခုခု၏ အစပျိုးလက္ခဏာဖြစ်နိုင်ခြေ ရှိသည်ဆိုသည့်အချက်ကို သတိပြုရန်လိုအပ်ပါသည်။ ထို့ကြောင့် စိုးရိမ်စိတ်လွန်ကဲခြင်းဖြစ်လျှင် မိမိကျန်းမာရေးအတွက် ဆိုးကျိုးများဖြစ်စေသဖြင့် သတိပြုနေထိုင်ကြပါရန် ရေးသားလိုက်ရပါသည်။

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၀၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မုံရွာ ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၀၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၅၅၁၄ ဧက စိုက်ပျိုးရန်အတွက်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၀၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ ဟင်းသီးဟင်းရွက် ၁၅၅၁၄ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၄၀၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာထုပ် စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့နည်းပညာတွေ ပေးနေပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယခုနှစ် မုံရွာခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ဧက ၃၈၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ဧက ၃၈၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါသီးနှံ ၁၂၈၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာယနေ့ထိ ဧက ၃၈၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဝါဧက ၁၂၀၀၀ကျော်စိုက်ပျိုးဖို့လျာထားခဲ့ပါတယ်။ ဒီနေ့မှာ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဝါသီးနှံများ စိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမျိုးသန့်တွေ တောင်သူများလွယ်ကူစွာ စိုက်ပျိုးရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဝါကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# ပြည်မြို့နယ် ရွှေမြောင်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပြည် ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဇီးအုပ်ကျေးရွာအုပ်စု ရွှေမြောင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF)ဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အကောင်ထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရွှေမြောင်ကျေးရွာ၌ ငါးမွေးမြူရေးလုပ်ငန်း၊ ကျွဲမွေးမြူရေးလုပ်ငန်း၊ နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည်စုံမှု ရှိ၊ မရှိ အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များကို လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် ရွှေမြောင်ကျေးရွာ၌ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အစုအဖွဲ့နှစ်ဖွဲ့ကို ငွေကျပ်သိန်း ၁၅၀၊ ကျွဲမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အစုအဖွဲ့တစ်ဖွဲ့ကို ငွေကျပ် ၇၅ သိန်း၊ နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ အစုအဖွဲ့တစ်ဖွဲ့ကိုငွေကျပ် ၇၅ သိန်း၊ စုစုပေါင်း အစုအဖွဲ့လေးဖွဲ့ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေး ပေးထားကြောင်း သိရသည်။ **ကိုညို**






ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀

ကုန်ဆုံးသွားသောစွမ်းအားများ
DAGON MALTA FRESH နဲ့ ပြည့်စွမ်းထား







ပင်ရင်းအရောင်း– ဖုန်း – ၀၁ ၆၅၁၀၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် – မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မိုင်လေးဆယ်အခြေခံပညာမူလတန်းကျောင်း၊ Grade–5 တွင် ပညာသင်ကြားနေသော မအေးစင်ငယ်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဝင်းမင်းသန်း** ဖြစ်ပါကြောင်း။**ဦးဝင်းမင်းသန်း(၉/အမရ(နိုင်)၁၀၉၉၁၅)**

## အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အထကခွဲ (၈)၊ Grade–6 တွင် ပညာသင်ကြားနေသော (ဘ) ဦးနန်းဦး၏သား မောင်နိုင်းဝေဦး၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်နိုင်းဇေဦး** ဖြစ်ပါကြောင်း။ **မောင်နိုင်းဇေဦး**

## ဖခင်အမည်မှန်

တံတားဦးမြို့နယ်၊ တောင်ဘီလူအခြေခံပညာအထက်တန်းကျောင်း၊ ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မသင်းသင်းလှိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးကျော်သူအောင်** ဖြစ်ပါကြောင်း။
**ဦးကျော်သူအောင်(၉/တတဥ(နိုင်)၁၂၆၂၅၃)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက (၁)၊ Grade–12 (ကုံကော်)ခန်းတွင် ပညာသင်ကြားနေသော မောင်ဇော်ပိုင်ထွန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဆန်းဗိုလ်** ဖြစ်ပါကြောင်း။
**ဦးဆန်းဗိုလ်(၅/ခဥန(နိုင်)၀၈၂၁၂၂)**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမြို့နေ မမေလင် (ဘ) ဦးလောဆိုက်(၁၃/သနန(နိုင်)၀၆၃၁၈၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–670016658**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်၊ အမှတ်(၂၀၄)၊ ၅၈–၁၁၂ လမ်းထောင့်နေ ဘိုသိန်း (ခ) သိန်းဖေမြင့် (ဘ) ဦးဘိုတာ(၈/ရနခ(နိုင်)၀၃၀၃၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC–493341)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–444010426**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade–12(စံပယ်)ခန်းတွင် ပညာသင်ကြားနေသော မနန်းမြင့်မြတ်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ**ဦးမောင်မောင်နိုင်**ဖြစ်ပါကြောင်း။ **ဦးမောင်မောင်နိုင်(၉/ကဆန(နိုင်)၀၅၆၀၈၆)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၄၁၄)၊ နဂါးရပ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်နေ ဒေါ်နန်းမိုခေါင်(ဝ်) (ဘ) ဦးစိုင်းစံဝင်း(၁၃/မမတ(နိုင်)၀၃၄၁၁၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ–729632)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–5233565**

## မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ




“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇–၈၁၀၃၃၄၇၊
၀၆၇–၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ဥပဒေကဲ့သို့အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၃/၂၀၂၆**
၁၃၈၈ ခုနှစ် ဒုတိယဝါဆိုလဆန်း ၇ ရက်
(၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၁ ရက်)
**ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် ဆက်လက်အတည်ဖြစ်ကြောင်း ကြေညာခြင်း**

၁။ နိုင်ငံတော်သမ္မတရုံးက ၁၃၈၈ ခုနှစ် ကဆုန်လဆန်း ၈ ရက် ၂၀၂၆ ခုနှစ် ဧပြီလ ၂၃ ရက်တွင် အရေးပေါ်အခြေအနေကြေညာသည့် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၁/၂၀၂၆ ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ အဆိုပါထုတ်ပြန်ကြေညာချက်တွင် ဖော်ပြပါရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့နယ်များအနက် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် စာမျက်နှာ ၂၃ ကော်လံ ၄ ☆

## စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ် ၄/၂၀၂၆**
၁၃၈၈ ခုနှစ် ဒုတိယဝါဆိုလဆန်း ၇ ရက်
(၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၁ ရက်)
**စစ်အုပ်ချုပ်ရေးအမိန့် ဆက်လက်ထုတ်ပြန်ခြင်း**

၁။ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်(၃/၂၀၂၆)ဖြင့် အရေးပေါ်အခြေအနေဆက်လက်တည်ရှိကြောင်း ကြေညာထားသည့် မြို့နယ်များတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၃ ပုဒ်မခွဲ(ခ) အရ စစ်အုပ်ချုပ်ရေးအမိန့်ဆက်လက်ထုတ်ပြန်၍ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အပ်နှင်းလိုက်သည်။ စာမျက်နှာ ၂၃ ကော်လံ ၄ ■

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (NCA-S EAOs)တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ**

စာမျက်နှာ - ၁၆

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံ စက်ရုံခွဲ(ရန်ကုန်)လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံ စက်ရုံခွဲ(ရန်ကုန်) လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် အဖွဲ့ဝင်များသည် စက်ရုံသို့ရောက်ရှိရာ စက်ရုံဌာနချုပ်ရုံးအစည်းအဝေးခန်းမတွင် တာဝန်ရှိသူများက စက်ရုံသမိုင်းအကျဉ်း၊ ဌာနခွဲများအလိုက် လုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ စာမျက်နှာ ၁၇ ကော်လံ ၁ ●



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံ စက်ရုံခွဲ(ရန်ကုန်)၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

## ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား၊အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



မန္တလေး ဇူလိုင် ၂၁

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၃ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူး အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ စာမျက်နှာ ၂၇ ကော်လံ ၁ ❖

**နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနား ကျင်းပ**

စာမျက်နှာ - ၂၄

## ဩဂုတ်လအတွင်း အားကောင်းသော အယ်လ်နီညို ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် တည်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သချာပုံစံပြမော်ဒယ်လ်ခန့်မှန်းချက်များအရ စာမျက်နှာ ၂၇ ကော်လံ ၄ ◆